The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL .17, NO . 12 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 20 , 2017

# မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှုအကြောင်း တစေ့တစောင်း



မြန်မာနိုင်ငံရဲ့ ဒေသထွက်ကုန်ဖြစ်တဲ့ ကွမ်းသီးဟာ အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတဲ့ ကုန်ပစ္စည်းအမယ်များအနက် တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ကွမ်းသီးကို မြန်မာနိုင်ငံရဲ့နေရာဒေသ အနှံ့အပြားမှာ စိုက်ပျိုးကြပါတယ်။ ဒေသပေါင်းစုံက စိုက်ပျိုးထွက်ရှိတဲ့ ကွမ်းသီးကို ကုန်သည်တွေက ဝယ်ယူပြီး အိန္ဒိယနိုင်ငံကို ချင်းပြည်နယ်မှာရှိတဲ့ ရိဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့တာဖြစ်ပါတယ်။

မြန်မာ့ကွမ်းသီးတင်ပို့မှုဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့လာတာကြောင့် ကုန်သွယ်ရေးဦးစီးဌာနဟာ ချင်းပြည်နယ်တီးတိန် မြို့မှ ၃၃ မိုင်အကွာမှာရှိတဲ့ ဟိုင်မွှာလ်ကျေးရွာမှာ ရိဒ်ခေါဒါရ်ကုန်သွယ်ရေးစခန်းကိုဖွင့်လှစ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

စာမျက်နှာ - ၁၂ ➢

မတ်ပဲ၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲ(ထိုင်ဝမ်) အဝယ်များလာ၍ ဈေးနှုန်း မြင့်တက်

စာမျက်နှာ - ၅ ➢

ဆန်၊ပဲ၊ပြောင်းနှင့် ဂျုံသီးနှံ အခြေခံတန်ဖိုးမြင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းကို ပုသိမ်မြို့တွင် ဖွင့်လှစ်မည်

စာမျက်နှာ - ၁၇ ➢

အစားအသောက် အမယ် တစ်ထောင်ကျော်အား FDA တွင် ထောက်ခံချက် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြု

စာမျက်နှာ - ၂၆ ➢




# မရှိမဖြစ် တန်ဖိုးနှင့် အတွေးတစ်စ

၂၀၁၆ခုနှစ် ဇွန်လအတွင်းက တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တော်ကို KOTRA( Korea Trade-Investment PromotionAgency) မှ ဖွင့်လှစ်သည့် သင်တန်းတက်ရောက်ခဲ့ရသဖြင့် ရောက်ခဲ့ခြင်းပင်ဖြစ်သည်။ သင်တန်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာသင်ယူခဲ့ရပါသည်။

သင်တန်းတက်ရောက်နေစဉ်အတွင်း ကိုရီးယားလူမျိုးများထံမှ သင်ယူစရာ အများအပြားကို တွေ့နေ မြင်နေရပါသည်။ ကြိုးစားအားထုတ်မှုတွင် ဂျပန်လူမျိုးများကဲ့သို့ပင် ကိုရီးယားလူမျိုးများထံမှလည်း လေ့လာသင်ယူစရာ အများအပြား ရှိနေသည်ကို တွေ့ရပါသည်။ ကိုရီးယားသည် ဂျပန်နိုင်ငံလက်အောက်သို့ ကျွန်အဖြစ် နှစ်ပေါင်းများစွာ ကျရောက်ခဲ့ပြီး လိင်လုပ်သားအထိ အဖိနှိပ်ခံရမှု အများအပြားကို ကြုံတွေ့ခဲ့ရခြင်း၊

စာမျက်နှာ - ၂၁ ➢

# ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးမူဝါဒနှင့် စင်ကာပူစီးပွားရေးအခြေအနေ

စင်ကာပူနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်း (Global financial crisis) မှသည် ယနေ့အချိန်ထိ ဆိုးရွားသော စီးပွားရေးစွမ်းဆောင်ရည် ကျဆင်းမှုနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် စင်ကာပူနိုင်ငံသည် မသေချာမှုအမျိုးမျိုး၏ ရိုက်ခတ်မှုဒဏ်ကို ရင်ဆိုင်ဖြေရှင်းရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ အထူးသဖြင့် ကိုယ်ကျိုးစီးပွားကာကွယ် သည့် ကုန်သွယ်ရေးမူဝါဒ (Protectionism) ကိုပိုမိုကျင့်သုံးနေခြင်းက ပို့ကုန်တင်ပို့မှုကို မှီခိုအားထားနေရသောနိုင်ငံ

စာမျက်နှာ - ၃၀ ➢



FORTUNE
GLOBAL
500
2016

World's No.1

Midea




**Distributed by VSK International Co., Ltd, a member of Good Brothers' Group.**

**Yangon Office :**
No. (47/49), Phone Gyee Road (Middle Block), Lanmadaw Tsp., Yangon, Myanmar.
Ph : +951 2303013, 2303014, 2315136, 2314009, 2314085
E-mail : vskygnmarketing1@gmail.com

**Mandalay Office :**
No. (A-8G), 77th St, Between 31st St and 32nd St,
Chan Aye Thar San Tsp, Mandalay.
Ph : 02 30791, 30792, 30793, 30794, 09 457185967
E-mail : vskmdyelectronic@gmail.com

SDC
**SALES DIRECT CO.,LTD.**

**PREMIUM WORLDWIDE CO., LTD.**


- Logistics & Supply Chain
- Shipping Agency & Customs Valuation
- Cold Storage, Dry Storage & General Warehousing
- Consumables (F & B)
- FDA import permit
- Government licensing submission
- Occupational Health & Safety

*HQ & Distribution Hub*

209~238, Kanaung Minthar Gyi Street, Industrial Zone(2), Hlaing Thar Yar Township, Yangon, Myanmar.
+95 9 42 009 7564, +95 9 42 112 5584
fmcgmyanmar@gmail.com
www.premiumimports.co

*Mandalay Office*

No.(C-1), Corner of 71 St & 35 St, Yan Myo Lon Ward, Mahar Aung Myay Township, Mandalay, Myanmar.
+95 9 97 221 1288, +95 9 78 724 0169
fmcgmyanmar@gmail.com
www.premiumimports.co



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ စိတ်ဝင်စားသူကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြား



ကျောက်ဖြူ အထူးစီးပွားရေးဇုန်လုပ်ငန်းများနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊ စိတ်ဝင်စားသူ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို မတ် ၁၄ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံမှုအချိုး၊ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ် တွက်ချက်ခြင်းတို့အပေါ် တက်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကျောက်ဖြူဒေသ၏ တည်နေရာ အနေအထား အားသာချက်၊ ရေရှည် အကျိုးအမြတ် ရရှိနိုင်မည့် အခြေအနေ၊ ဒေသနေပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုဆန်းစစ်ချက်အရ နိုင်ငံတော်အတွက်ရရှိမည့် အကျိုးစီးပွား၊ ဒေသနေ ပြည်သူလူထုအတွက် ရရှိမည့် ကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးတို့အတွက် ထည့်သွင်းစဉ်းစားပြီး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ နည်းဥပဒေများနှင့်အညီ ဝိုင်းဝန်းပေါင်းစပ်ဆွေးနွေးကြရန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များက ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုတို့အား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများအား ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

## ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအတွက် ကားလမ်းတည်ဆောက်ရေးဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးအတွက် ကားလမ်းတည်ဆောက်ရေးနှင့်ပတ်သက်၍ JICA မှ ကျွမ်းကျင်သူများ၏ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၁၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကမ်းနားလမ်းရှိ ကုန်သွယ်ရေးဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး၌ကျင်းပပြုလုပ်ရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ အထူးစီးပွားရေးဇုန်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စများအားဆောင်ရွက်နိုင်ရန် ဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့အပြင် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်များအလိုက် စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းတာဝန်ပေးပြီးဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုလည်း

စာမျက်နှာ ၁၂ သို့

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးဖြစ်သူ H.E. Mr. Scot Marciel ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မတ် ၁၇ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းကောင်း များစွာရှိသကဲ့သို့ စိန်ခေါ်မှုများလည်းရှိနေရာ လျင်မြန်ထိရောက်သော ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်ရန်အတွက် အမေရိကန်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပို့ကုန်မြှင့်တင်ရေးအတွက် လယ်ယာကဏ္ဍနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဆိုပါကဏ္ဍများ၌ အမေရိကန်နိုင်ငံမှ ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြန်မာလယ်သမားများအတွက် နည်းပညာနှင့် ကျင့်သုံးဆောင်ရွက်မှု နည်းစနစ်ကောင်းများ ရရှိနိုင်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် တိုးတက်ကောင်းမွန်ရေး၊ အခွန်အခနှင့် လိုင်စင်ထုတ်ပေးမှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်မှုများ ပြုလုပ်ပေးခြင်းဖြင့် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးလျက်ရှိရာ အမေရိကန်ကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပါကြောင်းနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၀၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# တရုတ်နိုင်ငံမှ ယှဉ်ပြိုင်မှုမြင့်တက်လာခြင်းကြောင့် ၂၀၁၇ခုနှစ်တွင် အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြည်ပသို့ဆန်တင်ပို့မှုကျဆင်းနိုင်

ကမ္ဘာတွင် ဆန်အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံများတွင် ပါဝင်သည့် အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် လက်ရှိတွင် ပြည်ပမှ ဆန်ဝယ်လိုအား ကျဆင်းလာခြင်းနှင့် တရုတ်နိုင်ငံမှ ယှဉ်ပြိုင်မှုမြင့်တက်လာခြင်းတို့ကြောင့် ပြည်ပသို့ဆန်တင်ပို့ရောင်းချရာတွင် ယခင်ကခန့်မှန်းထားသည့် ပမာဏထက် လျော့နည်းကျဆင်းသွားနိုင်ကြောင်း အမေရိကန်ပြည်ထောင်စုစိုက်ပျိုးရေးဌာန (USDA) က ထုတ်ပြန်သည့် မတ်လ အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရှိရသည်။

အနောက်အာဖရိကနိုင်ငံများသို့ ဆန်တင်ပို့ရောင်းချရာတွင် ယှဉ်ပြိုင်မှုမြင့်မားလာခြင်းနှင့် ဆန်ရောင်းချရမှု ကျဆင်းလာခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ယခုနှစ်အတွက် ပြည်ပသို့ ဆန်တင်ပို့မှုပမာဏသည် တန်ချိန် ၁၀ သန်းသာရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါပမာဏသည် ၂၀၁၇အတွက် ထိုင်းနိုင်ငံမှ မျှော်မှန်းထားသည့် ပြည်ပသို့ဆန်တင်ပို့မှုပမာဏနှင့် တူညီလာနိုင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

အရှေ့အာရှနှင့် အနောက်အာဖရိကနိုင်ငံများတွင် မြင့်တက်လာသည့် ဆန်ရောင်းချရမှုကို ရည်ညွှန်းကာ ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်ပသို့ ဆန်တင်ပို့မှုပမာဏကို ယခင်ခန့်မှန်းထားသည့် ဆန်တန်ချိန် ၂၂၅၀၀၀ မှ ဆန်တန်ချိန် ၅၀၀၀၀၀ အထိ ရှိလာမည်ဟုခန့်မှန်းထားကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါအစီရင်ခံစာတွင် ဗီယက်နမ်နိုင်ငံ၏ ယခုနှစ်အတွင်း ဆန်ပြည်ပတင်ပို့နိုင်မှုမှာလည်း အရှေ့တောင်အာရှနှင့် အာဖရိကနိုင်ငံများသို့ဆန်ရောင်းချမှုလျော့နည်းလာသဖြင့် ယခင်ခန့်မှန်းထားသည့် ပမာဏမှ ၃ ဒသမ ၆ ရာခိုင်နှုန်းလျော့ချပြီး ဆန်တန်ချိန် ၅ ဒသမ ၆ သန်းသာ တင်ပို့နိုင်မည်ဟု အဆိုပါအစီရင်ခံစာတွင် ခန့်မှန်းထားသည်။

၂၀၁၆ ခုနှစ်က အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ဆန်အများဆုံး တင်ပို့ရောင်းချသည့်နိုင်ငံဖြစ်ပြီး ထိုင်းနိုင်ငံသည် ကမ္ဘာတွင် ဒုတိယမြောက် ဆန်အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်ခဲ့သည်။ USDA၏ ၂၀၁၇ ခုနှစ် မတ်လ အစီရင်ခံစာအရမူ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ၂၀၁၇ ခုနှစ်တွင် ဆန်အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံအဖြစ် ရပ်တည်ကာ ဗီယက်နမ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့က ၎င်းတို့နောက်တွင် ရပ်တည်နေမည်ဖြစ်သည်။

ယခုလအတွင်း ထုတ်ပြန်ခဲ့သည့် ဗီယက်နမ်အကောက်ခွန်ဌာန၏ စာရင်းများအရ ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ် ပထမနှစ်လအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၃၁၄ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၇၃၈၀၀၀ တန်တင်ပို့ရောင်းချခဲ့ပြီး အဆိုပါပမာဏသည် ယခင်နှစ်ကာလတူထက် တန်ချိန် ၂၃ ဒသမ ၅ ရာခိုင်နှုန်း၊ တန်ဖိုး အားဖြင့် ၂၄ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

## ရောဝတီတိုင်းဒေသကြီးတွင် မိုးဆန် စပါးနှင့်အတူ ဈေးတန်းအောက်နိမ့်သော နွေသီးထပ်ရင် စပါး ဈေးကွက်သို့ဝင်ရောက်

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်စပါးဈေးကွက်မှာ ဧည့်မထမိုးစပါး ၄၆ ပေါင်တင်း ၁၀၀ ကို မြို့နယ်စုံ ပျမ်းမျှဈေး ကျပ် ၄၂၀၀၀၀ မှ ကျပ် ၄၅၀၀၀၀ အတွင်းနှင့် ပုသိမ်၊ ကန်ကြီးထောင့်၊ မြောင်းမြ၊ ဝါးခယ်မမြို့နယ်များတွင် ကျပ် ၄၆၀၀၀၀ ဝန်းကျင်ဈေးနှုန်းရှိပြီး မိုးဆန်တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ မှ ကျပ် ၁၈၀၀၀ ဈေးဖြင့် ဈေးကွက်မှာ ရောင်းချလျက်ရှိကြောင်း ဧည့်မထမိုးစပါးဈေးထက် ဈေးတန်းအနည်းငယ်နိမ့်သော နွေသီးထပ်ရင် စပါးများမှာ ပုသိမ်ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး နွေစပါးလှိုင်လှိုင် မပေါ်သေးခင် လက်ရှိဈေးမှာ ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၄၃၂၀၀၀ ဈေး၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၇၅၀၀ ဈေးဖြင့် ဈေးကွက်သို့ ဝင်ရောက် လျက်ရှိကြောင်း သိရသည်။ လက်ရှိဈေးကွက်တွင် ရန်ကုန်ဝယ်လိုအား အနည်းငယ်ရှိ၍ မအူပင်ခရိုင်၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့တွင် ဆန်ဈေးအနည်းငယ်မြင့်တက်လျက်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။ **မင်းမင်းဦး(ပုသိမ်)**

## ဆန်နဲ့ ဆန်ကွဲတင်ပို့မှု လျော့ကျ

မတ်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၃၅ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၂၈၂၈၂တန်ကျော် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၆၉ တန်နဲ့ ဧည့်မထဆန် ၁၈၀၁၈ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၉၄ တန်ကျော်နဲ့ ဧည့်မထဆန် ၂၂၆ တန်နှင့် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၉၆၇၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုမှာ ၂၉၅၂၇ တန်ကျော်ဖြစ်တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၄၅တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုအနေနဲ့ ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ဝ၉၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၄၄၀၈ တန် တင်ပို့ခဲ့တဲ့အနက် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၂၂၉၅ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ၂၁၀၈ တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၅၂၁တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၁၃တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ မတ် ၅ ရက်မှ ၁၁ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၄၄ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၂၁၇၄၀ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံများနဲ့ တန်ချိန်များမှာ သီရိလင်္ကာနိုင်ငံသို့ ဧည့်မထဆန် ၁၃၅၁၃ တန်၊ ရုရှားနိုင်ငံသို့ ဧည့်မထ ဆန် တန် ၂၀၀၊အီးယူနိုင်ငံများသို့ ပေါင်းဆန် ၁၂၅ တန်နဲ့ဧည့်မထ



ဆန်၁၀၆၇တန်၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန် တန် ၃၆၁၀၊ ဂျပန်နိုင်ငံသို့ ဧည့်မထဆန် တန် ၇၅၀၊ တရုတ်နိုင်ငံသို့ ဧည့်မထ ဆန် တန် ၂၅၀၊ မက်ဒါဂါစကားနိုင်ငံသို့ ဧည့်မထဆန် ၂၂၂၅ တန် တင်ပို့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှဆန်တင်ပို့မှု၃၁၇၄၂တန်ရှိတဲ့အတွက် ယခုတစ်ပတ်မှာ ၁၀၀၀၂ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်ကွဲ တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၇၉သန်းဖိုး ဖြစ်ပြီး တန်ချိန် ၅၁၉၀ ဖြစ်ပါတယ်။ ယခုတစ်ပတ် ဆန်ကွဲကို ဘယ်လ်ဂျီယံနိုင်ငံ တစ်နိုင်ငံတည်းကိုသာ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတန်ချိန် တန် ၇၇၅၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန်၂၅၆၀ တင်ပို့မှု လျော့နည်းခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်စျေးနှုန်းများ

၁၅-၃-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၃၈၂ | ၃၈၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၈ | ၃၆၆ | ▽ | ၃၆၀ | ၃၆၀ | □ | ၃၈၅ | ၃၈၅ | □ | ၃၇၅ | ၃၇၅ | □ |
| ဆန်ဖြူ ၁၀% | ၃၆၇ | ၃၆၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၆၅ | ၃၆၃ | ▽ | ၃၅၀ | ၃၅၀ | □ | - | - | - | ၃၆၅ | ၃၆၅ | □ |
| ဆန်ဖြူ ၂၅% | ၃၆၁ | ၃၆၀ | ▽ | ၃၃၈ | ၃၃၈ | □ | ၃၆၅ | ၃၆၅ | □ | ၃၄၀ | ၃၄၀ | □ |
| ပေါင်းဆန် | ၃၈၅ | ၃၈၁ | ▽ | - | - | - | ၃၇၅ | ၃၇၅ | □ | ၄၂၅ | ၄၂၅ | □ |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၁၇-၃-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၅၀၀ | △ | ၁၇၀၀၀ | □ | ၆၆၂၄ | ▽ | ၃၂၅၀၀ | ▽ |
| ပုသိမ် | ၄၆၀၀ | △ | ၁၈၅၀၀ | △ | ၇၁၈၀ | △ | ၃၁၀၀၀ | △ |
| ပဲခူး | ၄၃၀၀ | □ | ၁၆၅၀၀ | □ | ၆၂၀၀ | △ | ၂၈၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၅၀၀ | □ | ၃၃၀၀၀ | ▽ |
| စစ်တွေ | ၃၈၀၀ | △ | ၁၆၅၀၀ | △ | ၇၀၀၀ | ▽ | ၃၀၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | △ | ၂၁၀၀၀ | △ | - | - | ၃၈၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၄၀၀၀ | △ | ၁၇၀၀၀ | △ | - | - | ၂၇၅၀၀ | △ |
| မန္တလေး | ၆၀၀၀ | □ | ၂၄၀၀၀ | △ | - | - | ၃၃၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၁၂၀၀ | △ | - | - | ၄၅၀၀၀ | □ |
| မော်လမြိုင် | ၄၇၀၀ | □ | ၁၈၀၀၀ | ▽ | ၇၀၀၀ | | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၇၂၀၀ | △ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၀၀၀ | □ | ၂၀၀၀၀ | □ | - | - | ၃၃၅၀၀ | △ |
| ဘားအံ | ၄၀၀၀ | ▽ | ၁၇၀၀၀ | □ | - | - | ၃၄၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၃-၃-၂၀၁၇ မှ ၁၇-၃-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 684 | 32,985,188.043 |
| 2 | Form D | 155 | 6,979,299.540 |
| 3 | Form E | 99 | 6,275,247.382 |
| 4 | Korea GSP | 14 | 483,394.350 |
| 5 | Form AK | 90 | 9,133,064.080 |
| 6 | Form AJ | 13 | 786,137.270 |
| 7 | Form AI | 65 | 2,313,979.690 |
| 8 | Form AANZ | 12 | 82,540.210 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1132** | **59,038,850.565** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၇-၃-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၈၆၅ | ၁၇၉၈ | ▼ | ၁၉၀၀ | ၁၇၆၃ | ▼ | ၁၇၀၀ | ၁၇၈၅ | ▲ | ၁၈၁၅ | ၁၇၆၅ | ▼ |
| ၂ ပဲစင်းငုံ | ၁၂၈၈ | ၁၂၂၀ | ▼ | - | - | | ၁၂၃၀ | ၁၁၅၀ | ▼ | ၁၂၃၅ | ၁၁၄၀ | ▼ |
| ၃ ပဲတီစိမ်း | ၁၄၀၀ | ၁၄၃၀ | ▲ | - | - | - | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ၄ ကုလားပဲရိုးရိုး | ၂၉၀၀ | ၂၉၀၀ | ■ | ၂၀၆၁ | | - | ၂၀၀၀ | ၂၀၇၈ | ▲ | ၁၇၆၅ | ၁၈၉၅ | ▲ |
| ၅ ပဲလွန်းဖြူ | ၁၃၆၅ | ၁၃၈၀ | ▲ | ၁၄၁၇ | ၁၄၁၇ | ■ | - | - | - | ၁၈၁၅ | ၁၈၁၅ | ■ |
| ၆ ထောပတ်ပဲ | ၁၀၀၅ | ၁၁၃၀ | ▲ | ၁၄၂၂ | ၁၅၆၄ | ▲ | - | - | - | ၉၇၅ | ၁၁၀၅ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၇-၃-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၁၀/၃ | ၁၇/၃ | ပြောင်းလဲမှု | ၉/၃ | ၁၆/၃ | ပြောင်းလဲမှု | ၉/၃ | ၁၆/၃ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၈၃၀ | ၈၃၀ | ■ | ၈၈၄ | ၉၁၀ | ▲ | ၈၀၉ | ၈၈၇ | ▲ |
| ၂ ပဲစင်းငုံ | ၆၀၀ | ၅၇၀ | ▼ | ၆၅၂ | ၆၅၈ | ▲ | ၆၈၉ | ၆၈၈ | ▼ |
| ၃ ပဲတီစိမ်း | ၆၃၀ | ၆၃၀ | ■ | ၆၇၄ | ၇၁၉ | ▲ | ၆၈၉ | ၇၆၅ | ▼ |
| ၄ ကုလားပဲဖြူလုံးကြီး | ၈၄၀ | ၈၄၀ | ■ | ၇၇၉ | ၇၅၇ | ▼ | ၇၇၉ | ၇၃၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၄.၃.၁၇)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၁.၃.၁၇)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၇) မှ (၁၁.၃.၁၇) ထိ |
|---|---|---|---|
| မတ်ပဲ | ၇၁၆၅၉ | ၄၀၆၀ | ၇၅၇၁၉ |
| ပဲတီစိမ်း | ၂၅၇၂၂ | ၄၈၅၀ | ၃၀၅၇၂ |
| ပဲစင်းငုံ | ၂၂၉၃၃ | ၉၀၂၇ | ၃၁၉၆၀ |
| ကုလားပဲ | ၁၆၈၁ | ၈၃၉ | ၂၅၂၀ |
| ပဲလွန်းဖြူ | ၃၃၂၇ | ၂၇၂ | ၃၅၉၉ |
| မြေထောက်ပဲ | ၃၈၆၇ | ၅၅၉ | ၄၄၂၆ |

## မတ်ပဲ၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲ(ထိုင်ဝမ်) အဝယ်များလာ၍ ဈေးနှုန်းမြင့်တက်

မုံရွာကုန်စည်ဒိုင်ဈေးကွက်အတွင်း မတ်လတတိယပတ်တွင် ပြည်ပပို့ကုန်များအနက် မတ်ပဲ၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲ(ထိုင်ဝမ်) တို့မှာ ရန်ကုန်ဝယ်လက်နှင့် လှောင်လက်ကုန်သည်များက အဝယ်လိုက်လာသဖြင့် ယခင်သီတင်းပတ်ထက် ဈေးနှုန်းအနည်းငယ်မြင့်တက်ခဲ့ကြောင်း မုံရွာကုန်စည်ဒိုင်ရှိ ပဲကုန်သည်ကြီးများထံမှ သိရှိရပါသည်။

ရန်ကုန်ဝယ်လက်နှင့် လှောင်လက်ကုန်သည်များ အဝယ်ဆုံသောကြောင့် ယခင်သီတင်းပတ်က အဝယ်လိုက်ခဲ့သည့် ကုန်စည်များဖြစ်သည့် မတ်ပဲ၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲ(ထိုင်ဝမ်)တို့မှာ ယခုတစ်ပတ်တွင် ဈေးကွက်ထဲဝင်ရောက်သမျှ အားလုံး နီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

မတ်ပဲတစ်တင်းလျှင် ယခင်သီတင်းတစ်ပတ်က ကျပ် ၃၅၃၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၆၀၀၀၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင် ယခင်သီတင်းတစ်ပတ်က ကျပ် ၃၈၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၄၀၅၀၀နှင့်ကုလားပဲထိုင်ဝမ်တစ်တင်းလျှင် ယခင် သီတင်းတစ်ပတ်က ကျပ် ၃၅၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၇၅၀၀ ဖြစ်ပြီး အရောင်းအဝယ် ဖြစ်ကြောင်း သိရှိရပါသည်။

လင်းလင်းသန့်

## မတ်လလယ် ပြည်ပဲမျိုးစုံ ဈေးကွက်မှာ မတ်ပဲ၊ ပဲတီစိမ်းသီးနှံ ဈေးတက်ရိပ်ပြလာသလို ပဲကြီးသီးနှံလည်း ဈေးမြင့်ကာ အရောင်းအဝယ်သွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ဆောင်းပဲသစ်များ အထွက်လှိုင်ပြီး အဝင်သွက်ချိန်ဖြစ်လို့ ပြည်ပဝယ်လိုအားရှိတဲ့ ပဲရော၊ ပြည်တွင်း ဝယ်လက်နှင့် လက်လီသမားအဝယ်ရှိတဲ့ပဲများ အရောင်းအဝယ်သွက်လျက်ရှိတာကို တွေ့ရပါတယ်။ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ ဘိုကိတ်စသည့် ပဲဈေးနှုန်းများမြင့်တက်မှု ရှိလာခဲ့ပါတယ်။ ဒါကြောင့် လလယ်မှစ၍ပဲအချို့တက်ရိပ်ပြလာခဲ့ပါတယ်။ မတ်ပဲသီးနှံမှာနယ်စုံမှ ဝင်ရောက်နေပြီး ရန်ကုန်ဝယ်လက်မှလည်း ပြည်ပဝယ်လိုအားရှိလို့ အဝယ်လိုက်နေတာကြောင့် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ရက်လျှင် အိတ် ၉၀၀ ကျော် ၁၀၀၀ နီးပါး ဝင်ရောက်ခဲ့သလို အရောင်းအဝယ်ဖြစ်မှုပမာဏမှာလည်း အိတ်တစ်ထောင်နီးပါး အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲဈေးအနေဖြင့် တစ်တင်းကျပ် ၃၆၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် တစ်တင်း ကျပ်သုံးထောင်ခန့် ဈေးပိုရခဲ့ပါတယ်။ ယခုလအတွင်း ပဲဈေးအတက်အကျ မမှန်တာကြောင့် တချို့တောင်သူများကလည်း ဈေးကောင်းမျှော်ကာ ထွက်ရှိသမျှ ရောင်းချမှုမရှိဘဲ သိုလှောင်ထားခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ မတ်ပဲသီးနှံလောက် ပဲအဝင် မများခဲ့ပေမယ့် တစ်ရက်အိတ် ၆၀၀ ကျော်အထိ ဝင်ရောက်လျက်ရှိပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များအပြင် ပြည်အနီးတစ်ဝိုက်မှ နေ့စဉ် ဝင်ရောက်ခဲ့ပါတယ်။ ရန်ကုန်ဝယ်လက်မှ နေ့စဉ်ဝယ်ယူခဲ့လို့ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီလအတွင်း ပဲအထွက်များလို့ အရောင်းအဝယ် သွက်ခဲ့ပေမယ့် ယခုမတ်လအတွင်း ပဲအထွက်နည်းလာပြီဖြစ်လို့ အိတ်အရေအတွက် လျော့သွားပေမယ့် မတ်ပဲသီးနှံပြီးလျှင် ဈေးကွက်မှာ ဒုတိယအများဆုံး အရောင်းအဝယ်သွက်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၃၈၀၀ ဖြင့် ဈေးအတက်အကျ သိပ်မဖြစ်ဘဲ အရောင်းအဝယ်ဖြစ်နေခဲ့ပေမယ့် ပြည်ပဝယ်လက် ပဲတွေထဲမှာတော့ဈေးအနိမ့်နဲ့သာ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ အထွက်လှိုင်လာလို့ ပဲဝင်ရောက်မှုမှာလည်း အိတ် ၆၀၀ ကျော်မှ ၈၀၀ ကျော်အထိ ဝင်ရောက်ခဲ့ပြီး ပြည်အနီးတစ်ဝိုက်နှင့် ပန်းတောင်းမြို့နယ်မှ အများဆုံးဝင်ရောက်ခဲ့သလို မင်းတုန်း၊ ကံမမြို့နယ်များမှလည်း ပဲဈေးကွက်သို့ နေ့စဉ် ကုန်းလမ်းရော၊ ရေလမ်းကပါ ဝင်ရောက်လျက်ရှိခဲ့ပါတယ်။ ဝယ်လက်အနေဖြင့် ခွဲစက်သမားနှင့် လှောင်သမားများ ဝယ်ယူခဲ့လို့ ဝင်လာသမျှ နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကာ ပဲတစ်တင်း ကျပ် ၃၆၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ် လျော့နေခဲ့တာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံများမှာ ကုလားပဲသီးနှံထက် ဝင်ရောက်မှုပိုလာတာကြောင့် တစ်ရက်လျှင် အိတ် ၁၀၀၀ ကျော်ခန့် ပန်းတောင်း၊ ကံမ၊ ပြည်၊ အောင်လံကြားမြို့နယ်များမှ ဝင်ရောက်ခဲ့ကြပါတယ်။ ပဲကြော်ဖိုသမားများ နေ့စဉ်ဝယ်ယူမှုရှိပြီး ပဲဈေးမှာ ဈေးမြင့်လာခဲ့လို့(ရွှေကျွန်း)တစ်တင်းကျပ် ၃၂၀၀၀၊ (ကမ်းနား) တစ်တင်းကျပ် ၃၁၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ကျပ်သုံးထောင်နီးပါး ဈေးပိုလာခဲ့ပါတယ်။ စားတော်ပဲနှင့် ပဲပုပ်သီးနှံများလည်း ဈေးမြင့်တက်လာခဲ့ကာ စားတော်ပဲ တစ်တင်း ကျပ် ၃၇၅၀၀၊ ပဲပုပ်တစ်တင်းကို ကျပ် ၂၃၅၀၀ ဖြင့်လက်လီဝယ်ယူသူများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့သလို စားတော်ပဲသီးနှံမှာ ပဲသစ်ဝင်ရောက်မှုရှိပေမယ့် ပဲပုပ်သီးနှံမှာ လက်ကျန်များနဲ့ ရောင်းဝယ်ခဲ့ကြတယ်လို့သိရပါတယ်။

ခင်ဆွေဝင်း



## ပြည်ပဲတီစိမ်း အရည်အသွေးကိုလိုက်ပြီး ဈေးအပြောင်းအလဲဖြစ်

ပြည်ပဲဈေးကွက်အတွင်း မတ်ပဲ၊ ပဲစင်းငုံသီးနှံအထွက်လှိုင်လို့ ပဲအဝင်များလာခဲ့သော်လည်း ပဲတီစိမ်းသီးနှံအနေဖြင့် ဝင်ရောက်မှု နည်းသွားခဲ့တာကြောင့် တစ်ရက်လျှင် အိတ် ၅၀ နှင့် ၁၀၀ ကြားသာ ဝင်ရောက်ခဲ့ပါတယ်။ မန္တလေးလိုင်း သမားအဝယ်ရှိလို့ ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်နေခဲ့ပြီး ပဲလက်ကျန် သိပ်မထားဘဲ ရောင်းချမှုရှိကြောင်း သိရပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၃၄၅၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ပိုလာပြီး ပဲအရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိခဲ့ပါတယ်။ ပြည်ပဝယ်လက်ပဲထဲမှာ မတ်ပဲဈေးကို မမီပေမယ့် ပဲစင်းငုံသီးနှံထက်တော့ ဈေးပိုရခဲ့ပါတယ်။ ယခုအချိန်အထိ ပဲတီစိမ်းသီးနှံအဝင်ရှိခဲ့ပေမယ့် ယခင်နှစ်ကာလတူက ပဲအဝင်လုံးဝမရှိဘဲ လက်ကျန်လည်း မရှိတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်မဖြစ်ခဲ့ကြောင်း သိရပါတယ်။

ခင်ဆွေဝင်း

## ပြည်ပဲလွန်းဖြူ အရောင်းအဝယ်ပုံမှန်ရှိပြီး လက်လီသာ အရောင်းအဝယ်ဖြစ်

ပြည်ခရိုင်အတွင်းမှာ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ စိုက်ပျိုးမှုများသော်လည်း ပဲလွန်းဖြူသီးနှံမှာ အနည်းငယ်သာစိုက်ပျိုးခဲ့တဲ့အတွက် အထွက်နည်းခဲ့ပြီး ပဲထွက်ပေါ်ချိန်တွင်သာ ဈေးကွက်သို့ အများအပြား ဝင်ရောက်ခဲ့ပါတယ်။ ယခုအချိန်မှာတော့ ပဲသစ်များ အဝင်သိပ်မရှိတော့ဘဲ တစ်ရက်အိတ် ၃၀ ခန့်သာ ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၇၀၀၀ ဖြင့် ဘိုကိတ်၊ ပဲနီပြား စတဲ့သီးနှံများထက် ဈေးပိုရခဲ့ပါတယ်။ ပဲလက်ကျန်နှင့်ဝင်လာသမျှ ပဲအနည်းငယ်ကို လက်လီသမားများက နေ့စဉ်ဝယ်ယူခဲ့ကြလို့ အခြားပဲများလောက် အရောင်းအဝယ် မသွက်သော်လည်း ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သီးနှံဖြစ်ကြောင်းသိရပါတယ်။

ခင်ဆွေဝင်း

## ပြည်ဘိုကိတ်ပဲ လက်လီလက်ကား အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးငြိမ်

ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲက လက်လီ၊ လက်ကား အရောင်းအဝယ်ဖြစ်နေပြီး ပြည်တွင်းသာ အရောင်းအဝယ်ဖြစ်တဲ့ ပဲထဲမှာဘိုကိတ်ပဲသီးနှံက တစ်ရက်အိတ် ၁၅၀ ကျော် ဝင်ရောက်မှုရှိသလို ရန်ကုန်ဝယ်လက်နှင့်လက်လီသမားများ နေ့စဉ်ဝယ်ယူလျက်ရှိတာကြောင့် ဝင်လာသမျှ ပဲအားလုံး အရောင်းအဝယ်ဖြစ်လျက်ရှိနေတာကို တွေ့ရပါတယ်။

ပဲဈေးကတော့ ဈေးအပြောင်းအလဲသိပ်မဖြစ်ဘဲ တစ်တင်း ကျပ်၂၄၆၀၀ဖြင့်သာ အရောင်းအဝယ်ဖြစ်ပြီး ယခင်နှစ်က တစ်တင်းကျပ် ၂၁၅၀၀ရရှိခဲ့တဲ့အတွက် ယခုနှစ်မှာဈေးပိုရနေခဲ့တယ်လို့သိရပါတယ်။ ပဲလွန်းဖြူသီးနှံဟာ ပဲထွက်ပေါ်ချိန်ကာလများတွင်သာ လက်လီ၊လက်ကား အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ကျန်အချိန်များတွင် လက်ကျန်ပဲလောက်သာ လက်လီသမားများနဲ့ ရောင်းဝယ်မှုရှိခဲ့တယ်လို့ သိရပါတယ်။

ခင်ဆွေဝင်း

# ဆင်း-၃ ဆန် ဗန်းမော်မှ တရုတ်သို့ တင်ပို့မှု ယခင်နှစ်ထက် ကျဆင်း

ကသာခရိုင်၊ အင်းတော်၊ ဗန်းမော်၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များမှာ ဆင်း-၃ စပါး စောရှုပ်စပါး၊ လုံးသွယ်မွှေးစပါးများကို အများအပြား စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးမှုအများဆုံးဖြစ်တဲ့ ဆင်း-၃ ဆန်ကို ကသာဆိပ်ကမ်းမှ တစ်ဆင့် ဗန်းမော်မှတရုတ်သို့ ဒေသထွက်ကုန်ရဲ့ ၇၅ ရာခိုင်နှုန်းကို နှစ်စဉ်တင်ပို့လျက်ရှိပါတယ်။ ယခုနှစ်မှာ ရာသီဥတု ဖောက်ပြန်မှုကြောင့် သီးနှံအရည်အသွေး ကျဆင်းပြီး ဝယ်လိုအားနည်းကာ ယခင်နှစ်သကြန်ကာလနဲ့ နှိုင်းယှဉ်ရင် တင်ပို့မှုကျဆင်းနေကြောင်း ဈေးကွက်မှ သိရပါတယ်။



စုရီ ဆန်စက်လုပ်ငန်းရှင် ဦးကြင်စိန်က “တောင်သူတွေ စပါးမရောင်းရဘူး၊ စက်ပိုင်တွေ စက်မကြိတ်ရဘူး။ ကုန်သည်တွေ ဆန်မရောင်းရဘူး။ လက်ရှိ ဒီအတိုင်းဖြစ်နေတယ်။ ဗန်းမော် တရုတ်ကုန်သည်တွေ လာဝယ်ပါတယ်။ ဒါပေမယ့် ကောင်းမှဝယ်တယ်။ ဈေးကွက်မှာ မကောင်းရင် မရောင်းရဘူး။ ပြန်သယ်လာရတဲ့အဖြစ်မျိုး ရှိနေတော့ ဈေးကွက်မှာ အရောင်းအဝယ် တန့်သွားပြီး နောက်ပိုင်း အေးသွားတယ်။ ကုန်ပစ္စည်း အရည်အသွေး ညံ့တာရယ်၊ မျိုးမသန့်တာရယ်ကြောင့် ဖြစ်တာပါ။ တောင်သူတွေ ရေထိန်းသိမ်းမှု စနစ်ကောင်းမယ်။ မျိုးကောင်းမျိုးသန့် သုံးမယ်ဆိုရင်တော့ ဒါမျိုးဖြစ်စရာမရှိဘူး။ မနှစ်က ဒေသတွင်း ဆင်း-၃ စပါး တင်းတစ်ရာ ကျပ် ၆၅၀၀၀၀နဲ့ ကျပ် ၇၀၀၀၀၀ ဈေးရှိတယ်။ အခု ဆင်း-၃ စပါးတင်းတစ်ရာလျှင် ကျပ် ၅၄၀၀၀၀ သာရှိနေပေမယ့် ဝယ်မယ့်သူမရှိဘူး၊ ယခင်နှစ်က၊ ကသာဆိပ်ကမ်းမှာ တစ်လကို ဆင်း-၃ ဆန်အိတ် သုံးသောင်းကျော် ဗန်းမော်မှ တရုတ်သို့ ပုံမှန်တင်ပို့မှုရှိတယ်။ ယခုနှစ်မှာ တစ်လတစ်သောင်းကျော်သာရှိနေတယ်။ ဒေသတွင်း ငွေလှည့်ပတ်စီးဆင်းမှုမှာ ဆန်စပါးရောင်းဝယ်မှုက အဓိကပါ။ ဒီလုပ်ငန်းလည်ပတ်မှုနှေးသွားတော့ ငွေကြေးကျပ်တည်းမှုတွေ ရှိနေတယ်”လို့ ပြောပါတယ်။

ဒေသတွင်းထွက်ရှိတဲ့ ဆင်း-၃ ဆန်ကို ဗန်းမော်မှ တရုတ်သို့ တင်ပို့ပါတယ်။ စောရှုပ်ဆန်ကို တနိုင်း၊ ဖားကန့်သို့တင်ပို့ပါတယ်။ လုံးသွယ်မွှေးဆန်ကို မြစ်ကြီးနား၊ မန္တလေးသို့ တင်ပို့ကြပါတယ်။ ယနေ့ ဆင်း-၃ စပါး တင်းတစ်ရာကို ကျပ် ၅၄၀၀၀၀၊ ၁၀၈ ပေါင် ဆန်တစ်အိတ် လတ်စ ကျပ် ၂၂၅၀၀၊ စောရှုပ်စပါးတင်းတစ်ရာ ကျပ် ၇၀၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၂၈၅၀၀၊ လုံးသွယ်မွှေးစပါးတင်းတစ်ရာ ကျပ် ၇၅၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၃၂၀၀၀ နဲ့ အရောင်းအဝယ်ရှိကြောင်း ဈေးကွက်မှသိရပါတယ်။ **ကြည်နိုင်ဦး (အင်းတော်)**

# ဆားလင်းကြီးဒေသထွက် သင်ဖြူးဖျာများ အရောင်းအဝယ်သွက်

ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်တွင် သင်ဖြူးဖျာ ရက်လုပ်သည့် ကျေးရွာပေါင်း ၁၅ ရွာရှိရာ ခွန်သာ၊ သံလျက်ကိုင်း၊ နွှာကူးတို့ ရွာများတွင် အများဆုံးရက်လုပ်လျက်ရှိကြောင်း သိရပါသည်။ ရက်လုပ်ပြီး သင်ဖြူးဖျာများကို မုံရွာ၊ မန္တလေး၊ မြစ်ကြီးနား မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ သင်ဖြူးဖျာမှာ ယခုနွေရာသီပူအိုက်ချိန်တွင် အေးပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီမှုရှိကြောင်း သင်ဖျာရက်လုပ်သူများက ပြောပါတယ်။ သင်ဖျာများကို မတ်၊ မေ၊ ဇွန်လများတွင် အများဆုံးဝယ်ယူကြပြီး အရောင်းအဝယ်အသွက်ဆုံးအချိန်ဖြစ်ကြောင်း သိရသည်။ သင်ဖျာရက်လုပ်ခြင်းလုပ်ငန်းသည် အိမ်တွင်းအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပြီး မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်ခြင်းဖြင့် အပိုဝင်ငွေရရှိစေသည့် လုပ်ငန်းဖြစ်သည်။ အချို့မိသားစုများသည် သင်ဖျာရက်လုပ်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရသကဲ့သို့ တောင်သူလုပ်ငန်း လုပ်သူများသည်လည်း လယ်/ယာလုပ်ငန်းနားချိန်တွင် မိသားစုဝင်ငွေရအောင် သင်ဖျာရက်လုပ်ကြကြောင်း သိရသည်။

သင်ဖျာရက်လုပ်ခြင်းဖြင့် လူတစ်ယောက်လျှင် တစ်ရက် ကို ကျပ် ၂၅၀၀-၃၀၀၀ ဝင်ငွေရရှိကြောင်း၊ သင်ဖြူးဖျာများ၏ ဈေးနှုန်းများမှာ တစ်ယောက်အိပ်တစ်ချပ် (ကြမ်း)လျှင် ကျပ် ၇၅၀၀၊ (ချော) ကျပ် ၁၀၀၀၀၊ နှစ်ယောက်အိပ် (ကြမ်း) တစ်ချပ်လျှင် ကျပ် ၁၅၀၀၀၊ (ချော) တစ်ချပ်လျှင် ကျပ် ၁၈၀၀၀၊ မိသားစုအိပ် (ကြမ်း) တစ်ချပ်လျှင် ကျပ် ၂၅၀၀၀၊ (ချော) တစ်ချပ်လျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သင်ဖြူးဖျာကုန်သည် ဦးကျော်စိန်ထံမှ သိရသည်။

**ကြည်ကြည်နွယ်(မုံရွာ)**

# ပြည်ပဲနီပြားသီးနှံ ပဲသစ်ဝင်ရောက်ပြီး ဈေးမြင့်

မတ်လလယ်တွင် ပြည်ပဲဈေးကွက်သို့ ပဲမျိုးစုံဝင်ရောက်ခဲ့ရာ ပဲနီပြားသီးနှံလည်း ပါဝင်ခဲ့ပါတယ်။ ရွှေတောင်၊ ကြီးသဲမြို့နယ်များနှင့် ပြည်အနီးတစ်ဝိုက်မှ ဝင်ရောက်ခြင်းဖြစ်ပေမယ့် တစ်ရက်ကို အိတ် ၃၀ မှ ၄၀ ခန့်သာ ဝင်ရောက်နေခဲ့ပါတယ်။ ဝယ်ယူမှုအနေဖြင့် လက်လီသမားနှင့်ပဲကြော်ဖိုသမားများ ဝယ်လိုအားရှိနေသော်လည်း ပဲဝင်ရောက်မှု နည်းနေသေးတဲ့အတွက် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၂၅၀၀ ဖြင့် ယခင်တစ်ပတ်က ပဲသစ်ပေါ်စထက် ဈေးအနည်းငယ်ပိုရလာတာကိုလည်း တွေ့ရပါတယ်။ ယခင်နှစ်ကလည်း မတ်လအတွင်း ပဲနီပြားသီးနှံဈေးမှာ တစ်တင်း ကျပ် ၂၂၅၀၀ ခန့်သာရရှိခဲ့လို့ ယခုနှစ်ဈေးနှင့်ကွာခြားမှုမရှိခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

# ရန်ကုန်ဝယ်လက် အဝယ်ရှိလို့ ပြည်မြေပဲလုံးဆန်ဈေးမြင့်

မြေပဲဆန်ဈေးမှာ ယခုတစ်ပတ်တွင် ဆီဆန်ဈေးကျလာပြီး၊ လုံးဆန်ဈေး ပြန်တက်လာတာ တွေ့ရပါတယ်။ ဆီဆန်ကို ပြည်မြို့တွင်း ဆီစက်များက ယခုရက်ပိုင်းတွင် ဝယ်ယူမှုမရှိသေးဘဲ၊ မိမိတို့ လက်ကျန်များဖြင့်သာ ဆီကြိတ်ပြီး ရောင်းချနေတာဖြစ်သဖြင့် ဈေးအနည်းငယ်ကျလာတာ ဖြစ်ပါတယ်။ လုံးဆန်အနီနဲ့ လုံးဆန်အဖြူကို အဝယ်များနေသဖြင့် ဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ကံမ၊ မင်းတုန်းနှင့် ပေါက်ခေါင်းမြို့နယ်များဘက်မှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၁၀၀၀ခန့်သာဝင်ရောက်မှုရှိပြီး လုံးဆန်အဖြူကို ရန်ကုန်ဝယ်လက်များက ဝယ်ယူမှုရှိခြင်း၊ လုံးဆန်အနီကို မြေပဲလှော်သမားများက ဝယ်ယူသဖြင့် ဈေးအနည်းငယ်စီမြင့်တက်လာတာ တွေ့ ရပါတယ်။ မြေပဲဆန်ဈေးမှာ ဆီဆန်တစ်ပိဿာလျှင် ကျပ် ၁၅၅၀ ဖြင့် ယခင် တစ်ပတ်နဲ့နှိုင်းယှဉ်ပါက ၅၀ ကျပ် ဈေးကျလာတာတွေ့ရပါတယ်။ လုံးဆန်အဖြူ တစ်ပိဿာလျှင် ကျပ် ၂၄၀၀ နှင့် လုံးဆန်အနီ တစ်ပိဿာလျှင် ၂၃၂၅ ကျပ်ဖြင့် ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ **ဝေဝေမင်း**

# ပြည်ဒေသထွက် မန်ကျည်းမှည့်များ ဈေးအနည်းငယ်ကျ

မတ်လလယ်အတွင်း ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ ပြည်အနီးတစ်ဝိုက်ဒေသများအားလုံးမှ မန်ကျည်းမှည့်တွေဝင်လာတယ်လို့ သိရပါတယ်။ အသားချည်းသက်သက် ဝင်ရောက်မှုနည်းပြီး အစေ့အသားရောရာ မန်ကျည်းမှည့်သာ ပိုမိုဝင်ရောက်လာတာ တွေ့ရပါတယ်။ ပွဲရုံပေါက်ဈေး တစ်ပိဿာလျှင် (အစေ့မပါ) ကျပ် ၂၈၀၀ နှင့် (အစေ့ပါ) ကျပ် ၁၇၀၀ တို့ဖြစ်ကြောင်း သိရပါတယ်။ ဒေသတွင်း လက်လီဈေးကွက်များတွင် (အစေ့မပါ) ကျပ် ၃၅၀၀ နဲ့(အစေ့ပါ) ကျပ် ၂၀၀၀ တို့ဖြင့် ရောင်းချ လျက်ရှိနေပါတယ်။ နယ်ဝယ်လက်မရှိဘဲ ဒေသတွင်း သုံးစွဲမှုသာရှိနေတာကြောင့် အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ပွဲရုံများသို့ တစ်ရက်လျှင် ပိဿာချိန် ၁၀၀ မှ ၁၂၀ အထိ ဝင်ရောက်နေပြီး နယ်အဆွဲ လုံးဝမရှိသေးတာကြောင့် ဈေးနှုန်းလည်း တစ်ပိဿာပေါ်တွင် ကျပ် ၂၀၀ ဈေးကျလာခဲ့ကြောင်း သိရပါတယ်။ **နီနီဝင်း**

# မတ်လဒုတိယပတ် မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်မှာ ကုလားပဲမျိုးစုံ ဈေးအနည်းငယ်မြင့်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင်သို့ ဆောင်းသီးနှံမျိုးစုံသစ် အများအပြား ဝင်ရောက်လျက်ရှိရာ ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံများ အဝင်ရှိသလောက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံသီးနှံ ဝင်ရောက်မှုများလာပြီး ဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ထက် အနည်းငယ်ကျ ဆင်းလာတာ တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံ တစ်တင်းပေါက် ဈေးနှုန်းမှာ ကျပ် ၂၃၀၀၀ ဈေးပေါက်လျက်နေ့စဉ် အိတ် ၃၀၀၀ ခန့်၊ မတ်ပဲသီးနှံမှာ ယခင်တစ်ပတ်ပေါက်ဈေးထက် အနည်းငယ်ဈေးနိမ့်ပြီး တစ်တင်းလျှင် ကျပ် ၃၅၇၀၀ နှုန်းနဲ့ နေ့စဉ်အိတ် ၁၅၀၀ ခန့်၊ ပဲတီစိမ်းသီးနှံကတော့ အဝင်လျော့နည်းလာပြီး တစ်တင်းပေါက်ဈေးမှာ (ကြီး) ကျပ် ၂၈၀၀၀ ၊ (သေး) ကျပ် ၂၇၀၀၀ဖြစ်ပြီး နေ့စဉ် (ကြီး/သေး) အိတ် ၅၀၀ ခန့်နဲ့ အရောင်းအဝယ်အသွက်ဆုံး သီးနှံများဖြစ်ကြောင်း သိရပါတယ်။ ဒေသတွင်းသုံးပဲဖြစ်သော ပဲလွန်းဖြူ/ပြာ အသစ်များလည်း ဝင်ရောက်လျက်ရှိရာ နေ့စဉ်အိတ် ၃၀၀ ခန့် အဝင်ရှိပြီး ယခုတစ်ပတ်ပေါက်ဈေးမှာ ပဲလွန်းဖြူ ကျပ် ၂၇၀၀၀၊ ပဲလွန်းပြာ ကျပ် ၂၃၅၀၀ နှုန်းပေါက်ပြီး ဒေသ တွင်းသုံးအနေနဲ့ နေ့စဉ် အိတ် ၂၀၀ ခန့် အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ဒေသတွင်းသုံးပဲများဖြစ်သော ပဲကြီး၊ ကုလားပဲမျိုးစုံ၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ပဲယင်း၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ပုဂံပဲ၊ ပဲပုပ်စေ့၊ CP ပြောင်းများမှာလည်း ဒေသတွင်း လုပ်ငန်းသုံးအနေနဲ့ ပုံမှန်ဝယ်ယူမှုရှိလို့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီးတစ်တင်းပေါက်ဈေးမှာ ကျပ် ၃၀၀၀၀ နှုန်းပေါက်ပြီး ကုလားပဲမျိုးစုံ အသစ်များလည်း ဝင်ရောက်လျက်ရှိရာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်မြင့်လာပြီး V2 တစ်တင်း ကျပ် ၃၉၅၀၀၊ 929 တစ်တင်းကျပ် ၃၆၅၀၀၊ ထိုင်ဝမ်တစ်တင်းကျပ် ၃၆၅၀၀ နှုန်းပေါက်လျက် သုံးမျိုးပေါင်း အိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး စွန်တာနီတစ်တင်း ကျပ် ၂၃၀၀၀ နဲ့ အိတ် ၄၀၀ ခန့်၊ ပဲလုံးကြားတစ်တင်းကျပ် ၂၃၅၀၀ နှင့် အိတ် ၁၀၀ ခန့်၊ ပဲယင်း တစ်တင်း ကျပ် ၁၅၀၀၀ နဲ့ အိတ် ၁၀၀၀ ခန့်၊ ထောပတ်ပဲ တစ်တင်း ကျပ် ၂၁၅၀၀ နဲ့ အိတ် ၇၀၀ ခန့်၊ မြေထောက်ပဲ တစ်တင်း ကျပ် ၃၀၀၀၀ နှင့် အိတ် ၁၅၀၀ ခန့်၊ ပုဂံပဲတစ်တင်း ကျပ် ၃၁၀၀၀ နဲ့ အိတ် ၃၀၀ ခန့်၊ ပဲပုပ်စေ့ တစ်တင်းကျပ် ၂၂၀၀၀ နဲ့ အိတ် ၆၀၀ ခန့်၊ CP ပြောင်း တစ်တင်း ကျပ် ၅၇၀၀ နဲ့ အိတ် ၅၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲလုံးဆန်က ဝယ်လက်အဆွဲရှိလို့ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ နေ့စဉ် အိတ် ၁၁၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာဈေးနှုန်းမှာ မြေပဲလုံးဆန်ဖြူ ၂၅၅၀ ကျပ်၊ ဆီဆန်ဖြူ ကျပ် ၂၀၀၀၊ လုံးဆန်နီ ၂၄၂၅ ကျပ်နဲ့ နေ့စဉ်အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ် မြင့်လျက်ရှိကြောင်း သိရပါတယ်။ နှမ်းမျိုးစုံဈေးကွက်မှာ နှမ်းဖြူ တစ်ပိဿာ ၂၄၃၃ ကျပ်၊ နှမ်းနက် တစ်ပိဿာ ၂၆၆၇ ကျပ်၊ နှမ်းညို တစ်ပိဿာ ၁၆၆၇ ကျပ်နှုန်းဖြင့် အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ကြက်သွန်နီ

### ပြည်ကြက်သွန်နီ ဈေးငြိမ်ပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ်မှာ ပြည်ကြက်သွန်နီဈေးနှုန်းများ အတက်အကျ မရှိဘဲ ယခင်တစ်ပတ်ကရှိခဲ့တဲ့ ဈေးအတိုင်း ရောင်းဝယ်လျက်ရှိနေတာ တွေ့ရပါတယ်။ ရေနံချောင်း၊ အောင်လံ၊ တောင်တွင်းဘက်မှ ကြက်သွန်နီအစများ ပြည်ဈေးကွက်သို့အများအပြား ဝင်ရောက်နေကြောင်းသိရပြီး ယခုတစ်ပတ်အတွင်း တစ်ရက်လျှင် ပိဿာချိန် ၁၇၀၀၀ ခန့်ဝင်ရောက်ခဲ့ပါတယ်။ အရောင်းအဝယ်မှာ ယခင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပမာဏထက် ပိုမိုအရောင်းအဝယ်ဖြစ်ပြီး အရည်အသွေး ပိုမိုကောင်းမွန်ရုံသာမက ဈေးနှုန်းသင့်တင့်နေတဲ့အတွက် ဝယ်လိုအား ပိုနေတယ်လို့ သိရပါတယ်။ ပြည်ပွဲရုံများတွင် ဒေသတွင်း ဝယ်လက်သမားများ၊ အိတ်ဆွဲသမားများနဲ့ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှုအပါအဝင် တစ်ရက်ကို ပိဿာ ၃၀ ဝင် အိတ် ၄၀၀ မှ ၄၅၀ ခန့်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရပါတယ်။ ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ ပွဲရုံလက္ကားဈေးတစ်ပိဿာလျှင် (ကြီး)ကျပ် ၉၀၀-၁၀၀၀၊ (လတ်) ကျပ် ၈၀၀-၉၀၀၊ (သေး) ကျပ် ၆၅၀-၇၀၀ တို့ဖြစ်ပြီး ဒေသတွင်း လက်လီဈေးများတွင် (ကြီး) ကျပ် ၁၃၀၀-၁၄၀၀၊ (လတ်) ကျပ် ၁၁၀၀-၁၂၀၀၊ (သေး) ကျပ် ၈၀၀-၉၀၀-၁၀၀၀ တို့ဖြင့် ရောင်း ဝယ်လျက်ရှိနေကြောင်း သိရပါတယ်။ အချို့ရောင်းဝယ်ဖောက်ကားသူများမှာ ကြီးလတ်သေးမခွဲဘဲ ပြည်ဈေးကွက်တွင် လက်လီဈေး (ဂွန်) တစ်ပိဿာကို ကျပ် ၁၀၀၀ နဲ့ ရောင်းချလျက်ရှိကြောင်း သိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

### အချိန်အခါမဲ့ မိုးရွာသွန်းသော်လည်း ဆောင်းစိုက်ကြက်သွန်နီ အထွက်နှင့် အရည်အသွေးကို မထိခိုက်နိုင်

ကောင်းကင်မှာရွေ့လျားဖြစ်ပေါ်နေတဲ့ မိုးတိမ်တောင်များကြောင့် မုံရွာမြို့နယ်အတွင်းမှာ မတ် ၁၁ ရက်မှ ၁၂ ရက်များမှာ အချိန်အခါမဲ့ မိုး အနည်းငယ်ရွာသွန်းခဲ့ပါတယ်။ ယခုအချိန်ဟာ စိုက်ပျိုးကာလစောတဲ့ ဆောင်း ကြက်သွန်များတူးဖော်ခူးဆွတ်ပြီး ဈေးကွက်အမီ တင်ပို့နေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့ပေမယ့် ဆောင်းစိုက်ကြက်သွန်နီ အထွက်နှုန်းနဲ့ အရည်အသွေးကို မထိခိုက်နိုင်ကြောင်း သိရပါတယ်။

မိုးကြောင့် ဆောင်းကြက်သွန်နီများ အထွက်နှင့် အရည်အသွေး ထိခိုက်မှုရှိနိုင်/မရှိနိုင် အခြေအနေများကို မေးမြန်းခဲ့ရာ မြေနဲကျေးရွာက ကြက်သွန်တောင်သူကြီး ဦးအောင်ထူးက ရွာတဲ့မိုးက ခပ်ပါးပါးသာရွာပြီး ညဘက်မှာ မိုးရွာပြီးနေ့ဘက်မှာ နေပူတဲ့အတွက် ပိုးကျရောက်မှုလည်း မရှိကြောင်း၊ အစိုဓာတ်မများတဲ့အတွက် ကြက်သွန်နီထုတ်လုပ်မှုကို ထိခိုက်မှုမရှိကြောင်း၊ ကြက်သွန်တူးဖော်ချိန် နှစ်ရက်ခန့် နောက်ကျရုံမျှသာဖြစ်ပြီး အထွက်နှင့် အရည်အသွေး ထိခိုက်မှုလုံးဝမရှိခဲ့ကြောင်း ပြောပြပါတယ်။ အခု ဆောင်းစိုက်ကြက်သွန်နီဈေးက ယခင်နှစ်ထက် အနည်းငယ် ဈေးပိုခဲ့ပြီး ကွင်းဈေး တစ်ပိဿာ ကျပ် ၆၀၀ ခန့်ရှိကြောင်း ၎င်းက ထပ်မံပြောပြခဲ့ပါတယ်။

**အောင်မင်း(တန့်ဆည်)**

### ပြည်ကြက်သွန်ဖြူ ကျဈေးနဲ့ အရောင်းအဝယ်ဖြစ်

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ရှမ်းပြည်နယ်နှင့် တရုတ်နိုင်ငံမှ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်နေရာမှ ယခုတစ်ပတ်မှာ ပိုမိုဝင်ရောက်နေတာတွေ့ရပါတယ်။ အများအပြား ဝင်ရောက်လာတာကြောင့် ကြက်သွန်ဖြူဈေးနှုန်းလည်း ထပ်မံကျလာကာ ဒေသတွင်းအရောင်းအဝယ်လည်းဖြစ် လျက်ရှိကြောင်း သိရပါတယ်။ ပြည်ပွဲရုံပေါက်ဈေးမှာ တစ်ပိဿာလျှင် (ရှမ်းစ) ကျပ် ၃၃၀၀ မှ ကျပ် ၃၈၀၀ ထိ အရွယ်အစားနဲ့ အရည်အသွေးပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ်ကွာဟလျက်ရှိပြီး (ကြူကုတ်စ) ကျပ် ၄၂၀၀ နဲ့ ဈေးငြိမ်နေတာတွေ့ရပါတယ်။ ဒေသတွင်းမှာ လက်လီတစ်ပိဿာလျှင် (ရှမ်း) ကျပ် ၄၂၀၀ နဲ့ (ကြူကုတ်စ) ကျပ် ၄၇၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိကြပါတယ်။ ကြက်သွန်ဖြူမှာ ကြူကုတ်စသာ အရောင်းအဝယ်ဖြစ်ပြီး ရှမ်းစကတော့ အရည်အသွေးအနည်းငယ်ညံ့ကာ အခွံထူပြီး အစိုဓာတ်ရှိနေတာကြောင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်အနေဖြင့် ပွဲရုံများတွင် အိတ် ၃၅၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း လည်းသိရပါတယ်။

**နီနီဝင်း**

### မြဝတီကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ မတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၉၅၀ တန်ဖိုးရှိ ကြက်သွန်နီ ၃၅ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၃၀ ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်ကြက်သွန်နီ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါ တယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ကြက်သွန်နီ (ဆိပ်ဖြူ)တစ်ပိဿာ ကျပ် ၇၅၀-၈၅၀၊ (မြစ်သား) တစ်ပိဿာ ကျပ် ၁၀၀၀-၁၀၅၀ ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ချင်း

### ပြည်ဈေးကွက်တွင် ချင်းဈေးအနည်းငယ်ကျ

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် အောင်ပန်းဘက်မှ မှာယူတင်သွင်းရောင်းဝယ်လျက်ရှိတဲ့ ချင်းများ ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ်၌ တစ်ပိဿာကို ချင်း (ရှယ်) ကျပ် ၆၀၀-၉၀၀၊ (ဂွန်) ကျပ် ၄၅၀-၅၅၀ တို့ရှိပြီး ယခင် တစ်ပတ်ကထက် ချင်းတစ်ပိဿာကို ကျပ် ၂၀၀ ခန့် ဈေးကျသွားခဲ့ပါတယ်။ ချင်းများ စိုက်ပျိုးထွက်ရှိရာ အောင်ပန်းဈေးကွက်၌ ချင်းဈေးများ ကျနေခြင်းကြောင့် ပြည်ဈေးကွက်တွင်လည်း ဈေးကျသွားခြင်းဖြစ်ပြီး ဈေးကွက်အတွင်းသို့ အဝင်ပုံမှန်၊ အရောင်းအဝယ်ပုံမှန်ဖြင့် ယခုတစ်ပတ်အတွင်း တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရပါတယ်။

**ဝင်းဝင်းခိုင်**

### ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ချင်းစို ပိုမိုတင်ပို့

မတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့ မောင်တော ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁၁၅၁၅ တန်ဖိုးရှိ ချင်းစို ၄၃ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေမှ ၂ တန်၊ မောင်တောမှ ၄၁ တန်ကျော် ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မောင်တောမှ ချင်းအပို့ မရှိခဲ့ဘဲ စစ်တွေမှ ချင်းစို ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ အမေရိကန်ဒေါ်လာ ၂၂၇၈၃ တန်ဖိုးရှိ ချင်းခြောက် ၁၈ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၅ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

### ချင်း(စို)ကို သီရိလင်္ကာနဲ့ ပါကစ္စတန်သို့တင်ပို့ရန် ဝယ်ယူလျက်ရှိ

အောင်ပန်းဈေးကွက်မှာ ချင်းပုံမှန်ဝင်နေသလို ပုံမှန်လည်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီနှစ်ထွက်တဲ့ ချင်းသစ်(စို)တွေကိုတော့ ပြည်ပဝယ်လက်တွေက အနည်းငယ် ပြန်ပြီးဝယ်လာပါတယ်။ ဒီတစ်ပတ်မှာတော့ အောင်ပန်းဈေးကွက်ကို ဝင်တဲ့ ချင်း(စို)ကို ပါကစ္စတန်နိုင်ငံကို တင်ပို့ဖို့အတွက် ဝယ်လက်တွေက တစ်ပိဿာကို ကျပ် ၄၅၀ နဲ့ ဝယ်ယူနေတယ် လို့သိရပါတယ်။

ဟဲဟိုးဈေးကွက်ကိုဝင်တဲ့ ချင်း(စို)တွေကို အချပ်လိုက်ပြုလုပ်ပြီး သီရိလင်္ကာကိုပို့ဖို့အတွက် အောင်ပန်းအခြေစိုက် ဖြိုးကျော်ကုမ္ပဏီကတော့ ဝယ်ယူနေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်ကလည်း ပိဿာချိန် ငါးသိန်းခန့်ဝယ်ယူခဲ့တယ်လို့ သိရပါတယ်။ ဝယ်ဈေးကတော့ တစ်ပိဿာ ကျပ် ၃၅၀ ဈေးရှိပါတယ်။ ဒီတစ်ပတ်တော့ အမှာစာပြည့်သွားလို့ ခဏအဝယ်ရပ်နေတယ်လို့လည်း သိရပါတယ်။

အောင်ပန်းဈေးကွက်မှ ချင်း(စို)တွေကိုတော့ လက်လီသမားတွေက ပုံမှန်အဝယ်ရှိနေပါတယ်။ ဈေးပတ်သမားတွေကတော့ ပြည်တွင်းသုံးဖို့အတွက်သာ အဝယ်ရှိနေပြီး ထိုးချင်းအတွက် ဝယ်ယူနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်းဈေးကွက်မှာ ချင်း(စို)က တစ်ပိဿာကို အနိမ့်ဆုံးကျပ် ၂၀၀ မှ အမြင့်ဆုံး ကျပ် ၄၃၀ ဈေးရှိတယ်လို့သိရပါတယ်။

**ဧခိုင်(တောင်ကြီး)**



### ဒီတစ်ပတ် နနွင်းတင်ပို့မှုလျော့

မတ် ၅ ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၀၂ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နနွင်း ၅၆ တန်နဲ့ စင်ကာပူနိုင်ငံသို့ နနွင်း(ရှမ်းစ) ၄၆ ဒသမ ၅တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၂၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၃၀ နီးပါး တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၈၃၆၇၃ ဒေါ်လာ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နနွင်း

### ရှမ်းနနွင်းကို ဖြိုးကျော်ကုမ္ပဏီက ပြည်ပတင်ပို့ရန် ဝယ်ယူလျက်ရှိ

အောင်ပန်းဈေးကွက်မှာ နနွင်း (သစ်)တွေ သိပ်ပြီးများများစားစား မဝင်သေးဘဲ အဝင်နည်းနေပါသေးတယ်။ ပြည်ပဝယ်လက်တွေကတော့ သိပ်မရှိသေးပါဘူး။ အောင်ပန်းအခြေစိုက် ဖြိုးကျော်ကုမ္ပဏီကတော့ ချင်းဝယ်ရင်း နနွင်းကိုပါ ဝယ်ယူနေပါတယ်။ နနွင်းကိုလည်း အရည်အသွေးပေါ် မူတည်ပြီး ဝယ်ယူနေတယ်လို့သိရပါတယ်။ ပြီးခဲ့တဲ့တစ်ပတ်က ဖြိုးကျော်ကုမ္ပဏီက ရှမ်းနနွင်း ပိဿာချိန် တစ်သောင်းခန့်ဝယ်ယူခဲ့တယ်လို့သိရပါတယ်။ အရည်အသွေးကောင်းမွန်တဲ့ နနွင်း(ဝါ)တောင်ပို့လစနဲ့ ဆင်တောင်နနွင်း(နီ)ကို ပိုပြီးဝယ်ယူတယ်လို့လည်းသိရပါတယ်။ ပြည်ပကို တင်ပို့ရန်အတွက် ဝယ်လှောင်ထားတာဖြစ်ပြီး နနွင်းနီကို ပိုမိုဝယ်ယူကြတယ်လို့ဆိုပါတယ်။ တောင်ပို့လစ(နီ)က အရည်အသွေး ကောင်းပေမယ့် အထွက်နှုန်းနည်းပါတယ်။ နနွင်းဟောင်းလက်ကျန်တွေရှိပေမယ့် သိပ်ပြီးအဝယ်မလိုက်တော့ပါဘူး။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းတစ်ပိဿာပေါက်ဈေးကတော့ နနွင်း(စို)တောင်ပို့လစက ကျပ် ၃၅၀၊ (ခြောက်)က ကျပ် ၂၂၀၀၊ အောင်ပန်းစ(ဝါ)စိုက ကျပ် ၂၀၀၊ (ခြောက်)က ကျပ် ၁၃၀၀၊ ဆင်တောင်နနွင်း(စို) က ကျပ် ၅၀၀၊ (ခြောက်) ကျပ် ၂၈၀၀ ဈေးရှိပါတယ်။

**ဧခိုင်(တောင်ကြီး)**

### မူဆယ်မှ နနွင်းတက် တန်ချိန် ၃၅၀ နီးပါးတင်ပို့

မတ် ၄ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ သုည ဒသမ ၂၃၄ သန်းတန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) တန်ချိန် ၃၄၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၉၇ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ နနွင်း ၁၅၂ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ကို မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) မတ် ၁၀ရက်မှာ ၉၄၃၈၄၀ ကျပ်ခန့်ရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၂၂၀၆၀ တန်ဖိုးရှိ နနွင်းတက် (ကျောက်ဆည်) ၃၂ တန်ကျော်ကို တင်ပို့ခဲ့ပါတယ်။ မြဝတီမှ ယခင်တစ်ပတ်က နနွင်းတင်ပို့မှုမရှိဘဲ မြဝတီကုန်စည်ဒိုင်မှာတော့ နနွင်းတက်တစ်တန်ကို ၉၀၉၈၄၀ ကျပ် ဝန်းကျင်ဈေးရှိတယ်လို့ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီအခြေစိုက် ဝါရှင်တန်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအသင်းတွင် Congressional Trade Agenda ဆွေးနွေးပွဲ ကျင်းပ

အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ဒီစီအခြေစိုက် ဝါရှင်တန် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု အသင်းမှ ကြီးမှူး ကျင်းပတဲ့ လွှတ်တော်ဆိုင်ရာ ကုန်သွယ်မှုအစီအစဉ် (Congressional Trade Agenda) ဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်က ဝါရှင်တန်ဒီစီမြို့ရှိ ဝါရှင်တန် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအသင်းမှာ ကျင်းပခဲ့တယ်လို့ အမေရိကန် ပြည်ထောင်စုရှိ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သံရုံးမှ ပေးပို့လာတဲ့ အစီရင်ခံစာအရ သိရှိရပါတယ်။

အဆိုပါ ဆွေးနွေးပွဲမှာ ကုန်သွယ်ရေး ညှိနှိုင်းမှုဆိုင်ရာ ကိစ္စရပ်များကို ပစိဖိတ်သမုဒ္ဒရာ ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် (Trans-Pacific Partnership -TPP) ကို လက်မှတ်ရေးထိုးခဲ့တဲ့ နိုင်ငံများနဲ့သာမက အခြား နိုင်ငံများနှင့်ပါ နှစ်နိုင်ငံညှိနှိုင်းမှု ပုံစံဖြင့် ဆောင်ရွက်သွားရန်ရှိကြောင်း၊ အဆိုပါ ညှိနှိုင်းမှုများတွင် အမေရိကန်နိုင်ငံအတွင်း အလုပ်အကိုင်ရရှိရေးအတွက် ဝန်ဆောင်မှုကဏ္ဍ ဖွင့်လှစ်ပေးရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကွန်ဂရက်နှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့( Trade Promotion Authority-TPA) ရဲ့အခန်းကဏ္ဍဟာ အရေးကြီးတဲ့အတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ အဓိက ပြဿနာမှာ ငွေကြေးဆိုင်ရာ ဈေးကစားခြင်း/ ကြိုးကိုင်ခြယ်လှယ်ခြင်း (Currency Manipulation)၊ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့် (Intellectual Property-IP) နဲ့ ကုန်သွယ်မှုကုစားမှုဆိုင်ရာ ကိစ္စရပ်များ ထိုးဖောက်ဝင်ရောက်လာခြင်း (Trade Remedy Invasion) တို့ဖြစ်ကြောင်း၊ ကုန်သွယ်ရေးသဘောတူညီမှုများ ညှိနှိုင်းပြီးစီးပါက သက်ဝင်ရေးကို အဓိကဦးစားပေးမှာဖြစ်ကြောင်းနှင့် အငြင်းပွားမှု ဖြေရှင်းရေးအတွက် ထိရောက်စွာ ဆောင်ရွက်မှာဖြစ်ကြောင်း၊ အခွန်စနစ် ပြုပြင်ပြောင်းလဲရေးတွင် ကုန်သွယ်ရေးထက် အခွန်ကိစ္စရပ်မှာ အဓိကပြဿနာ ဖြစ်ကြောင်း၊ လုပ်ငန်းများသည် အခွန်စနစ်ကြောင့် ပင်လယ်ရပ်ခြားတွင် ရွှေ့ပြောင်း ရင်းနှီးလုပ်ကိုင်ခြင်းဖြစ်တဲ့အတွက် တွန်းအားပေးမှုရရှိစေရန်အတွက် ပြောင်းလဲမှု ကြီးကြီးမားမား ဆောင်ရွက်ရန်ရှိကြောင်း၊ ဥရောပသမဂ္ဂနိုင်ငံများအဖွဲ့၊ ကနေဒါ၊ ဂျပန်နိုင်ငံတို့တွင် ကျင့်သုံးနေသော အခွန်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေမှာဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကုန်သွယ်မှု ဦးစားပေး အစီအစဉ်ဆက်လက်ရှိနေမှာဖြစ်ပြီး ယေဘုယျအကောက်ခွန် သက်သာခွင့်စနစ် (Generalized System of Preference-GSP) ဆက်လက်ထားရှိရေးအတွက် ထောက်ခံသူများ ရှိနေ သေးကြောင်း၊ ကုန်သွယ်ရေး ဥပဒေသစ်မှာ ငွေကြေးနှင့် စပ်လျဉ်း၍ ထည့်သွင်းထားပြီး၊ ကွန်ဂရက်တွင် ကုန်သွယ်ရေး အစီအစဉ်ရှိပြီး ဖြစ်ကြောင်း၊ ကုန်သွယ်မှုလိုငွေတွင် နှစ်နိုင်ငံ လိုငွေဖြစ်ပေါ်မှုထက် နိုင်ငံအားလုံးနှင့် လိုငွေဖြစ်ပေါ်မှုကို ကြည့်မှာဖြစ်ကြောင်း၊ နယ်စပ်ဆိုင်ရာ အခွန်စနစ် ပြုပြင်ပြောင်းလဲမှုသည် ထူးခြားစွာပြောင်းလဲမှာ မဟုတ်ကြောင်း၊ အခွန်စနစ်ဆိုင်ရာ Tax Package မှာဖော်ပြပေးမှာ ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနဲ့ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နဲ့ဆိုင်တဲ့ ကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်ရန်ရှိကြောင်းတို့ကို အဓိကထား ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ အဖွဲ့ဝင် (၁၂) နိုင်ငံ (ဩစတြေးလျ၊ ကနေဒါ၊ ဘရူနိုင်း၊ ချီလီ၊ ဂျပန်၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ စင်္ကာပူ၊ အမေရိကန်၊ ဗီယက်နမ်) ပါဝင်တဲ့ ပစိဖိတ်သမုဒ္ဒရာ ဖြတ်ကျော်ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက် (Trans-Pacific Partnership -TPP) စေ့စပ်ညှိနှိုင်းမှုများတွင် သမ္မတဟောင်း ဘားရတ်အိုဘားမား လက်ထက်က အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်စေ့စပ် ဆွေးနွေးခဲ့ပေမယ့် သမ္မတသစ်ဒေါ်နယ်ထရမ့် လက်ထက်မှာတော့ အဆိုပါ သဘောတူညီချက်အရ ၎င်းတို့နိုင်ငံက လုပ်ငန်းတွေဟာ လုပ်အားခသက်သာတဲ့ အဖွဲ့ဝင်နိုင်ငံတွေဆီကို ရွှေ့ပြောင်း ရောက်ရှိသွားမှာကို ကာကွယ်တဲ့အနေနဲ့ TPP ကနေ နှုတ်ထွက်တယ်လို့ ကြေညာခဲ့ပြီး ၎င်းတို့အနေနဲ့ တစ်နိုင်ငံချင်းစီနဲ့ သီးခြားဆွေးနွေးမှုများ ဆောင်ရွက်မှာဖြစ်ကြောင်း သတင်းများအရ သိရှိရပါတယ်။

**ရွှေစင်ဦး (DOT)**

## လွိုင်ကော်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၂/ ၂၀၁၇) ကျင်းပ

လွိုင်ကော်ခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/ ၂၀၁၇) ကို ဖေဖော်ဝါရီလ ၂၇ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ အဆိုပါလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ လွိုင်ကော်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်း၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြို့ရီနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါတယ်။

အစည်းအဝေးတွင် လွိုင်ကော်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မြို့ရီက ယခင်လ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/ ၂၀၁၇) ဆုံးဖြတ်ချက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရှေ့ဆက်လက်၍လွိုင်ကော်ခရိုင်အတွင်း စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာများကို အုပ်စုခွဲ၍ ဆောင်ရွက်မည့် အသိပညာပေး ဟောပြောပွဲများနှင့် ဈေးကွက်အတွင်း ထုတ်ကုန်လုံခြုံ စိတ်ချရမှုအတွက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်မည့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ပြီးနောက် အဖွဲ့ဝင်များ၏ အပြန်အလှန် ဆွေးနွေးချက်များကိုလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

## ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတွင် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကျင်းပ




ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားကို ကယားပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ မတ်လ ၁၅ ရက်က ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ်အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမော်မော်၊ ပြည်နယ်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် ကော်မတီနှစ်ရပ်အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များနှင့် လွိုင်ကော်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း ဆရာ/ ဆရာမများ၊ ကျောင်းမုန့်ဈေးသည်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် သတင်းမီဒီယာများစုစုပေါင်း ၅၃ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးမော်မော်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျှန်စွမ်းက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံ သမိုင်းကြောင်းနှင့် စားသုံးသူ၏အခွင့်အရေးများ၊ မိမိတို့ ကယားပြည်နယ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် ကယားပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးမျိုးခန့်က စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ စိုက်ပျိုးရေးရှုထောင့်မှ ပြောကြားရာတွင် စားသုံးသူများသည် တိုးတက်ပြောင်းလဲလာမှုနှင့်အတူ မိမိတို့၏စားသောက်သည့်ပစ္စည်းများကို ဘေးအန္တရာယ်ရှိ/မရှိ သတိထားဝယ်ယူသင့်ပါကြောင်း၊ ထုတ်လုပ်သူများအနေဖြင့်လည်း ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို အလွန်အကျွံ သုံးစွဲခြင်းမပြုဘဲ (GAP) Good Agriculture Practice စနစ်ကျင့်သုံးခြင်းတွင် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း၊ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်မှသာလျှင် စားသုံးသူအတွက်လည်း ကျန်းမာရေးနှင့် ညီညွတ်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ ကျန်းမာသက်ရှည်မှသာ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ကျော်ဇင်ထွေး**
**(စားသုံးသူ၊ ကယား)**

# စာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၃၀၀၀၀ နီးပါးဝင်

မတ် ၅ ရက်မှ ၁၁ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၀၃၅၇၉၂၀ တန်ဖိုးရှိ ဒီဇယ် ၈၂၄၄၃ ဒသမ ၇၄၆ တန်နဲ့ ကန်ဒေါ်လာ ၂၅၈၃၄၃၅၈ တန်ဖိုးရှိ ဓာတ်ဆီ ၄၄၆၈၃ ဒသမ ၅၈၂ တန်၊ စုစုပေါင်း ၁၂၇၁၂၇ ဒသမ ၃၂၈တန် ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်အဝင် တန်ချိန် ၃၄၈၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန်၉၈၂၀ ကျော် အဝင်ပိုခဲ့သလို ယခင်သီတင်းပတ်တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၄၄၈၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန်၃၇၆၀၀ကျော် အဝင်ပိုခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရောဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၆၅၂၈၆၀ တန်ဖိုးရှိ ဒီဇယ် ၁၂၄၀တန်နဲ့ ကန်ဒေါ်လာ ၂၉၉၄၂၀ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၅၀၀ တင်သွင်းခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၂၈၅၇ တန်ဖိုးရှိ ဓာတ်ဆီ ၅၂ ဒသမ ၅ တန်၊ တာချီလိတ်ကုန်သွယ်ရေး စခန်းမှ ကန်ဒေါ်လာ ၃၄၅၁၄၃ တန်ဖိုးရှိ ဒီဇယ် ၂၇၂ တန်နဲ့ ကန်ဒေါ်လာ ၁၉၄၆၃၀ တန်ဖိုးရှိ ဓာတ်ဆီ တန်ချိန် ၃၄၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (95)နဲ့(92)ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၇၁၀ ကျပ်၊ အောက်တိန်း (92) ၇၁၅ ကျပ် ၊ အောက်တိန်း (95) ၇၅၀ ကျပ်၊ အဆင့်မြင့် ဒီဇယ် ၇၂၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ်လ၁၃ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၄၃၀၀၀၊ ရောင်းဈေး ကျပ်၁၄၅၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ မတ်လ၁၃ရက်မှာ ဓာတ်ဆီ ဝယ်ဈေး ကျပ် ၁၅၃၀၀၀ ၊ ရောင်းဈေး ကျပ်၁၅၇၀၀၀ နဲ့အရောင်းအဝယ် ဖြစ်ခဲ့ပြီး နောက်ရက်များတွင် ဆက်တိုက်ဈေးကျလာခဲ့ရာ မတ်လ ၁၆ ရက်နေ့တွင် ဝယ်ဈေး ကျပ် ၁၄၄၀၀၀၊ ရောင်းဈေး ကျပ် ၁၄၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဒီဇယ်ဈေးငြိမ်ခဲ့ပေမယ့် ဓာတ်ဆီဈေးကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၀၀၀၊ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၀၀၀ နဲ့အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ၈၈၀ကျပ် ၊ ဒီဇယ် ကျပ် ၇၆၀ ၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၈၀၊ အောက်တိန်း (92) ကျပ် ၈၀၀နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ မတ် ၁၃ ရက်မှာ ဒီဇယ်ဝယ်ဈေးကျပ် ၁၄၉၀၀၀၊ ရောင်းဈေးကျပ် ၁၅၂၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး နောက်ရက်များတွင် ဆက်တိုက်ဈေးကျ လာခဲ့ရာ မတ်လ ၁၆ရက်နေ့တွင် ဝယ်ဈေး ကျပ် ၁၄၆၀၀၀၊ ရောင်းဈေးကျပ် ၁၄၈၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ မတ်လ ၁၃ ရက်တွင် ဝယ်ဈေး ကျပ် ၁၄၆၀၀၀၊ ရောင်းဈေး ကျပ် ၁၄၉၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ်လ ၁၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀၊ ရောင်းဈေး ကျပ် ၃၀၀၀ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့နှိုင်းယှဉ်ရင် ဓာတ်ဆီရောဒီဇယ်ပါ ဈေးနည်းနည်း ကျလာတယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များရဲ့ တစ်ဂါလံဈေးမှာ ဒီဇယ် ကျပ်၃၁၀၀၊ ဓာတ်ဆီ ကျပ်၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီနဲ့ဒီဇယ်မှာဈေးငြိမ်ပြီး အောက်တိန်းမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလံဈေးများမှာ ဓာတ်ဆီကျပ် ၃၃၀၀၊ ဒီဇယ် ၃၄၄၅ ကျပ်၊ အောက်တိန်း ကျပ် ၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင် များမှာ ဓာတ်ဆီတစ်ဂါလံ ကျပ် ၃၃၀၀၊ ဒီဇယ် တစ်ဂါလံ ကျပ် ၃၅၀၀၊ အောက်တိန်း တစ်ဂါလံ ကျပ် ၃၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ **MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျ အနည်းငယ်သာရှိ

ယခုတစ်ပတ်တွင် ပြည်တွင်းငွေလဲနှုန်းများသည် အတက်အကျ အနည်းငယ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

သို့သော် ပြီးခဲ့သည့်ရက်သတ္တပတ်ကထက်မူ အနည်းငယ်ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ယခု တစ်ပတ်တွင်မူ နေ့စဉ်တစ်ကျပ်နှစ်ကျပ် ခန့် အတက်အကျများ ရှိနေသော်လည်း အရောင်းအဝယ်မှာမူပုံမှန်သာရှိကြောင်း သိရသည်။

"ဒီတစ်ပတ်မှာတော့ ငွေလဲနှုန်းက နည်းနည်းငြိမ်တယ်လို့ ပြောရမယ်။ တစ်ကျပ်၊ နှစ်ကျပ်လောက်ပဲ အတက်အကျရှိတယ်။ ပြီးခဲ့တဲ့တစ်ပတ်ကထက်တော့ ဈေးနည်းနည်း ကျသွားတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပါပဲ။ ဘတ်ဂျက်ပိတ်ခါနီးဆိုတော့ နောက်တစ်ပတ်လောက်ဆို အရောင်းအဝယ်သွက်လာလိမ့်မယ်လို့ထင်တယ်" ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲစင်တာများတွင် မတ် ၁၃ ရက်က ရောင်းဈေး ၁၃၆၇ ကျပ်၊ ဝယ်ဈေး ၁၃၆၅ ကျပ်ရှိခဲ့ပြီး မတ် ၁၅ ရက်တွင် ရောင်းဈေး ၁၃၆၆ ကျပ်၊ ဝယ် ဈေး ၁၃၆၄ ကျပ်ရှိခဲ့သည်။ မတ် ၁၇ ရက်တွင် ရောင်းဈေး ၁၃၆၆ကျပ်၊ ဝယ်ဈေး ၁၃၆၃ ကျပ် ရှိခဲ့သည်။ **မယ်သီတာ**

## အဝယ်လိုက်လာမှုများကြောင့် ပြည်တွင်းရွှေဈေးများ ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့်ရက်သတ္တနှစ်ပတ်ဆက်တိုက်ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေထည်များ အဝယ်လိုက်လာသဖြင့် ဈေးမြင့် တက်လာရခြင်းဖြစ်ကြောင်း၊ ဧပြီ ၁ ရက်မှစတင်ကာ ရွှေဝယ်သူများအနေဖြင့် အထည်ဝယ်လျှင် အခွန်တစ်ရာခိုင်နှုန်း၊ ဒိုးဝယ်လျှင် အခွန် ငါးရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်သဖြင့် ယခုရက်ပိုင်းအတွင်း အဝယ်လိုက်လာခြင်းဖြစ်သည်ဟု ဆိုသည်။

"ဒီရက်ထဲမှာ အဝယ်လိုက်လာတယ်။ ဧပြီ ၁ ရက်ကစပြီး အခွန်ဆောင်ရမယ်ဆိုတဲ့အတွက် အခုလိုအဝယ်လိုက်နေတာပါ။ အဝယ်လိုက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးကတက်လာတယ်။ ကမ္ဘာ့ရွှေဈေးကလည်း တစ်ပတ်အတွင်း ဒေါ်လာ ၂၀ လောက် မြင့်တက်လာတော့ ပြည်တွင်းရွှေဈေးလည်း လိုက်ပြီးတက်လာတာပါ" ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးများသည် မတ် ၁၃ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၈၅၃၀၀ ရှိခဲ့ပြီး မတ် ၁၅ ရက်တွင် ကျပ် ၈၈၈၀၀၀ သို့ မြင့်တက်ခဲ့သည်။ မတ် ၁၈ ရက်တွင် ကျပ် ၈၉၄၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မတ် ၁၃ ရက်က တစ်အောင်စလျှင် ၁၂၀၅ ဒေါ်လာ ရှိခဲ့ရာမှ မတ် ၁၅ ရက်တွင် ၁၂၂၅ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ မတ် ၁၈ ရက်တွင် ၁၂၂၉ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## FMI ၏ အစုရှယ်ယာဈေးနှုန်းများ ပြန်လည်မြင့်တက်လာပြီး ကျန်အစုရှယ်ယာများ၏ဈေးနှုန်းများ တည်ငြိမ်လျက်ရှိ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် FMI ၏ အစုရှယ်ယာဈေးနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း၊ ကျန် အစုရှယ်ယာများ၏ဈေးနှုန်းများမှာမူတည်ငြိမ်လျက်ရှိကြောင်း YSX ၏ ထုတ်ပြန်ချက်များအရ သိရသည်။

FMI ၏ရှယ်ယာဈေးနှုန်းများသည် ပြီးခဲ့သည့် တစ်ပတ်က ကျပ် ၁၆၀၀၀ အထိ ကျဆင်းသွားခဲ့သော်လည်း ယခုတစ်ပတ်တွင် ကျပ် ၁၈၀၀၀ အထိ ပြန်လည်မြင့်တက်လာခဲ့သည်။

FMI ၏ ရှယ်ယာဈေးနှုန်းများ မြင့်တက်ကာ နေ့စဉ်အရောင်းအဝယ်ဖြစ်လာခဲ့ကြောင်း၊ ဈေးကွက်အတွင်း နေ့စဉ်လိုလို FMI ရှယ်ယာများကို ဝယ်ရောင်းပြုလုပ်နေသူများ များပြားခဲ့ပြီး MTSH မှအပ ကျန်အစုရှယ်ယာများမှာမူ အရောင်းအဝယ် အနည်းငယ်သာ ဖြစ်ခဲ့ကြောင်း သိရသည်။

FMI ၏ ဈေးနှုန်းများသည် မတ် ၁၃ ရက် ဈေးစတင်ဖွင့်ချိန်က ကျပ် ၁၇၅၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး အစုရှယ်ယာပေါင်း သုံးထောင်ကျော် အရောင်းအဝယ်ဖြစ်ခဲ့သည်။ မတ် ၁၄ ရက်ဈေးစတင်ဖွင့်ချိန်တွင် ကျပ် ၁၈၀၀၀ဖြင့် ဈေးဖွင့်ခဲ့ရာ အစုရှယ်ယာပေါင်း လေးထောင်နီးပါး အရောင်းအဝယ်ဖြစ်ခဲ့ပြီး ညနေပိုင်းတွင် ကျပ် ၁၇၅၀၀ သို့ ဈေးပြန်လည်ကျဆင်းသွားခဲ့သည်။

ထို့နောက် မတ် ၁၇ ရက်တွင် ကျပ် ၁၇၀၀၀ သို့ ကျဆင်းသွားခဲ့ကာ အစုရှယ်ယာပေါင်း ၃၅၀၀ နီးပါး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း FMI ၏ ထုတ်ပြန်ချက်များအရ သိရသည်။
**မယ်သီတာ**

## Currency Exchange Rate

March 17, 2017
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 80.18 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.90 |
| EUR | Euro | 0.93 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 65.56 |
| I DR | Indonesia Rupiahs | 13359.66 |
| JPY | Japan Yen | 113.33 |
| MYR | Malaysia | 4.44 |
| PKR | Pakistan Rupees | 104.83 |
| PHP | Philippines Pesos | 50.16 |
| RUB | Russia Rubles | 57.91 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1132.28 |
| LKR | Sri Lanka Rupe | 152.33 |
| THB | Thailand Baht | 34.96 |
| GBP | United Kingdom Pounds | 0.81 |
| VND | VietnamDon | 22781.96 |

*Source:xe.com*

## World Gold Price

March, 2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 13 | 1214 | 1211 | 1211 |
| 14 | 1207 | 1204 | 1205 |
| 15 | 1206 | 1203 | 1203 |
| 16 | 1229 | 1227 | 1226 |
| 17 | 1231 | 1228 | 1228 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 13-3- 2017 | 884.00 | 883.90 |
| 14-3-2017 | 883.50 | 882.50 |
| 15-3- 2017 | 883.00 | 883.00 |
| 16-3 -2017 | 892.00 | 891.50 |
| 17-3- 2017 | 893.80 | 893.70 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 13 | 6 .91 | 35.30 | 80.25 | 66.18 |
| 14 | 6. 92 | 35.31 | 79.50 | 66.21 |
| 15 | 6 .91 | 35.25 | 80.35 | 65.47 |
| 16 | 6 .89 | 35.02 | 79.55 | 65.45 |
| 17 | 6.90 | 34.96 | 80.18 | 65.56 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 13- March | 17.09 | 2800.00 | 1909.82 | 5901.95 | 945.00 |
| 14- March | 16.94 | 2777.38 | 1898.62 | 5889.41 | 939.00 |
| 15- March | 16.89 | 2781.86 | 1886.75 | 5886.72 | 938.00 |
| 16- March | 17.43 | 2866.30 | 1923.49 | 5994.02 | 967.00 |
| 17- March | 17.26 | 2866.75 | 1908.48 | 5929.50 | 954.00 |

Source:kitco.com

## Energy NYMEX 17-3-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 48.86 | 0.11 | 0.23 |
| Brent Crude Futr (USD/bbl) | 51.79 | 0.05 | 0.10 |
| Gasoline Rbob Fut (Cent/gal) | 159.11 | -0.31 | -0.19 |
| Natural Gas Futr (USD/MMBtu) | 2.89 | -0.01 | -0.31 |
| Heating Oil Futr (Cent/gal) | 150.48 | 0.05 | 0.03 |

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေတန်ချိန် တစ်သောင်းငါးထောင်ကျော်အဝင်ပို

မတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၀၆၀၃၀၅ တန်ဖိုးရှိ ဘိလပ်မြေ ၁၅၅၈၆ ဒသမ ၂၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၆၈ တန်၊ မလေးရှားနိုင်ငံမှ ၈၁၆၀ ဒသမ ၆၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၇၂၅၇ ဒသမ ၆၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၁၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၄၄၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ကာလတူဖြစ်တဲ့ ၂၀၁၆ ခုနှစ် မတ် ၅ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၈၀၀၀ ကျော်ရှိခဲ့တာကြောင့် ယခုနှစ် ဘိလပ်မြေအဝင်နဲ့နှိုင်းယှဉ်ရင် ဒီနှစ်မှာ တန်ချိန် ၂၂၄၀၀ ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက်အရောင်းသွက်

မတ် ၅ ရက်မှ ၁၁ရက် အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၅၅၈၀ ကျော်ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၁၄၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၅၄၄၀ ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင် မှာ တန်ချိန် ၃၅၉၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၁၉၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၀၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်** မှာ ဘိလပ်မြေ အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာမော်လမြိုင်ဆင်က ကျပ် ၁၀၀ ဈေးမြင့်ခဲ့ပြီး ကျန်ဘိလပ်မြေများက ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း)ကျပ် ၅၇၀၀၊ စိန်(ထိုင်း) ကျပ် ၅၇၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၅၀၀၊ ကြံ့နှစ်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ တည်ဆောက်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာဆင်နဲ့စိန်ဘိလပ်မြေက ကျပ် ၁၅၀၊ ကြံ့(မြိုင်ကလေး)ဘိလပ်မြေက ကျပ် ၃၀၀ ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၅၅၀၊ စိန်(ထိုင်း)ကျပ် ၅၅၅၀၊ ကြံ့(မြိုင်ကလေး) ကျပ် ၄၈၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများကောင်းလာပြီး အရောင်းအဝယ်ပိုသွက်လာတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ အရောင်းအဝယ်ကောင်းလာပေမယ့် ဘိလပ်မြေဈေးကယခင်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ အေသုံးလုံး ကျပ် ၄၅၀၀၊ မြန်မာဆင် ကျပ် ၄၁၀၀၊ ဆင်(ထိုင်း)ကျပ် ၆၇၀၀၊ စိန်(ထိုင်း)ကျပ် ၆၈၀၀၊ ဆင်မင်း ကျပ် ၄၂၀၀၊ ကျားခေါင်း ကျပ် ၄၀၀၀၊ မြင်းခေါင်း ကျပ် ၄၅၀၀နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ကျပ် ၅၂၀၀၊ ဆင်(ထိုင်း) ကျပ် ၅၈၀၀၊ ကြံ့ ကျပ် ၄၇၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မြေဩဇာအဝင်ပိုလာ

မတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၂၃၃၁၅ တန်ဖိုးရှိ မြေဩဇာ ၄၂၈၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၃၆၄ တန်၊ ဂျာမနီနိုင်ငံမှ ၉၇၅ တန်၊ အိန္ဒိယနိုင်ငံမှ ၃ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၃ တန်၊ လာအိုနိုင်ငံမှ တန်ချိန် ၅၀၀၊ ဆော်ဒီအာရေးဗီးယားနိုင်ငံမှ တန်ချိန်၄၂၀၊ ထိုင်းနိုင်ငံမှ ၁၀၀၈ တန်နဲ့ အမေရိကန်နိုင်ငံမှ ၁၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ ပိုတက်၊ နိုက်တြိုဂျင်၊ ကွန်ပေါင်းနဲ့ အာမိုတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ၂၈၇၉ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေးနေ

မတ် ၅ ရက်မှ မတ် ၁၁ ရက် အထိသီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ မြေဩဇာ တန်ချိန်၄၂၈၉ တန် အဝင်ရှိခဲ့ပြီး ယခင် သီတင်းပတ်က တန်ချိန် ၂၈၇၀ ကျော်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေဩဇာအဝင်မှာ တန်ချိန် ၁၁၂၈၀ ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၂၁၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၇၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေဩဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင် လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ရာသီသီးနှံအတွက် အဆွဲမရှိသလောက် အေးပြီး ဈေးလည်းငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၂၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၀၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၂၅၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၂၅၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၀၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ်၂၃၅၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာကုမ္ပဏီများက ရွာတွေအထိ အရောင်းဆင်းတာကြောင့် မြို့ပေါ်ဆိုင်များမှာ အရောင်းအေးလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားနဲ့ဓာတ်ဆားက ဈေးနည်းနည်းမြင့်ပြီး မြွားကမ္ဘာက ဈေးအနည်းငယ်ကျကာ ကျန်မြေဩဇာများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၂၃၀၀၊ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၂၉၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၃၀၀၀၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၇၅၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၃၅၀၀၊ ပိုတက်(တရုတ်) ကျပ်၂၃၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၈၀၀၀ ၊ မြွားကမ္ဘာကျပ် ၁၅၄၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်**မှာ မြေဩဇာအရောင်းအဝယ်အေးနေတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က မြေဩဇာဈေးများကျလာခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) အပြာ ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၆၀၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီတန်ချိန် ၂၀၀ ကျော်နဲ့ နို့မှုန့်တန်ချိန် ၄၀၀ ကျော်ဝင်

မတ် ၅ ရက်မှ ၁၁ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၀၄၂၀၀ တန်ဖိုးရှိ နို့ဆီ ၂၁၈ ဒသမ ၈၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီတစ်မျိုးသာ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၆၃၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၁၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်က နယူးဇီလန်နိုင်ငံမှ ၂၅၁ ဒသမ ၈၂၅ တန်၊ မလေးရှားနိုင်ငံမှ ၁၄၄ဒသမ ၂၅၉ တန်၊ ပိုလန်နိုင်ငံမှ ၅၁ တန် နဲ့တရုတ်နိုင်ငံမှ သုည ဒသမ ၃၀ တန် စုစုပေါင်း ၄၄၇ ဒသမ ၃၈၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းတန်ချိန် ၁၆၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။



### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၃ မှ ၁၀/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၂ မှ ၃/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၇၂•၀၅ | ၅၅၀•၀၀ | (+) | ၂၂•၀၅ |
| ၂။ | လွယ်ဂျယ် | ၀၃၉•၀၀ | ၇၄၀•၅၀ | (+) | ၉၀•၅၀ |
| ၃။ | ချင်းရွှေဟော် | ၂၆၁•၅၀ | ၃၆၃•၀၀ | (-) | ၁၀၁•၅၀ |
| ၄။ | ကန်ပိုက်တီး | ၅၁၅၃•၅၀ | ၅၃၃၃•၀၀ | (-) | ၁၇၉•၅၀ |
| ၅။ | တာချီလိတ် | ၁၀၃၀၀•၀၀ | ၆၃၀၀•၀၀ | (+) | ၄၀၀၀•၀၀ |
| ၆။ | မြဝတီ | ၅၀၉•၆၀ | ၁၁၄၆•၂၀ | (-) | ၅၅၆•၆၀ |
| ၇။ | ကော့သောင်း | ၁၄၅၅၀•၀၀ | ၁၃၈၈၀•၀၀ | (+) | ၆၇၀•၀၀ |
| ၈။ | မြိတ် | ၃၆၇၀•၀၀ | ၃၆၀၀•၀၀ | (+) | ၇၀•၀၀ |
| | စုစုပေါင်း | ၃၅၉၃၅•၆၅ | ၃၁၉၁၂•၇၀ | (+) | ၄၀၂၂•၉၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၆/၃ မှ ၁၀/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၅/၂ မှ ၃/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၃၅၉•၇၅၀ | ၈၉၂၅•၇၅၀ | (-) | ၅၆၆•၀၀၀ |
| ၂။ | လွယ်ဂျယ် | ၅၄•၀၀၀ | ၁၄၃•၀၀၀ | (-) | ၈၉•၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၇၅•၅၀၀ | ၃၄၉•၅၀၀ | (-) | ၇၄•၀၀၀ |
| ၄။ | ကန်ပိုက်တီး | ၁၆၅•၀၀၀ | - | (+) | ၁၆၅•၀၀၀ |
| ၅။ | မြဝတီ | ၂၉•၂၆၆ | ၆၃၉•၁၀၀ | (-) | ၆၀၉•၈၃၄ |
| ၆။ | ကော့သောင်း | - | ၁၀၃•၈၀၀ | (-) | ၁၀၃•၈၀၀ |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၂၄၀၀•၀၀၀ | ၂၀၀၀•၀၀၀ | (+) | ၄၀၀•၀၀၀ |
| | စုစုပေါင်း | ၁၁၂၈၃•၅၁၆ | ၁၂၁၆၁•၁၅၀ | (-) | ၈၇၇•၆၃၄ |

ခင်မိုးသူ

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## နှမ်း

# ပြည်ဈေးကွက်မှာ နှမ်းနီ၊ နှမ်းနက်ဈေးပြန်ကျပြီး စပုံနက်နှမ်း ဈေးငြိမ်နေပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ နှမ်းနီနှင့် နှမ်းနက်ဈေးပြန်ကျပြီး စပုံနက်နှမ်းဈေးငြိမ်နေတာ တွေ့ရပါတယ်။ အဝင်မရှိလို့ ဈေးကွက်တွင် လက်ကျန်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ဈေးရှိသဖြင့် တောင်သူများက အရောင်းမရှိပေမယ့် ပွဲရုံများမှ ကျပ် ၈၃၀၀၀မှကျပ်၈၅၀၀၀ဈေးရမှသာ ရောင်းချသဖြင့်ဈေးပိုပေးမှ ရောင်းချတာဖြစ်တယ်လို့ ပွဲရုံအသိုင်းအဝိုင်းမှသိရပါတယ်။ နှမ်းနက်ဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၀၀၀၀ ဖြင့် ယခင်တစ် ပတ်ထက် ကျပ်၁၅၀၀၀ ဈေးကျလာတာ တွေ့ရပါတယ်။ စပုံနက်နှမ်းဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေတာ တွေ့ရပါတယ်။

**ဝေဝေမင်း**

# မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများမှ နှမ်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ မတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉၈သန်းတန်ဖိုးရှိ နှမ်းဖြူ နှမ်းနက် ၄၇၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာမူဆယ်မှ နှမ်းနက် ၁၅၃ တန်နဲ့ နှမ်းဖြူ (အခွံချွတ်) ၉၇ တန်၊ ချင်းရွှေဟော်မှ နှမ်းနက်၂၀၁ တန်ကျော်နဲ့ နှမ်းဖြူ ၂၂တန်ကျော်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ချင်းရွှေဟော်စခန်းနှစ်ခုပေါင်းမှ နှမ်းရောင်စုံတန်ချိန် ၉၃၄ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နယ်စပ်မှ နှမ်း၄၆၀တန် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ရော ချင်းရွှေဟော်မှပါ နှမ်းညိုတင်ပို့မှု မရှိတာကြောင့် ယခုတစ်ပတ်မှာနှမ်းတင်ပို့မှု လျော့နည်းရတာဖြစ်ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ၁၃၃၄၆၂၇ကျပ်၊ နှမ်းနက်တစ်တန်လျှင် ၂၃၀၄၅၅၉ ကျပ်ဈေးရှိကြောင်းသိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၄၂၀၇၅ တန်ဖိုးရှိ နှမ်းနက် ၃၂ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ **မော်မော်အောင်**

## စားအုန်းဆီ

# စားအုန်းဆီ ပြည်ပတင်ပို့မှု မြင့်တက်လာသည့်အတွက် မလေးရှား စားအုန်းဆီဈေး ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်

မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးသည် မတ် ၁၅ ရက် ညနေပိုင်းတွင် မြင့်တက်လာကြောင်း စတားအွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။

မလေးရှားစားအုန်းဆီ ပြည်ပတင်ပို့မှုသည် ပြန်လည်မြင့်တက်လာပြီး စားအုန်းဆီ လက်ငင်းဈေးကွက်တွင် ဈေးနှုန်းများလည်း မြင့်တက်လာသည့်အတွက် စားအုန်းဆီဈေးနှုန်းသည် နေ့အလိုက် နှိုင်းယှဉ်ပါက ဒုတိယနေ့အဖြစ် ဆက်လက်မြင့်တက်ပြီး လေးလအတွင်း အမြင့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

အယ်လ်နီညိုရာသီဥတုအသွင်သဏ္ဍာန်များက ယခုနှစ်အတွင်း ပြန်လည်ဖြစ်ပေါ်လာဦးမည့် အလားအလာများရှိနေသည့်အတွက် ဖြစ်ပေါ်ရသော စိုးရိမ်မှုများကြောင့် စားအုန်းဆီဈေးနှုန်းကို မြင့်တက်စေရန် အထောက်အကူဖြစ်စေခဲ့ကြောင်း ကုန်သည်တစ်ဦးက ပြောသည်။ အယ်လ်နီညို ရာသီဥတုအသွင်သဏ္ဍာန်များကြောင့် ဒေသတွင်းရှိ မိုးရွာသွန်းမှုအခြေအနေမှာ သာမန်အောက် ကျဆင်းမည့်အခြေအနေရှိပြီး သီးနှံအထွက်နှုန်း ကျဆင်းမည်ကို စိုးရိမ်လျက်ရှိသည်။

ဘာဆာမလေးရှား ကုန်စည်ဒိုင် (Bursa Malaysia Deritvatives Exchange) တွင် စားအုန်းဆီကြိုရောင်းဈေး၏ အခြေခံစံထားဈေးနှုန်းမှာ ၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်ကို ၂၈၁၇ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၃၃ ဒသမ ၆၀ဒေါ်လာ) နှုန်းရှိသည်။ ဤဈေးနှုန်းမှာ နေ့အလိုက် နှိုင်းယှဉ်ပါက နိုဝင်ဘာ ၁၁ ရက်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ပြီး ငါးလအတွင်း အနိမ့်ဆုံးဈေးသို့ရောက်ရှိရာမှ ပြန်လည်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

မတ်၁၅ ရက် ညနေပိုင်းက ရောင်းချခဲ့ရသော စားအုန်းဆီပမာဏမှာ ၂၅ တန်ရှိအတွဲပေါင်း ၅၇၀၁၅ တွဲရှိသည်။

“ လက်ငင်းဈေးကွက်က မြင့်တက်နေပြီး ပို့ကုန် အခြေအနေကလည်း ကောင်းမွန်နေပါတယ်။ စောစောပိုင်းက ပြည်ပတင်ပို့မှုက ၂၅ ရာခိုင်နှုန်း ကျဆင်းနေရာမှ ယခုအချိန်မှာ ပို့ကုန်ကျဆင်းမှု အခြေအနေက ၅ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိနေတာကို တွေ့ရပါတယ်”ဟု ကွာလာလမ်ပူ အခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။

“ မတ် ၁ ရက်မှ ၂၀ ရက်အထိ ပို့ကုန်ကိန်းဂဏန်းတွေ ထုတ်ပြန်တဲ့အခါ ပို့ကုန်အခြေအနေ မြင့်တက်လာမယ်လို့ ခန့်မှန်းရပါတယ်။အိန္ဒိယဘက်ကိုကြည့်မယ်ဆိုရင်လည်း ငွေစက္ကူ တရားမဝင်ကြေညာခဲ့တဲ့ ဂယက်က ငြိမ်သက်စပြုနေပြီး Ramadan ပွဲ အတွက် စားအုန်းဆီတွေ ဝယ်တော့မယ်လို့ ခန့်မှန်းရပါတယ်”ဟု သူက ပြောသည်။

မတ်လ ပထမ ၁၀ ရက်အတွင်း စားအုန်းဆီ ပြည်ပတင်ပို့မှုက ယခင်လကာလတူနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို ကုန်စည်စစ်တမ်းများက ထုတ်ပြန်သော ကိန်းဂဏန်းများအရ တွေ့ရသည်။ သို့သော်လည်း မတ်လ ပထမလဝက် အခြေအနေကို ယခင်လကာလတူနှင့်နှိုင်းယှဉ်ပါက ၅ဒသမ ၅ရာခိုင်နှုန်းသာကျဆင်းတော့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services ၏ ထုတ်ပြန်ချက်အရ သိရသည်။ အခြားစစ်တမ်း ကောက်ယူရေးအဖွဲ့ ဖြစ်သော Societe Generale de Surveillance က ထုတ်ပြန်သော ကိန်းဂဏန်းများအရ ဆိုပါက ၁ ဒသမ ၁ ရာခိုင်နှုန်းသာ ကျဆင်းသည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဟင်းရွက်ဆီ အများဆုံး စားသုံးသောနိုင်ငံဖြစ်သကဲ့သို့ မလေးရှားစားအုန်းဆီကို အများဆုံး တင်သွင်းသော နိုင်ငံလည်းဖြစ်သည်။ မေလနှောင်းပိုင်းတွင် ကျရောက်မည့် မူဆလင်အခါကြီး ရက်ကြီးဖြစ်သော Ramadan မတိုင်မီ အိန္ဒိယနိုင်ငံက စားအုန်းဆီကို အများအပြား ဝယ်ယူမည်ဟု ခန့်မှန်းရသည်။ ဤကာလတွင် ချက်ပြုတ်ရာတွင် အသုံးပြုရန်အတွက် စားအုန်းဆီကို အများအပြား ဝယ်ယူလေ့ရှိသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးမှာ ၁ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ပြီး တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် စားအုန်းဆီဈေးမှာ သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ **ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၇-၃-၂၀၁၇) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၆၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၈၂၀ | ၁၈၂၀ | □ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၉၃၀ | ၁၉၂၀ | ▽ |
| ပဲခူး | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၈၀၀ | △ | ၁၉၃၀ | ၁၉၃၀ | □ |
| မကွေး | ၄၀၀၀ | ၃၇၀၀ | ▽ | ၃၈၀၀ | ၃၅၃၈ | ▽ | ၂၀၀၀ | ၁၈၀၀ | ▽ |
| မုံရွာ | ၃၈၀၀ | ၃၉၀၀ | △ | ၃၄၀၀ | ၃၄၀၀ | □ | ၁၉၇၀ | ၁၉၆၀ | ▽ |
| စစ်တွေ | ၆၀၀၀ | ၆၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၇-၃-၂၀၁၇ US$/Ton

| အမျိုးအစား | မတ်လပထမပတ် | မတ်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၈၉.၀၀ | ၇၀၂.၅၀ | △ |
| RBD P.Olein | ၇၀၆.၅၀ | ၇၀၈.၅၀ | △ |
| RBD P.Stearin | ၆၈၆.၅၀ | ၆၈၃.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၇- ၃ -၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၆၉.၁၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၄.၁၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၃၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၉.၁၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%)/612 | ၈၀.၆၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၂.၈၉ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၈ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၈၂၆.၈၃၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၇-၃-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၅၀ ဒေါ်လာနှင့် USD ဈေး ၁၃၆၂ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၇-၃-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၂ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးတင်ပို့မှုအကြောင်း တစေ့တစောင်း



à မိုးနိုင်

မြန်မာနိုင်ငံရဲ့ဒေသထွက်ကုန်ဖြစ်တဲ့ ကွမ်းသီးဟာ အိန္ဒိယနိုင်ငံကို အဓိကတင်ပို့နေတဲ့ကုန်ပစ္စည်းအမယ်များအနက် တစ်ခုအပါအဝင်ဖြစ်ပါတယ်။

ကွမ်းသီးကို မြန်မာနိုင်ငံရဲ့နေရာဒေသ အနှံ့အပြားမှာ စိုက်ပျိုးကြပါတယ်။ ဒေသပေါင်းစုံက စိုက်ပျိုးထွက်ရှိတဲ့ ကွမ်းသီးကို ကုန်သည်တွေကဝယ်ယူပြီး အိန္ဒိယနိုင်ငံကို ချင်းပြည်နယ်မှာရှိတဲ့ ရိဒ်ခေါဒါရ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်ပို့တာဖြစ်ပါတယ်။

မြန်မာ့ကွမ်းသီးတင်ပို့မှုဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့လာတာကြောင့် ကုန်သွယ်ရေးဦးစီးဌာနဟာ ချင်းပြည်နယ် တီးတိန်မြို့မှ ၃၃ မိုင်အကွာမှာရှိတဲ့ ဟိုင်မွှာလ်ကျေးရွာသစ်မှာ ရိဒ်ခေါဒါရ်ကုန်သွယ်ရေးစခန်းကိုဖွင့်လှစ်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

ကွမ်းသီးကုန်သည်များအနေနဲ့ ဟိုင်မွှာလ်ရွာသစ်မှာဖွင့်လှစ်ထားတဲ့ ကုန်သွယ်ရေးစခန်းမှာ ပို့ကုန်တင်ပို့မှုဆိုင်ရာ စာရွက်စာတမ်းများပြုလုပ်ပြီး ကုန်ပစ္စည်းများကို အစစ်ဆေးခံကာ ကျသင့်တဲ့အခွန်အခများပေးဆောင်ပြီး တစ်ဖက်နိုင်ငံကို တင်ပို့ရတာဖြစ်ပါတယ်။ အဲဒီလိုတင်ပို့ရာမှာ နှစ်နိုင်ငံနယ်စပ်ဖြစ်တဲ့ တီအိုချောင်းကို ငါးမိုင်ခန့် ဆက်လက်သွားရောက်ရပါတယ်။ တီအိုချောင်းဟာ နှစ်နိုင်ငံနယ်နိမိတ်ကို ပိုင်းခြားထားတဲ့ နယ်နိမိတ်မျဉ်းဖြစ်ပြီး ချောင်းရဲ့တစ်ဖက်ကမ်းမှာ အိန္ဒိယနိုင်ငံရဲ့ ဇိုခေါဒါရ်ဆိုတဲ့ရွာ တည်ရှိပါတယ်။ ဇိုခေါဒါရ်ရွာဟာ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ကျန်ဖိုင်းခရိုင်အတွင်းမှာ တည်ရှိပါတယ်။

မြန်မာ့ကွမ်းသီး ကုန်သည်များအနေနဲ့ ၎င်းတို့ရဲ့ကုန်တွေကို တီအိုချောင်းကိုဖြတ်ပြီး ဇိုခေါဒါရ်မှာ အိန္ဒိယနိုင်ငံရဲ့အကောက်ခွန်စစ်ဆေးမှုကို ခံယူပြီး ကျန်ဖိုင်းကို ဆက်လက်ပို့ဆောင်ကြရပါတယ်။ ကျန်ဖိုင်းကနေ အိုက်ဇောမြို့အထိ ဆက်လက်သယ်ဆောင်တင်ပို့ရတာဖြစ်ပါတယ်။

ဒါပေမယ့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်အတွင်းမှာ ကုန်ပစ္စည်းသယ်ဆောင်ရောင်းချခွင့်တွေကို ဒေသအလိုက် ထိန်းချုပ်ထားတာကြောင့် မြန်မာကုန်သည်တွေအနေနဲ့ ဇိုခေါဒါရ်ကနေ အိုက်ဇောအထိ တိုက်ရိုက်သယ်ဆောင်ခွင့်မပြုပါဘူး။ ဇိုခေါဒါရ်မှာရှိတဲ့ မဲလ်ဘို့ကျေးရွာက အလုပ်သမားတွေက ယာဉ်ပေါ်ကို ကုန်ပြောင်းပေးဖို့တာဝန်ယူရ ပေမယ့် ကျန်ဖိုင်းကို ရောက်တဲ့အခါမှာတော့ အိုက်ဇောကိုသွားမယ့်ယာဉ်ပေါ်ကို ပြောင်းပြီးတင်ရပါတယ်။ ကျန်ဖိုင်း အလုပ်သမားအဖွဲ့က အိုက်ဇောကို ကုန်တင်ယာဉ်တွေကို တိုက်ရိုက်သွားခွင့်မပြုပါဘူး။ တကယ်လို့ ယာဉ် မပြောင်းဘဲ တိုက်ရိုက်သွားမယ်ဆိုရင်လည်း ကျန်ဖိုင်းမှာကုန်ကျမယ့် အလုပ်သမားခကို ပေးချေပြီးမှ သွားခွင့်ပြုတဲ့သဘောပါ။

ဒ့ါအပြင် ဇိုခေါဒါရ်မှာ ဒေသန္တရ အခွန်ကို ဒေသအာဏာပိုင်တွေထံ ပေးသွင်းပြီးဖြစ်ပေမယ့် ကျန်ဖိုင်းကို ရောက်တဲ့အခါမှာလည်း ဒေသန္တရအခွန်ကို ထပ်မံပေးဆောင်မှသာ ဖြတ်သန်းခွင့်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကွမ်းသီးတင်ပို့မှုအပေါ် ဒေသန္တရအခွန်ဟာ ကုန်ပစ္စည်းတန်ဖိုးရဲ့ ၁၅ ရာခိုင်နှုန်းကနေ ရာခိုင်နှုန်း ၄၀ အထိပေးဆောင်ရတဲ့အတွက် အိန္ဒိယကုန်သည်တွေက မဆောင်ချင်သလို ဆောင်လည်း မဆောင်နိုင်ကြပါဘူး။

အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို အကောက်ခွန်သက်သာခွင့်ပေးတဲ့ ကုန်ပစ္စည်းတွေထဲမှာ ကွမ်းသီးပါနေတဲ့အတွက် ပင်ရင်းနိုင်ငံလက်မှတ်(CO Form DFTP) ပုံစံပါရင် အကောက်ခွန်က သုညရာခိုင်နှုန်းဖြစ်တဲ့အတွက် လုံးဝပေးဆောင်စရာမလိုပါဘူး။

ဒါပေမယ့် ဒေသန္တရအခွန်ကို ရှောင်လွှဲလို့မရနိုင်တဲ့အတွက် အိန္ဒိယကုန်သည်တွေဟာ တီအိုချောင်းကူးတံတားပေါ်ကနေ တရားဝင်တင်သွင်းဖို့ မလုပ်ချင်ကြတော့ပါဘူး။ တရားမဝင်တဲ့ နည်းလမ်းနဲ့ မှောင်ခိုလမ်းကြောင်းကနေ ခိုးသွင်းကြသလို အကောက်ခွန် သက်သာခွင့် (CO Form) ကိုလည်း မတောင်းကြတော့ဘဲ နားလည်မှုနဲ့ သယ်ဆောင်ရောင်းဝယ်မှုတွေ လုပ်လာကြပါတော့တယ်။

အဲဒီလို တရားမဝင် မှောင်ခိုတင်သွင်းနေကြတဲ့အတွက် ရှောင်တခင် စစ်ဆေးရေးအဖွဲ့တွေက လိုက်လံစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ကြရပါတယ်။ တရားမဝင် မှောင်ခိုတင်သွင်းနေတာတွေကို သိရှိခဲ့တဲ့ အိုက်ဇောကုန်သည်အသင်းက ကွမ်းသီးတင်ယာဉ်တစ်စီးကို ရူပီး ၅၀၀၀ ကောက်ခံခဲ့ပါတယ်။

ဒါကြောင့် ကွမ်းသီးကုန်သည်တွေအနေနဲ့ တရားဝင်တင်သွင်းတဲ့အခါ အစိုးရက အခွန်ကင်းလွတ်ခွင့်ပေးထားပေမယ့် ဒေသန္တရအခွန် နှစ်ကြိမ်၊ အလုပ်သမားခ နှစ်ကြိမ် ပေးသွင်းနေရတဲ့အတွက် စရိတ်နှစ်ခါ ကုန်နေရပါတယ်။ အဲဒီစရိတ်တွေကို ရှောင်လွှဲချင်လို့ တရားမဝင် တင်သွင်းပြန်တော့လည်း အိုက်ဇောကုန်သည်အသင်းအတွက် ရန်ပုံငွေပေးဆောင်နေရတာကြောင့် မိအေးနှစ်ခါနာတဲ့ကိန်းဆိုက်နေခဲ့ပါတယ်။

အဲဒီလိုဖြစ်ရပ်တွေကြောင့် ကျန်ဖိုင်းမှာရှိတဲ့ ကုန်ဝယ်ကိုယ်စားလှယ်တွေကို ကုန်ကျမယ့်စရိတ်စကတွေ အိုက်ဇောကုန်သည်က မပေးနိုင်တဲ့ ဖြစ်ရပ်တွေ ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒါကြောင့် ကျန်ဖိုင်းကိုယ်စားလှယ်က ကွမ်းသီးကို ပို့မပေးတဲ့အပြင် မြန်မာနိုင်ငံဘက်ကိုလည်း ကွမ်းသီးအမှာစာ တင်တာတွေပါ ရပ်ဆိုင်းထားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံက ဝယ်လက်ရပ်သွားတဲ့အတွက် မြန်မာဘက်တီအိုချောင်းဘက်ကမ်းမှာ ပြီးခဲ့တဲ့ဖေဖော်ဝါရီလ ဒုတိယပတ်လောက်ကစပြီး ကွမ်းသီးတွေ စုပုံကုန်ခဲ့ပါတယ်။ ပြည်တွင်းက ကုန်သည်တွေက ကွမ်းသီးတွေကို ပုံမှန်တင်ပို့နေတဲ့အတွက် တီအိုချောင်းမှာရှိတဲ့ သိုလှောင်ရုံတွေ၊ ဂိုထောင်တွေ အားလုံးမဆံ့တော့လို့ ကွင်းပြင်မှာ မိုးကာအုပ်ပြီး စုပုံထားရတဲ့အဖြစ်ကို ရောက်ရှိသွားခဲ့ပါတယ်။

အဲဒါကြောင့် အိန္ဒိယကွမ်းသီးလက်ကားကုန်သည်တွေနဲ့ အိုက်ဇောကုန်သည်အသင်းတို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးကြရာမှာ မတ်လ ၁ ရက်မှစတင်ကာ အိုက်ဇောကုန်သည်အသင်းကအသင်းရဲ့ရန်ပုံငွေ မကောက်တော့ဘဲ တစ်ရက်ကို ကွမ်းသီး တန်ချိန် ၅၀ စတင်ပြီး ပို့ခွင့်ရရှိခဲ့ပါတယ်။

ဒါပေမယ့်လည်း ညှိနှိုင်းစဉ်အချိန် က မဲလ်ဘို့အလုပ်သမားအဖွဲ့ ဒါမှမဟုတ် ကျန်ဖိုင်းအလုပ်သမားအဖွဲ့နဲ့ တစ်ကြိမ်တည်း တိုက်ရိုက်တင်ဆောင်ခွင့်ရရှိဖို့၊ အလုပ်သမားခတစ်ကြိမ်တည်းသာယူဖို့၊ အလုပ်သမား နှစ်ဖွဲ့ပေါင်းပြီးလုပ်ဖို့ ဆိုတဲ့အချက်တွေကို ညှိလို့မရသေးဘဲ ကျန်ရှိနေခဲ့ပါတယ်။ ပြည်တွင်းကလည်း ကွမ်းသီးတန်ချိန်ရာနဲ့ချီပြီး နေ့စဉ် ရိဒ်ခေါဒါရ်ကိုရောက်လာတယ်။ တစ်ရက်ကို တန်ချိန် ၅၀ ပဲ သယ်ဆောင်ခွင့်ရရှိသေးတာဖြစ်တဲ့အတွက် တီအိုချောင်းမှာစုပုံနေတဲ့ ကွမ်းသီးတွေဟာ လျော့မသွားဘဲ တိုးမြဲတိုးနေဆဲပဲဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံအစိုးရကလည်း တင်သွင်းလာတဲ့တန်ဖိုးနဲ့ညီမျှတဲ့ကုန်ပစ္စည်းနဲ့ညီမျှတဲ့ကုန်ပစ္စည်းကို ပြန်လည်တင်ပို့ ရမယ်ဆိုတဲ့စည်းမျဉ်းကို ချမှတ်ထားတဲ့အတွက် ကုန်သည်တွေအနေနဲ့ ကွမ်းသီးအားလုံးကို တရားဝင်တင်သွင်းဖို့ဆိုတာ မဖြစ်နိုင်သေးဘူးလို့ ဆိုပါတယ်။

အိန္ဒိယဘက်ခြမ်းအနေနဲ့ မြန်မာနိုင်ငံကို ပြန်လည်တင်ပို့နိုင်တဲ့ ကုန်ပစ္စည်းအမယ်က နည်းပါးနေချိန်မှာ ဓာတ်မြေဩဇာကို အိန္ဒိယနိုင်ငံက တရားဝင်တင်ပို့ခွင့်မပြုတဲ့အတွက် မြန်မာနိုင်ငံကို တင်ပို့မယ့်ပို့ကုန်ဟာ ပိုမိုရှားပါးလို့နေတာဖြစ်ပါတယ်။

ရိဒ်ခေါဒါရ် ကုန်သွယ်ရေးစခန်းက နှစ်အလိုက် တင်ပို့နိုင်တဲ့ ကွမ်းသီးစာရင်းကိုကြည့်ရင် နှစ်စဉ် တိုးတက်လာတာ ကိန်းဂဏန်းတွေ သက်သေပြနေတယ်ဆိုတာ ထင်ရှားလှပါတယ်။

| စဉ် | ဘဏ္ဍာနှစ် | တန်ချိန် | တန်ဖိုး(ဒေါ်လာသန်း) |
|---|---|---|---|
| ၁။ | ၂၀၁၂-၂၀၁၃ | ၃၉၁.၃၃၀ | ၀.၄၆၂ |
| ၂။ | ၂၀၁၃-၂၀၁၄ | ၆၀၄၈.၄၆၀ | ၅.၆၃၄ |
| ၃။ | ၂၀၁၄-၂၀၁၅ | ၈၄၅၂.၂၁၀ | ၇.၇၀၆ |
| ၄။ | ၂၀၁၅-၂၀၁၆ | ၂၀၃၇၉.၇၁၀ | ၁၆.၇၈၄ |
| ၅။ | ၂၀၁၆-၂၀၁၇ | ၂၁၄၉၂.၃၉၀ | ၁၈.၈၄၃ |

အထက်ပါဇယားအရ ယခုဘဏ္ဍာနှစ်မှာလည်း ကွမ်းသီးတင်ပို့မှုဟာ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က တင်ပို့မှုထက် များစွာသာလွန်နေတာကို မြင်တွေ့နိုင်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကွမ်းသီးဈေးကွက်ဟာ ကြီးမားကျယ်ပြန့်ပြီး နှစ်စဉ်လိုအပ်ချက် တိုးတက်လာတာတွေ့ရပါတယ်။ ဒါကြောင့် မြန်မာကုန်သည်တွေအနေနဲ့ မိမိနိုင်ငံမှထွက်ရှိတဲ့ ကွမ်းသီးများကိုသာမက ဈေးကွက်လိုအပ်ချက်အပြည့်အဝ ရရှိရေးအတွက် အိမ်နီးချင်းနိုင်ငံများမှ ကွမ်းသီးများကိုလည်း Re-export စနစ်ဖြင့်တင်ပို့နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းများကို တွေ့မြင်နေရပြီဖြစ်ပါတယ်။

အခုလို အရှိန်အဟုန်နဲ့တိုးတက် တင်ပို့လာနိုင်တဲ့ ကွမ်းသီးဟာ မြန်မာနိုင်ငံဘက်မှာ စာရင်းဝင်ပြီးအိန္ဒိယဘက်မှာတော့ အမှန်မထွက်နိုင်တဲ့အတွက် မြန်မာနိုင်ငံဘက်ခြမ်းဖြစ်တဲ့တီအိုချောင်းဘေးမှာ ကွမ်းသီးတွေ စုပုံနေဦးမှာဖြစ်ပါတယ်။

ဒေသန္တရ အခွန်နှစ်ကြိမ်၊ အလုပ်သမားခနှစ်ကြိမ်ဆိုတဲ့ နှစ်ထပ်ကွမ်း ပေးဆောင်နေရတဲ့ ကုန်ကျစရိတ်တွေကို တစ်ကြိမ်တစ်ခါတည်းသာ ပေးဆောင်ခွင့်ရရှိဖို့အတွက် ညှိနှိုင်းနေဆဲပဲဖြစ်ပါတယ်။ အခုလိုညှိနှိုင်းနေဆဲမှာ မြန်မာဘက်အခြမ်း တီအိုချောင်းဘေးမှာ ကွမ်းသီးတွေ တောင်ပုံရာပုံဖြစ်နေပြီလို့ ရေးသားနေကြတဲ့အတွက် တစ်ဖက်နိုင်ငံက ကုန်သည်တွေ ဈေးနှိမ်လာမှာကို စိုးရိမ်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

**စာမျက်နှာ ၃ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးအတွက် မှ အဆက်**

တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်ပေးထားပါကြောင်း၊ အထူးစီးပွားရေးဇုန်များ အောင်မြင်ရေးအတွက် ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အထူးစီးပွားရေးဇုန်များ၏ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ ကားလမ်းစီမံကိန်းသည် ထားဝယ်အထူးစီးပွားရေးဇုန် အောင်မြင်ရေးအတွက် အဓိကအရေးကြီးပါကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပါသည်။

ထို့နောက် ဂျပန်နိုင်ငံ၊ JICA မှ Mr. Yutaka ARAKI က ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ၊ ထိုင်းနယ်စပ်အထိ ကားလမ်းတည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ PowerPoint များဖြင့် ရှင်းလင်းတင်ပြပါသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သိရှိလိုသည်များအား မေးမြန်းကြရာ JICA မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (IR)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အမေရိကန်နှင့်အီးယူတို့မှ ခွင့်ပြုထားသည့် ပို့ကုန်အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရန်အတွက် CLMV နိုင်ငံများနှင့် Value Chain ဖန်တီးရယူရန် လုပ်ငန်းရှင်များအား အိန္ဒိယအစိုးရက တိုက်တွန်း

အမေရိကန်နှင့် အီးယူတို့က ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန် လုပ်ငန်းရှင်များအတွက် ခွင့်ပြုထားသော သက်သာခွင့်များအား အိန္ဒိယလုပ်ငန်းရှင်များ ရရှိခံစားနိုင်ရန်အတွက် အရှေ့တောင်အာရှနိုင်ငံများမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများဖြစ်သည့် CLMV လေးနိုင်ငံနှင့် value chain များ ဖန်တီးရယူရန် အိန္ဒိယအစိုးရက ၎င်းတို့၏ထုတ်လုပ်သူများအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်နှင့်အီးယူတို့က ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ခွင့်ပြုပေးထားသော Generalised System of Preferences (GSP) အစီအစဉ်အရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် CLMV နိုင်ငံများမှ ထုတ်လုပ်တင်ပို့လာသော ကုန်ပစ္စည်းများအတွက် အခွန်ကင်းလွတ်ခွင့်/သက်သာခွင့်များ ခွင့်ပြုထားကြောင်း၊ အိန္ဒိယထုတ်လုပ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုလုပ်ငန်းများ တည်ထောင်ခြင်းအားဖြင့် အမေရိကန်နှင့် အီးယူနိုင်ငံများသို့ တင်ပို့ရာ၌ GSP အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ကြောင်း၊ အိန္ဒိယစီးပွားရေး ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Nirmala Sitharaman က ရာဂျက်စသန်ပြည်နယ်၊ Jaipur မြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် India - CLMV Business Conclave ၌ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၎င်းက ဆက်လက်ပြောကြားရာ၌ အဆိုပါအခွင့်အရေးသည် အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ ချည်မျှင်နှင့် အထည်အလိပ်ကဏ္ဍအတွက် အလွန်အရေးပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် အမေရိကန်နှင့်အီးယူသို့ တင်ပို့မည့် ချည်ထည်များထုတ်လုပ်ရန်အတွက် အိန္ဒိယနိုင်ငံမှ ချည်မျှင်များကို တင်သွင်းကြကြောင်း၊ သို့ဖြစ်၍ အိန္ဒိယနိုင်ငံမှ ကုန်ကြမ်းများကို တင်သွင်းအသုံးပြုပြီး၊ နိုင်ငံပြင်ပ၌ ချည်ထည်များ ထုတ်လုပ်ခြင်းအားဖြင့် အိန္ဒိယပြည်တွင်းမှ လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပြီး၊ ဆင့်ကဲတန်ဖိုးပြောင်းလဲမှု (Value Chain) များ ပြုလုပ်လာနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့မျှသာမက အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပို့ကုန်ပမာဏ၌ ပါဝင်မှု အချိုးမြင့်တက်လာသည့်အတွက်ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများက အိန္ဒိယနိုင်ငံအား ဦးစားပေးအကောက်ခွန် ကင်းလွတ်ခွင့်များအား ရပ်ဆိုင်းရန် ခြိမ်းခြောက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ပထမခြေလှမ်းအနေဖြင့် စီးပွားရေးဆက်ဆံမှုများ တိုးမြှင့်ရန် အိန္ဒိယနိုင်ငံမှ Confederation of India Industry အနေဖြင့် မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင်ရုံးများ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အာဆီယံဒေသအတွင်း၌လည်း CLMV နိုင်ငံများ၏ တိုးတက်မှုနှုန်း မှာမြင့်မားလျက်ရှိရာ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်တွင် အာဆီယံ ဒေသတွင်းတစ်ခုလုံး၏ တိုးတက်မှုနှုန်းသည် ၄ ဒသမ ၆ ရာခိုင်နှုန်း ဖြင့်သာ တိုးတက်ခဲ့သော်လည်း CLMV ဒေသသည် ပျမ်းမျှ ၇ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ CLMV နိုင်ငံများသည် အိန္ဒိယနိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရှိနှင့်ပြီးဖြစ်သည့် အာဆီယံဒေသ၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း၊ ထို့မျှသာမက အိန္ဒိယနိုင်ငံသည် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံပါဝင်မည့် ပိုမိုကျယ်ပြန့်သည့် Regional Comprehensive Economic Partnership Agreement လက်မှတ်ရေးထိုးရန်လည်း ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရှိရပါသည်။

၂၀၀၅ ခုနှစ်က CLMV နိုင်ငံများနှင့် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံသာရှိသော်လည်း ၂၀၁၅ ခုနှစ်တွင် ၁၀ ဒသမ ၃ ဘီလီယံအထိ တိုးတက်လာခဲ့ပြီး၊ ပြီးခဲ့သည့် ၁၀ နှစ်ကာလအတွင်း ကုန်သွယ်မှု ပမာဏ ခုနစ်ဆကျော်ခန့် မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံတွင် ငါးနှစ်အတွင်း ကြက်သွန်နီဈေး အနိမ့်ဆုံးသို့ရောက်ရှိ

အိန္ဒိယနိုင်ငံ၊ မဟာရာသျှတ္တရာပြည်နယ်တွင် ငါးနှစ်အတွင်း ကြက်သွန်နီဈေးနှုန်း အနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး၊ ကြက်သွန်စိုက်တောင်သူများအနေ ဖြင့် တစ်ကွင်တယ် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၄၅၀ ခန့် သာရရှိခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီအရောင်းအဝယ် ပြုလုပ်သည့် အကြီးဆုံးဈေးကြီးဖြစ်သည့် Lasalgaon စိုက်ပျိုးရေး ထွက်ကုန်ဈေးကြီးတွင် ပြီးခဲ့သည့်နှစ်၊ ဖေဖော်ဝါရီလက ပြည်နယ်အတွင်း မိုးခေါင်ရေရှားမှုဒဏ် ဆိုးဆိုးရွားရွား ခံစားခဲ့ရသည့် အချိန်တွင်ပင် တစ်ကွင်တယ်ကို ပျမ်းမျှအားဖြင့် ရူပီး ၇၄၀ အထိ ရရှိခဲ့ကြောင်း၊ ကြက်သွန်နီတစ်ကွင်တယ် ထွက်ရှိရန်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ၉၅၀ ရူပီးအထိရှိကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်းက ကြက်သွန်နီဈေးမှာ အမြင့်ဆုံးဈေးဖြစ်ခဲ့ပြီး၊ တောင်သူများအနေဖြင့် တစ်ကွင်တယ်လျှင် ၁၄၂၄ ရူပီးအထိ ရရှိခဲ့ကြကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ ကြက်သွန်နီဈေးနှုန်း အဆမတန် ကျဆင်းနေရခြင်းမှာ ပြည်နယ်အတွင်း ကြက်သွန်နီ အမြောက်အမြား ထွက်ရှိနေပြီး၊ ထွက်ကုန်များအား ကာလရှည်ကြာပိုမို သိုလှောင် သိမ်းဆည်းထားနိုင်ရန် လိုအပ်သည့် အခြေခံ အဆောက်အအုံမရှိသည့်အတွက် ကုန်သည်များက ဈေးနှိမ်၍ ဝယ်ယူသည်ကို တောင်သူလယ်သမားများ ခံစားနေရကြောင်း၊ သို့ဖြစ်၍ ကြက်သွန်စိုက်ပျိုးသည့် အခြေခံစရိတ်ကိုပင် မကာမိသည့်အတွက် အချို့သော တောင်သူများသည် ၎င်းတို့၏ ကြက်သွန်များအား မီးရှို့ဖျက်ဆီးပစ်နေကြကြောင်း သိရှိရပါသည်။

ကြက်သွန်နီထွက်ရှိမှုမှာလည်း Lasalgaon ဈေးသို့ ယခင်က တစ်ရက်လျှင် ကြက်သွန်နီ ကွင်တယ် ၁၂၀၀၀ သာ ရောက်ရှိရာမှ ယခုအခါ နေ့စဉ်ကွင်တယ် ၃၀၀၀၀ မှ ၃၅၀၀၀ ထိရောက်ရှိနေကြောင်း၊ သို့ဖြစ်၍ ၎င်းကြက်သွန်နီများအား အခြားဒေသများသို့ တင်ပို့ရန်အတွက် ကုန်သည် များအနေဖြင့် ကုန်တင်ရထားတွဲများ ပိုမိုလိုအပ် လျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် နေ့စဉ်ရထားတွဲဆိုင်းပေါင်း ၄၀ အထိ လိုအပ်လျက်ရှိသော်လည်း ယခုအခါ ၁၅ တွဲမှ ၁၈ တွဲအထိသာ ရရှိကြောင်း မီးရထားတာဝန်ရှိသူများကလည်း ကုန်တင်ရထားတွဲများ ထပ်မံစီစဉ်ပေးရန် သဘောတူထားပြီး ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံတွင် ကနဦးအနေဖြင့် ပြီးခဲ့သည့် နှစ်၊ နိုဝင်ဘာလဆန်းကတည်းက စတင်ခဲ့သည့် ငွေစက္ကူဖျက်သိမ်းအစားထိုးသည့် အစီအစဉ်ကြောင့် ကြက်သွန်နီဈေးနှုန်းအပေါ် တွင် ရိုက်ခတ်ခဲ့ပြီး၊ ဒီဇင်ဘာလကုန်အထိ ပြန်လည် မြင့်တက်လာခဲ့ခြင်းမရှိကြောင်း၊ ယခုနှစ် ဇန်နဝါရီလတွင် ကြက်သွန်နီသစ်များ ထပ်မံရောက်ရှိလာရာ ဝယ်လိုအားနှင့် ရောင်းလိုအားမမျှသည့်အတွက် ဈေးနှုန်းမှာ ထပ်မံကျဆင်းခဲ့ကြောင်း၊ ယခုလအတွင်း ကြက်သွန်နီထွက်ရှိမှု နှေးကွေးလာနိုင်ပြီး၊ ဈေးနှုန်းမှာလည်း ပြန်လည်တည်ငြိမ်လာနိုင်မည်ဟု မျှော်လင့်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အရှေ့ပိုင်းစီးပွားရေးရပ်ဝန်း (EEC) တွင် လုပ်ကိုင်မည့် ကျွမ်းကျင်လုပ်သားများအတွက် တစ်ခုတည်းသော ဝင်ငွေခွန်နှုန်းထားကို ထိုင်းနိုင်ငံသတ်မှတ်မည်

ထိုင်းအစိုးရသည် အရှေ့ပိုင်း စီးပွားရေးရပ်ဝန်း (Eastern Economic Corridor-EEC) ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ရင်းနှီးမြှုပ်နှံမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် ဆွဲဆောင်လျက်ရှိပါသည်။ EEC တွင် အစိုးရ၏ ဦးစားပေးစက်မှုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေရန်အတွက် အဆင့်မြင့် စီမံခန့်ခွဲသူများနှင့် ကျွမ်းကျင်ပညာရှင်များကို ဆွဲဆောင်ရန်အတွက် ဝင်ငွေခွန်ဆိုင်ရာ မက်လုံးများပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုင်းနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော ဝင်ငွေခွန်ကောက်ခံသည့်နှုန်းထားခုနစ်မျိုးမှာ ဝင်ငွေဘတ် ၁၅၀၀၀၁ -၃၀၀၀၀၀ အတွက် ၅ ရာခိုင်နှုန်း၊ ဝင်ငွေ ဘတ် ၃၀၀၀၀၁-၅၀၀၀၀၀ အတွက် ၁၀ ရာခိုင်နှုန်း၊ ဝင်ငွေဘတ် ၅၀၀၀၀၁-၇၅၀၀၀၀ အတွက် ၁၅ ရာခိုင်နှုန်း၊ ဝင်ငွေဘတ် ၇၅၀၀၀၁-၁၀၀၀၀၀၀ အတွက် ၂၀ ရာခိုင်နှုန်း၊ ဝင်ငွေဘတ် ၁၀၀၀၀၀၁-၂၀၀၀၀၀၀ အတွက် ၂၅ ရာခိုင်နှုန်း၊ ဝင်ငွေဘတ် ၂၀၀၀၀၀၁-၄၀၀၀၀၀၀ အတွက် ၃၀ ရာခိုင်နှုန်းနှင့် ဝင်ငွေဘတ်လေးသန်း ကျော်ပါက ၃၅ ရာခိုင်နှုန်းစသည်ဖြင့် သတ်မှတ်ထားပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် EEC တွင် ဝင်ရောက်လုပ်ကိုင်မည့် ဝန်ထမ်းများအပေါ် ဝင်ငွေခွန်စည်းကြပ်ရာတွင် ဝင်ငွေအဆင့်သတ်မှတ်ချက်အမျိုးမျိုးကို မထားရှိဘဲ တစ်ပြေးညီ ၁၇ ရာခိုင်နှုန်းကောက်ခံသည့်စနစ်ကို အစိုးရအဖွဲ့သို့ တင်ပြရန်စီစဉ်ထားပါသည်။

ထိုင်းနိုင်ငံ၊ စီးပွားရေးတိုးတက်မှုအတွက် အလွန်အရေးပါလာမည့် EEC သည် နိုင်ငံအရှေ့ပိုင်းရှိ ချုံဘူရီ၊ ရနောင်းနှင့် Chachoengsao စသည့် ပြည်နယ်သုံးခုပါဝင်ပြီး အစိုးရ၏ ဦးစားပေးစက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ငန်းများ ဖွံ့ဖြိုးလာရန်နှင့် နောင်ငါးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုစုစုပေါင်းဘတ် ၁ ဒသမ ၅ ထရီလီယံဝင်ရောက်လာရန် မျှော်မှန်းထားကြောင်း တွေ့ရှိရပါသည်။

အစိုးရ၏ ဦးစားပေးစက်မှု လုပ်ငန်းဆယ်မျိုးမှာ နောက်မျိုးဆက် ကားများ၊ စမတ်အီလက်ထရွန်းနစ်၊ Affluent, medical and wellness tourism ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဇီဝ နည်းပညာ၊ အစားအစာ၊ စက်မှုလုပ်ငန်းသုံး စက်ရုပ်များ၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေး၊ ဇီဝလောင်စာနှင့် ဇီဝဓာတုပစ္စည်း၊ ဒစ်ဂျစ်တယ်နှင့် ဆေးဝါးဝန်ဆောင်မှုများတို့ဖြစ်ကြပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၇–၃–၂၀၁၇)

ဇော်ဝင်း

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေးက ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း ၅၀ ကီလိုတစ်အိတ်ကို ၆၁ ယွမ်မှ ၆၅ ယွမ် (တစ်တန် ယွမ် ၁၂၂၀ မှ ယွမ် ၁၃၀၀) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တစ်ဖက်နိုင်ငံသို့ တန်ချိန် ၂၂၄၀၈ တန်သာ တင်ပို့နိုင်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တန်ချိန် ၁၂၅၉၂ တန် လျော့နည်းခဲ့ပြီး ဈေးငြိမ်ကာ အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးကျရိပ်ပြပြီး အရောင်းအဝယ်လည်းကျ

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေးအနည်းငယ်ကျခဲ့သလို အရောင်းအဝယ်လည်း ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၃၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၂၉၈ ကျပ်(တစ်တန် ၁၈၂၄၉၀ ကျပ်) အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စီပီပြောင်းကို ရန်ကုန်၊ မန္တလေးသို့ တင်ပို့မည့်သူများ၊ မွေးမြူရေးလုပ်ငန်းများ၊ အစာစပ်လုပ်ငန်းများ၊ လျှောင်လက်များနှင့် တရုတ်တင်ပို့မည့် သူများက ပုံမှန်ဝယ်ယူလျက်ရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၅၄၀၀၀၀ ကျော်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၄၈၀၀၀၀ ကျော်သာရှိတာမို့ ယခင်တစ်ပတ်ထက် ပိဿာချိန် ၆၀၀၀၀ ကျော်လျော့နည်းခဲ့ပြီး အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေး ဆက်လက်ငြိမ်နေ

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှ ယခုတစ်ပတ်အထိ ပြောင်းဈေးမှာ ရက်သတ္တပတ်လေးပတ် ဆက်တိုက် တစ်ပိဿာ ကျပ် ၃၀၀ (တစ်တန် ၁၈၃၇၁၇ ကျပ်)နဲ့ ဈေးဆက်လက် ငြိမ်နေခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က ပိဿာချိန် ၂၆၅၄၀၀၀ ကျော်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ ပိဿာချိန် ၂၁၅၄၀၀၀ သာရှိတဲ့အတွက် ယခင်တစ်ပတ်ထက် ပိဿာချိန် ၅၀၀၀၀ ကျော် လျော့နည်းပြီး အရောင်းအဝယ်အေးခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ ပဲတီစိမ်းဈေး တက်ရိပ်ပြသော်လည်း မတ်ပဲဈေး အနည်းငယ်ကျ

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၂၅ ကျပ်အထိ ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၈၅၀ ကျပ်(တစ်တန် ၁၁၃၂၉၂၀ ကျပ်)ထိ ဈေးမြင့်ခဲ့ပြီး တစ်နေ့အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို ဝယ်လိုအားနည်းလာတာကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်းနဲ့ ရန်ကုန်တင်ပို့မည့်သူများက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ မတ်ပဲဈေးနှုန်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ၁၈၅၀ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၄၅ ကျပ်(တစ်တန် ၁၁၂၉၈၅၉ ကျပ်) နဲ့ အနည်းငယ်ဈေးနိမ့်ကာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ တစ်ရက်ကို အိတ် ၅၀၀၀ ခန့်ရှိကြောင်း သိရပါတယ်။ ပဲလွန်းနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၀၀၀ အထိ ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၂၀၁၀ ကျပ်(တစ်တန် ၁၂၃၀၉၀၀ ကျပ်) နဲ့ ဈေးမြင့် အရောင်းအဝယ်ဖွင့်ခဲ့ပြီး ရန်ကုန်ဝယ်လက်က တစ်ရက်ကိုအိတ် ၂၀၀ ခန့် ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၄၀၀ နဲ့ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း ဈေးဆက် ကျခဲ့ပြီး တစ်ပိဿာ ကျပ် ၁၃၅၀ (တစ်တန် ၈၂၆၇၂၆ ကျပ်)နဲ့ တစ်ရက်ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲပုပ်ဆီတိုးက ဆက်လက်ဈေးငြိမ်ခဲ့ပြီး ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၁၁၅၀ ကျပ် (တစ်တန် ၇၀၄၂၄၈ ကျပ်) နဲ့ တစ်ရက်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲဈေးတက်သော်လည်း ပဲတီစိမ်း ဈေးကျခဲ့

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပြီး ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၇၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၂၀ ကျပ်(တစ်တန် ကျပ် ၁၁၁၄၅၄၉ ) ထိ ဈေးမြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၂၀၀ ထိဈေးမြင့်လာခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၄၀ ကျပ်(တစ်တန် ၆၉၈၁၂၄ ကျပ်) ထိဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းက ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ပိဿာကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်) နဲ့ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းမျိုးစုံအနေနဲ့ ယခင်တစ်ပတ်က နှမ်းနီတစ်ပိဿာ ၂၀၉၀ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၁၀ ကျပ်(တစ်တန် ၁၂၉၂၁၄၂ ကျပ်)၊ နှမ်းဖြူထိပ်စကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၃၅၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၅၁၀ (တစ်တန် ၁၅၃၇၀၉၀ ကျပ်)နဲ့ နှမ်းနက်စမုံက ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၂၆၇၀ ထိဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၇၁၀ (တစ်တန် ၁၆၅၉၅၇၆ ကျပ်) ဖြင့် အသီးသီးဈေးတက်ခဲ့ပြီး တစ်ပတ်အတွင်း နှမ်းမျိုးစုံအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲနဲ့ ပဲစင်းငုံနီဈေး ဆက်လက်မြင့်တက်

ယခုတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲ(အသစ်)နဲ့ ပဲစင်းငုံနီ(အသစ်)တို့ ဈေးဆက်လက်ပြီး တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၁၇၁၇ ကျပ်နဲ့ တက်ရိပ်ပြတဲ့ မတ်ပဲ(အသစ်) ကယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၈၁၇ ကျပ်(တစ်တန် ၁၁၁၂၇၁၂ ကျပ်)ထိ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ မတ်ပဲ(အသစ်)ကို ရန်ကုန် ဝယ်လက်နဲ့ မြို့ခံ ပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်ယူမှုရှိပြီး တစ်ရက်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲစင်းငုံနီ(အသစ်) ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၈၃ ကျပ်ထိ ဈေးတက်ခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာကျပ် ၁၂၀၀ (တစ်တန် ၇၃၄၈၆၈ ကျပ်)နဲ့ ဆက်လက်ဈေးမြင့်ခဲ့ပါတယ်။ ပဲစင်းငုံနီ (အသစ်)ကို ရန်ကုန်ဝယ်လက်နဲ့ သိုလှောင်သူများက ဝယ်လိုအားရှိသလို ရောင်းသူများကလည်း ရောင်းလိုအားရှိ ကြောင်း သိရပါသည်။ ဆီထွက်သီးနှံများအနက် နှမ်းနက်စမုံဈေးငြိမ်နေပြီး နှမ်းဖြူ(ထိပ်စ)နဲ့ နှမ်းနက်ရိုးရိုးတို့ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း တစ်ပိဿာ ၂၈၈၉ ကျပ်(တစ်တန် ၁၇၆၉၁၉၄ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပြီး၊ ယခင်တစ်ပတ်က နှမ်းဖြူ(ထိပ်စ) က တစ်ပိဿာ ၂၂၆၇ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၂၈၉ ကျပ်(တစ်တန် ၁၄၀၁၇၆၀ ကျပ်)နဲ့ ယခင်တစ်ပတ်က နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၀၄၄ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၁၁ ကျပ်(တစ်တန် ၁၂၉၂၇၅၅ ကျပ်)နဲ့ အသီးသီးဈေး မြင့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံက တစ်ရက်ကို အိတ် ၁၃၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ပဲတီစိမ်း ဈေးကျခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီက ရန်ကုန်ဈေးကွက်မှာ ဈေးကျလာတဲ့အတွက် ရန်ကုန်ဝယ်လက်က ဈေးလျှော့ဝယ်ယူခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာ ကျပ် ၁၂၅၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၁၈၅ ကျပ်(တစ်တန် ၇၂၅၆၈၂ ကျပ်) ထိဈေးကျခဲ့ပြီး တစ်ရက်ကိုအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ ပဲတီစိမ်းကို မန္တလေးဝယ်လက်က အဝယ်နည်းတာကြောင့် ဈေးကျလာကြောင်း သိရပါတယ်။ ပဲတီစိမ်းဈေးနှုန်းအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၇၅၀ မှ ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၂၅ ကျပ်(တစ်တန် ၉၉၅၁၃၃ ကျပ်) ထိ ဈေးကျခဲ့ပြီး တစ်ရက်အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ယခုတစ်ပတ်မှာ နှမ်းနီဈေးတက်ခဲ့ပြီး နှမ်းနက်နဲ့ သိပ္ပံနှမ်းနက်တို့က ယခင်တစ်ပတ်က ဈေးအတိုင်း ဆက်လက်ဈေးငြိမ်ခဲ့ပါတယ်။ နှမ်းနီကို မြို့ခံဆီစက်လုပ်ငန်းရှင်များ က ဝယ်ယူပြီး ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၁၇၈၀ ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၈၂၀ (တစ်တန် ၁၁၁၄၅၄၉ ကျပ်) ဈေးမြင့်ကာ တစ်ရက်ကိုအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းနက်က ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ၂၁၁၀ ကျပ်(တစ်တန် ၁၂၉၂၁၄၂ ကျပ်) နဲ့ တစ်ရက်အိတ် ၁၀၀ ခန့် အလားတူသိပ္ပံနှမ်းနက်ကလည်း ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာ ကျပ် ၂၇၈၀ (တစ်တန် ၁၇၀၂၄၄၄ ကျပ်) နဲ့ တစ်ရက်အိတ် ၂၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီဈေးကျခဲ့ပြီး မတ်ပဲဈေးကတော့ ဆက်လက်တက်ရိပ်ပြခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ RC တစ်တန် ကျပ် ၇၉၆၀၀၀ ဈေးအထိ တက်ရိပ်ပြခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၇၆၁၀၀၀ ထိ ဖြစ်ခဲ့တဲ့အတွက် တစ်တန်ကို ကျပ် ၃၅၀၀၀ ထိဈေးကျခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကတော့ ယခုတစ်ပတ်မှာလည်း ဆက်လက်ဈေး မြင့်ခဲ့ပြီး ယခင်တစ်ပတ်က မတ်ပဲ FAQ (RC) တစ်တန်ကို ကျပ် ၁၁၁၀၀၀၀ မှ ယခုတစ်ပတ်မှာတော့ တစ်တန်ကို ကျပ် ၁၁၂၂၀၀၀ ဖြစ်ခဲ့တာမို့ တစ်တန်ကို ကျပ် ၁၂၀၀၀ ခန့်ဈေးဆက် တက်ခဲ့ပါတယ်။ အလားတူ မတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်က တစ်တန်ကျပ် ၁၃၀၀၀၀၀ မှ ယခုတစ်ပတ်မှာ တစ်တန်ကို ကျပ် ၁၃၀၈၀၀၀ ဖြစ်ခဲ့တာကြောင့် တစ်တန်ကိုကျပ် ၈၀၀၀ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။ မတ်ပဲနဲ့ ပဲစင်းငုံနီကို ပြည်ပတင်ပို့သည့် ကုမ္ပဏီများနှင့် ဝယ်ရောင်းကုန်သည်များက အဝယ်လိုက်လာတာကြောင့် အရောင်းအဝယ်များပြားခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲ နဲ့ ပဲစင်းငုံနီဈေးတက်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ပဲစင်းငုံနီတို့ဈေးတက်ခဲ့ပါတယ်။ ဈေးကွက်သို့ အဝင်များလာခြင်း ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်လုပ်ငန်းရှင်များက ဝယ်လိုအားကောင်းလာခြင်းတို့ကြောင့် မတ်ပဲအရောင်းအဝယ်သွက်ခဲ့သလို ဈေးနှုန်းမှာလည်း ယခင်တစ်ပတ်ဈေးတစ်ပိဿာ ၁၇၂၅ ကျပ်ထက်ပိုမိုခဲ့ပြီး ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၈၂၅ ကျပ်(တစ်တန် ၁၁၁၇၆၁၁ ကျပ်) ထိဈေးမြင့်ခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်ရက်ကို မတ်ပဲအိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ လှောင်လက်ကုန်သည်များက ဝယ်ယူမှုများနေတဲ့ ပဲစင်းငုံနီအသစ်ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၁၇၅ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၁၁၉၀ (တစ်တန် ၇၂၈၇၄၄ ကျပ်)ထိဆက်လက်ဈေးမြင့်လာ ခဲ့ပြီး တစ်ရက်ကို အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဆန်ပြည်ပတင်ပို့မှုဆိုင်ရာ သင်တန်း(၁/၂၀၁၇) သင်တန်းဆင်းပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဆန်ပြည်ပတင်ပို့မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲကို မတ်လ ၁၃ ရက်က ရန်ကုန်မြို့ရှိ UMFCCI တွင်ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ ဦးချစ်ခိုင်တို့က သင်တန်းဆင်းအမှာစကားများ အသီးသီး ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူအသီးသီးက ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၈ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များ၌ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ပါသည်။




သင်တန်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူ အပါအဝင် တာဝန်ရှိသူများ၊ ပညာရှင်များ၊ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူပညာရှင်များ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များ၊ ဆန်ပြည်ပတင်ပို့မှုဆိုင်ရာ SGS ၊ OMIC ၊ CCIC စသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး၊ ဒေါက်တာမျိုးအောင်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင် အပါအဝင် တာဝန်ရှိသူများ၊ အကြံပေးပညာရှင်များက ပါဝင်သင်ကြား ပို့ချပေးခဲ့ကြပြီး လက်တွေ့လေ့လာမှုအဖြစ် ဆန်စက်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လှည်းကူးမြို့နယ်ရှိ CTQM ဌာန၊ စိုက်ပျိုးရေးဦးစီးဌာန မှော်ဘီမြို့နယ်ရှိ မြန်မာ့ဆန်စပါး သုတေသနဌာန စသည့်နေရာများသို့ သွားရောက် လေ့လာခဲ့ကြပါသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံနေရာ ဒေသအသီးသီးမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၇၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရပါသည်။

**MRF**

## ချောက်မြို့နယ်၊ စလေမြို့ရှိ ရွှေ့ဆောင် ဆီး၊ မန်ကျည်းဖျော်ရည် စက်ရုံတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဆွေးနွေး



မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစီး၍ စားသုံးသူရေးရာ ဦးစီးဌာနမှ၊ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့လိုက်ပါလျက် မတ် ၁၂ ရက်တွင် ချောက်မြို့နယ်၊ စလေမြို့ရှိ ရွှေ့ဆောင် ဆီး၊ မန်ကျည်းဖျော်ရည်စက်ရုံသို့ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောခဲ့ရာ စက်ရုံမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက ရွှေ့ဆောင် (စလေ)ဆီး၊ မန်ကျည်းဖျော်ရည်လုပ်ငန်းရှင်က ယခုကဲ့သို့ ဖိတ်ကြားသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်သော အကူအညီများကိုလည်း ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်နှင့် ဝတ္တရားများ၊ ကျင့်ဝတ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ချောက်မြို့နယ်တာဝန်ခံကလည်း စားသုံးသူရေးရာ ဦးစီးဌာန ဖြစ်ပေါ်လာပုံအဆင့်ဆင့်နှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများအကြောင်းကို ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးတင်ထွေးကလည်း သတိပြုဖွယ်ရာ စားသောက်ကုန်များအကြောင်း၊ ရှောင်ရန် ဆောင်ရန် အချက်အလက်များ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သတင်းအချက်အလက်များ၊ လုံခြုံစိတ်ချရမှုရှိသော ထုတ်ကုန်များတွင် ပါဝင်ရမည့် အချက်များဖြစ်သည့် ကုန်အမှတ်တံဆိပ်၊ ကုန်ပစ္စည်းအမျိုးအမည်၊ ပါဝင်ပစ္စည်းများဖော်ပြချက်၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ထုတ်လုပ်သူ၏လိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်စွဲ များ ပါဝင်ရမည်ဖြစ်ကြောင်း တို့ကို ပါဝါပွိုင့်ဖြင့် အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအား စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးစာစောင်များ၊ FDA မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် အစားအစာနှင့် လူသုံးကုန်ပစ္စည်းများပါဝင်သော လက်ကမ်းစာစောင်များကို ဝေငှခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင်(မကွေး)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အခမ်းအနားကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၏ မြန်မာနိုင်ငံလုံးဆိုင်ရာ ဒုတိယအကြိမ်မြောက် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အခမ်းအနားကို မတ်လ ၁၅ ရက်က မန္တလေးမြို့၊ မြို့တော်ခန်းမတွင် ကျင်းပခဲ့ပါတယ်။ အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ဝန်ကြီး ဦးစိုင်းကျော်ဇော၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်နှင့် USAID မှ Senior Manager ဖြစ်သူ Ms.Gladys Villacorta တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။

စားသုံးသူရေးရာဦးစီးဌာန အသိပညာပေးပြခန်းတွင် စားသုံးသူပြည်သူများသို့ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ အသိပညာပေးပြသထားမှုများကို မန္တလေးတိုင်း စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးအား ရှင်းလင်းတင်ပြခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများကို စားသုံးသူအခွင့်အရေးအပြည့်အဝရရှိစေရေး၊ စားသုံးသူပြည်သူများ အကျိုးစီးပွား ထိခိုက်နစ်နာမှု မရှိစေရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းပြီး အသိပညာပေးခြင်း၊ ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအခါ ပြည်သူများအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးဗဟုသုတများ အထိုက်အလျောက် သိရှိနားလည်လာကြသည်ကို တွေ့ရှိရကြောင်း ပြောကြားခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ( World Consumer Rights Day) ပေါ်ပေါက်လာပုံ သမိုင်းကြောင်းနှင့် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုပ်ဆောင်နေမှုများ၊ စားသုံးသူအငြင်းပွားမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ စသည်တို့ကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

အခမ်းအနား ဒုတိယပိုင်းတွင် ပညာရှင်များ၏ စာတမ်းဖတ်ပွဲများ၊ ကာတွန်းပြိုင်ပွဲ ဆုပေးပွဲ အစီအစဉ်များ၊ ဌာနမှရေးစပ်ထားသော သီချင်းဖြင့် ဖျော်ဖြေရေးအစီအစဉ်များနှင့် ဂုဏ်ပြုဆုလက်ဆောင်များ ချီးမြှင့်ခြင်း အခမ်းအနားများကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက စားသုံးသူရေးရာ ဦးစီးဌာန၏ ဆောင်ရွက်နေမှု လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ဌာန၏ ရည်မှန်းချက်နှင့် မျှော်မှန်းချက်များ၊ အာဆီယံတွင် စားသုံးသူကာကွယ်ရေး မဟာဗျူဟာ လုပ်ငန်းစီမံချက်ပါ မဟာဗျူဟာ (၄) ရပ်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါက်တာအောင်မြင့်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ပေါ်ပေါက်လာပုံနှင့် နိုင်ငံတကာတွင် စားသုံးသူကာကွယ်ရေး လုပ်ငန်းများလုပ်ဆောင်နေပုံများကို အကျယ်တဝင့် ရှင်းလင်းခဲ့ပြီး စာရေးဆရာ ကျော်ရင်မြင့်က စားသုံးသူရေးရာအကြောင်းကို စားသုံးသူ အမြင်ဖြင့် ပါဝင်ဆွေးနွေးခဲ့သည်။

အဆိုပါပြပွဲကို မတ်လ ၁၅ ရက်မှ ၁၈ ရက်အထိ ပြသခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြန်မာစားသုံးသူများသမဂ္ဂတို့ကလည်း အသီးသီး ပါဝင်ပြသခဲ့ကြောင်း သတင်းရရှိပါသည်။

**နေခြည်ဦး၊ တင်ချစ်ကောင်း(မန္တလေး)**

# ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်ရေးစခန်းများမှ ITCကတ်နဲ့ ကုန်သွယ်မှုကျပ်သန်းပေါင်း ၁၃၀၀၀ ကျော်ရှိ

ကုန်သွယ်ရေးဇုန်များနဲ့ ကုန်သွယ်ရေးစခန်းများမှ တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်ကတ် (ITC)နဲ့ ကုန်သွယ်မှု ဆောင်ရွက်ခွင့်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစပြီး တမူးကုန်သွယ်ရေးစခန်းတွင် စတင်ဆောင်ရွက်ခွင့်ပြုခဲ့ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် ITC ကတ် ၂၉၂ ကတ်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၆၁ ကတ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တွင် ၃၁၇ ကတ်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၁၄၆ ကတ်နဲ့ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ်တွင် ၁၉၇ ကတ် စုစုပေါင်း ၁၂၁၃ ကတ်ထုတ်ပေးပြီး ဖြစ်တယ်လို့ သိရပါတယ်။

ယခုဘဏ္ဍာနှစ်စ ဧပြီလမှ မတ်လ ၂၄ရက်အထိ ကာလအတွင်း ITC ကတ်နဲ့ ကုန်သွယ်မှုဆောင်ရွက်လျက်ရှိတဲ့ ကုန်သွယ်ရေး စခန်း ၁၁ ခုရှိပြီး ပို့ကုန်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၁၀၂၀ ဒသမ ၃၂၄ သန်း၊ သွင်းကုန်ဆောင်ရွက်နိုင်မှုမှာ ကျပ် ၁၂၆၃၁ ဒသမ ၀၅၃ သန်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ ဆောင်ရွက်နိုင်မှုမှာ ကျပ် ၁၃၆၅၁ ဒသမ ၃၇၇ သန်းဖြစ်တယ်လို့ သိရပါတယ်။ ယခု ဘဏ္ဍာနှစ်အတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ ITC ကတ်နဲ့ ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ITC ကတ်နဲ့ ကုန်သွယ်မှုအနည်းဆုံး ဆောင်ရွက်နိုင်တယ်လို့ သိရပါတယ်။ ITC ကတ်နဲ့ ကုန်သွယ်မှု ဆောင်ရွက်ခဲ့တဲ့ ကုန်သွယ်ရေးစခန်းများကတော့ မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်၊ တမူးကုန်သွယ်ရေးစခန်း၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်း၊ ကော့သောင်းကုန်သွယ်ရေးစခန်း၊ ရိဒ်ကုန်သွယ်ရေး စခန်း၊ မောတောင်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံကုန်သွယ်ရေးစခန်း၊ မယ်စဲ့ကုန်သွယ်ရေးစခန်းတို့ဖြစ်ပြီး၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၊ မြိတ်ကုန်သွယ်ရေးစခန်း၊ ထန်တလန်ကုန်သွယ်ရေးစခန်း၊ ထီးခီးကုန်သွယ်ရေးစခန်း၊ မန္တလေး ပို့ကုန်သွင်းကုန်ရုံး၊ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတို့မှာ ITC ကတ် ထုတ်ပေးပြီးဖြစ်သော်လည်း လုပ်ငန်း ဆောင်ရွက်မှုမရှိသေးကြောင်း သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များ ပိုမိုတင်ပို့


မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်ရေး စခန်းများမှ မတ်လ ၄ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၅ သန်း တန်ဖိုးရှိ ငါးနီတူခြောက် ၃၅ တန်နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်းတန်ဖိုးရှိ ငါးစုံလေးခြောက် ၈၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ငါးနီတူခြောက် ၁၃ တန်နဲ့ ငါးစုံလေး ခြောက် ၈၁ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ငါးနီတူခြောက် ၂၁ တန်နဲ့ ငါးစုံလေးခြောက် သုံးတန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ငါးနီတူခြောက်နဲ့ ငါးစုံလေးခြောက်များအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိမန်ကျည်းစေ့၊ ဆီးယိုထုတ်၊ သစ်ခေါက်၊ ချင်းအစို၊ ချင်းခြောက်၊ ဆီးခြောက်တို့ကို ၅၉ တန်၊ မောင်တောကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၁ သန်းတန်ဖိုးရှိ ရေငန်ပုစွန်၊ ငါးကုန်းညိုခြောက်၊ ကျောက်ငါး၊ ငါးပါးနီ၊ ချင်းအစို၊ မန်ကျည်းစေ့၊ ကွေကာအုပ်၊ ဆီးယိုထုတ်တို့ကို ၉၅ တန်တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# တရုတ်နိုင်ငံသို့ သကြားလျော့နည်း တင်ပို့သလို ထိုင်းနိုင်ငံမှလည်း သကြားလျော့နည်းတင်သွင်း

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မတ် ၄ ရက်မှ ၁၀ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂၃၅ သန်းတန်ဖိုးရှိ Re-export သကြား ၃၄၈၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က မူဆယ်မှသကြား ၄၈၈၇၀ တန်ကျော် တင်ပို့ခဲ့တဲ့ အတွက် ယခုတစ်ပတ်မှာ တရုတ်နိုင်ငံသို့ သကြားတန်ချိန် ၁၄၀၃၉ တန်ကျော် လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။ ချင်းရွှေဟော်မှ ယခင်တစ်ပတ်က သကြားဖြူ ၁၇ တန်ခွဲ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ သကြားတင်ပို့မှု မရှိခဲ့ပါဘူး။



မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇၄ သန်းတန်ဖိုးရှိ Re-export သကြား ၅၄၀၇ တန်ကျော် တင်သွင်းခဲ့ရာ ယခင်တစ်ပတ်က ၁၁၁၃၇ တန်နဲ့ နှိုင်းယှဉ်ပါက ၅၇၃၀ တန်ကျော် လျော့နည်းတင်သွင်းခဲ့ပါတယ်။

မတ်လ ၁၀ ရက်မှာ ဘုရင့်နောင် ကုန်စည်ဒိုင်ဈေးအရ သကြားတစ်ပိဿာလျှင် ကျပ် ၁၄၀၀ မှ ၁၄၄၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် ပြည်ပမှ ဆိုင်ကယ်များ ပိုမိုတင်သွင်း

မတ်လ ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိ ကန်ဒေါ်လာ ၅ ဒသမ ၉၀၆ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံကို ၁၂၄၂၃ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၁၆၁ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၆၂ စီး ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ် ကုန်သွယ်ရေးဇုန်မှ ဆိုင်ကယ်များ တင်သွင်းမှုအနည်းငယ် လျော့ကျခဲ့ပေမယ့် မြဝတီကုန်သွယ်ရေးဇုန်၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းနဲ့ တမူးကုန်သွယ်ရေးစခန်းတို့မှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့ကြောင်း သိရပါတယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၁၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၇၇၈ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၁၀ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၁၄၄၁ စီး၊ ကန်ပိုက် တီကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၁ သန်းတန်ဖိုးရှိ ဆိုင်ကယ် အစီး ၁၈၀၊ တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၉ သန်း တန်ဖိုး ရှိ ဆိုင်ကယ် ၂၄ စီးတို့ကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးများပိုမိုတင်ပို့

မြန်မာ - အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ်လ ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၀၄သန်းတန်ဖိုးရှိ ကွမ်းသီး ၁၀၈၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၄၆၃ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၂၅ တန် ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယခုကဲ့သို့ ပိုမိုတင်ပို့နိုင်ခြင်းမှာ ယခုတစ်ပတ်မှာ တမူးနယ်စပ်မှရော ရိဒ်နယ် စပ်မှပါ ကွမ်းသီးများ ပိုမိုတင်ပို့နိုင်တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉၅ သန်းတန်ဖိုးရှိ ကွမ်းသီး ၈၅၉ တန်နဲ့ တမူးကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၉ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၂၀ ခန့်ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန် ဒေါ်လာ သုည ဒသမ ၀၆၈ သန်းတန်ဖိုးရှိ စီးကရက်နဲ့ မုန့် မျိုးစုံတို့ကို ၆၉ တန်နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၁၄၂ သန်းတန်ဖိုးရှိ ပန်းသီး၊ ဆီးသီး၊ အုန်းသီး၊ စီးကရက်နဲ့ နန့်ဖာလုံအမယ်စုံ တို့ကို ၁၀၅ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

# ယခုတစ်ပတ် ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ မတ်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၆၅၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်မျိုးစုံကို တန်ချိန် ၆၃၉၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၉၄၇ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၄၄၃ တန်ပိုမိုတင်ပို့နိုင်တယ်လို့ သိရပါတယ်။ ယင်းသို့ ပိုမိုရခြင်းမှာ ယခုတစ်ပတ်တွင် ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့သော်လည်း မြဝတီကုန်သွယ်ရေးဇုန်နဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ ပိုမိုတင်ပို့နိုင်တဲ့အတွက်ကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၃ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၁၀၈ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ရေငန်ပုစွန်၊ အေးခဲကဏန်းပျော့၊ ကင်းမွန်၊ ငါးအသားလွှာ၊ ငါးခြောက်၊ သဲကဏန်းတို့ကို ၃၀၆၆ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်၊ ကဏန်း၊ ပုစွန်တို့ကို ၃၂၁၅ တန် တင်ပို့နိုင်တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန် တန်ချိန်ရော တန်ဖိုးပါ ပိုမိုတင်ပို့

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၄ ရက်မှ ၁၀ ရက် အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၉၀၂ တန်ကျော် ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၂ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၇၇၉ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၁ သန်း၊ တန်ချိန်အားဖြင့် ၁၂၃ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ယခုသီတင်းပတ်မှာ ငါးမှုန့်၊ ငါးလေးခြောက်နဲ့ ငါးဆားနယ်လျော့နည်းတင် ပို့ခဲ့ပေမယ့် ကဏန်း၊ ငါးမျိုးစုံ၊ ကင်းမွန်ခြောက်နဲ့ ပုစွန်ခြောက် ပိုမိုတင်ပို့ခဲ့တာကြောင့် တန်ချိန်ရော တန်ဖိုးပါ ပိုမိုခဲ့ရတာဖြစ်ပါတယ်။

တစ်ဖက်တရုတ်နိုင်ငံမှာ ငါးရှဥ့်တစ်တန် လျှင် ယွမ် ၃၁၀၀၀ နဲ့ ကဏန်းတစ်တန်လျှင် ၅၃၆၅၆ ယွမ်ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ပြောင်းလဲမှု မရှိဘူးလို့ သိရပါတယ်။ **မော်မော်အောင်**

# ဥပဒေကိုလည်းလိုက်နာ စားသုံးသူကိုယ်တိုင်ကလည်း သတိပြု

| မောင်မျိုးချစ် |

စားသုံးသူများအနေနဲ့ မိမိတို့ဝယ်ယူ သုံးစွဲမယ့် ကုန်စည်များကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ ဝယ်ယူ အသုံးပြုနိုင်ရေး၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ သိသင့်သိထိုက်သည့် အချက်အလက်အချို့ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် စာရေးသူ ကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို ဗဟုသုတအဖြစ် တင်ပြလိုက်ရပါတယ်။

စာရေးသူ၏ အမျိုးသမီးသည် လွန်ခဲ့တဲ့ ၃ ရက်က တောင်ဥက္ကလာပမြို့နယ်၊ နန္ဒဝန်ဈေးအနီးရှိ ဆေးဆိုင်တစ်ဆိုင်မှ Men's Senior Vite အမည်ရှိ ဆေးတောင့် ၃၀ ပါ ဆေးဘူးတစ်ဘူးကို ဝယ်လာခဲ့ပါတယ်။ ဝယ်ယူရတဲ့အကြောင်းရင်းကတော့ ယောကျာ်းဖြစ်သူရဲ့ လူပင်ပန်း၊ စိတ်ပင်ပန်းဖြစ်နေတာတွေကို အထောက်အကူဖြစ်စေဖို့ရယ်၊ ယောကျာ်းအပေါ်မှာ ထားရှိတဲ့စေတနာ မေတ္တာတွေကြောင့်လည်း ပါမှာပေါ့လေ။ ညဘက် အိပ်ရာဝင်ခါနီးလည်းရောက်ရော ဆေးဘူးကို ကျွန်တော့်ကိုပေးပြီး "ယောကျာ်းရေ မိန်းမ ယောကျာ်းအတွက် အားဆေးဝယ်လာတယ်၊ တစ်လုံးသောက်လိုက်ဦးလို့" ပြောပါတယ်။







ကျွန်တော်က မိန်းမကို ဒီအချိန် သောက်လို့ရလို့လား၊ ဆေးဆိုင်က ဘာပြောလိုက်လဲလို့မေးတဲ့အခါ ဆေးရောင်းတဲ့ အသက် ၂၀ အရွယ်လောက်ရှိတဲ့ အမျိုးသမီးလေးက "ညအိပ်ရာမဝင်ခင် သောက်ရတယ်" လို့ပြောလိုက်ကြောင်း ပြန်ပြောပါတယ်။

ကျွန်တော်ကိုယ်တိုင်ကလည်း စားသုံးသူရေးရာဦးစီးဌာနမှာ လုပ်နေပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ ပြဋ္ဌာန်းချက်တွေ၊ စားသုံးသူကာကွယ်ရေးနဲ့ ပတ်သက်တဲ့ အသိပညာ၊ ဗဟုသုတတွေ၊ ဆောင်ရန် ရှောင်ရန်တွေကို စားသုံးသူပြည်သူတွေသိရှိနိုင်ရေး လိုက်လံအသိပညာပေးဟောပြောဆွေးနွေးနေတာရယ်၊ ကိုယ်ကိုယ်တိုင်ကလည်း အလေ့အထလိုဖြစ်နေတာရယ်ကြောင့် ဒီတစ်ခါတော့ မိန်းမစကားကို မြေဝယ်မကျ နားမထောင်တော့ဘဲ ဆေးဘူးမှာပါတဲ့ အညွှန်းကို ဖတ်ကြည့်လိုက်တဲ့အခါ "တစ်နေ့နှစ်လုံးသောက်ရန်၊ ပထမ တစ်လုံးကို နံနက်စာ စားပြီးသောက်ရန်၊ ဒုတိယ တစ်လုံးကိုတော့ ညအိပ်ရာမဝင်မီ ၆ နာရီထက်မနည်း ကြိုတင် သောက်ရမယ်" လို့ပါရှိတာကို သိရှိလိုက်ရပါတယ်။

ဒီနေရာမှာ ကျွန်တော်ဆိုလိုချင်တာက တကယ်လို့သာ ကျွန်တော့်အနေနဲ့ ဆေးအညွှန်းကိုမဖတ်ဘဲ၊ ဆေးအညွှန်းအတိုင်းမလိုက်နာဘဲ ဆေးဆိုင်က ရောင်းလိုက်တဲ့ ကလေးမလေးပြောတဲ့အတိုင်း၊ ကျွန်တော့် အမျိုးသမီးပြောတဲ့အတိုင်း သာသောက်လိုက်မယ်ဆိုရင် ဆေးရဲ့အာနိသင်ကို ရရှိခံစားရတော့မှာ မဟုတ်သလို မြန်မာနိုင်ငံမှာ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်တဲ့ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၊ အခန်း(၅) ပုဒ်မ ၆ (ခ) မှာပါတဲ့ စားသုံးသူ၏တာဝန်များ ၄ ချက်ထဲက တစ်ချက်ဖြစ်တဲ့ "ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ဖော်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း" ဆိုတဲ့အချက်ကိုလည်း ချိုးဖောက်ရာ ရောက်သွားမှာဖြစ်ပါတယ်။

ဒါကြောင့်မို့ စားသုံးသူပြည်သူတွေကို အသိပေးပြောကြားလိုတာကတော့ စားသုံးသူကာကွယ်ရေးဆိုတာ ပထမဆုံးမိမိကိုယ်မိမိကာကွယ်ရမှာဖြစ်သလို ဥပဒေရဲ့အကာအကွယ်ပေးမှုတွေကို ရယူခံစားနိုင်ဖို့ဥပဒေတွေကို လေ့လာဖတ်ရှုဖို့ရယ်၊ ဥပဒေမှာပါတဲ့ အသိပေးချက်တွေ လမ်းညွှန်ချက်တွေကို လိုက်နာဖို့လိုပါတယ်။ စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းတစ်ဦးအနေနဲ့ အကြံပြုပြောကြားရမယ်ဆိုရင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေမှာ ပါရှိတဲ့ အချက်တွေထဲက စားသုံးသူတစ်ဦးအနေနဲ့ သိသင့်သိထိုက်တဲ့အချက်တွေကို သိရှိလေ့လာမှတ်သားလိုက်နာဖို့ရယ်၊ ယခုလက်ရှိ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်/တိုင်းအသီးသီးက ဝန်ထမ်းတွေက ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး လိုက်လံဆောင်ရွက်နေတဲ့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲတွေကို တက်ရောက်နားထောင် မှတ်သားမေးမြန်းပြီး မိမိတို့ကိုယ်တိုင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူရဲ့ အခွင့်အရေးတွေကို အရယူနိုင်အောင်၊ စားသုံးသူရဲ့တာဝန်တွေကို လိုက်နာဆောင်ရွက်နိုင်အောင် စားသုံးသူကာကွယ်ရေးလုပ်ငန်းတွေမှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။

ဒီဖြစ်စဉ်နဲ့ပတ်သက်လို့ တစ်ဖက်ကနေပြန်ကြည့်မယ်ဆိုရင် ဆေးရောင်းချတဲ့ဆိုင်တွေဟာ ဆေးရောင်းချခွင့်လိုင်စင်ရှိရဲ့လား၊ ဆေးရောင်းချတဲ့သူတွေကလည်း သက်ဆိုင်ရာဌာနတွေရဲ့ သင်တန်းတွေ တက်ရောက်ပြီး အသိအမှတ်ပြုလက်မှတ်တွေရရှိလားဆိုတာကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဘာပဲပြောပြော သက်ဆိုင်ရာဌာနတွေအနေနဲ့ စားသုံးသူကာကွယ်ရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက်ဆောင်ရွက်နေတဲ့အချိန်မှာ စားသုံးသူပြည်သူတွေအနေနဲ့ကလည်း ယခုဖြစ်စဉ်ပါ အဖြစ်အပျက်ကို နမူနာရယူပြီး မိမိတို့ဝယ်ယူသုံးစွဲမယ့် ကုန်စည်၊ ဝန်ဆောင်မှုတွေကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် မဝယ်ယူခင်ရော ဝယ်ယူပြီးမှာပါ။ အသိ သတိနဲ့ဝယ်ယူသုံးစွဲခြင်း၊ ဥပဒေနဲ့ အညီ ကုန်စည် ဝန်ဆောင်မှုနဲ့ ပတ်သက်တဲ့ အညွှန်းမှာဖော်ပြပါရှိတဲ့အတိုင်း တိကျစွာလိုက်နာခြင်းတို့ကို ဆောင်ရွက်ပေးဖို့ အကြံပြုတင်ပြလိုက်ရပါတယ်။

❑

## ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် မုံရွာမြို့၌ ဆွေးနွေးပွဲအခမ်းအနား ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာမြို့တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ၂၀၁၇ ခုနှစ် မတ်လ ၁၅ ရက်က ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာခရိုင် ဦးစီးမှူးရုံး၊ ကလေးခရိုင်ဦးစီးမှူးရုံး ကသာခရိုင်ဦးစီးမှူးရုံး၊ မုံရွာမြို့နယ် ရုံးတို့မှ ဝန်ထမ်း ၄၀ ဦးတက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ နိုင်ငံတကာမှ အတွေ့အကြုံများကို အကျယ်တဝင့်ရှင်းလင်းတင်ပြပြီး၊ စားသုံးသူများ ရရှိနိုင်သည့် အခွင့်အရေးအမျိုးမျိုးကို ခံစားနိုင်ခွင့် ဆောင်ရွက်နိုင်ပုံတို့ ကိုပြောကြားပါသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီလင်းထွန်းက ၁၉၈၅ ခုနှစ်ကစတင်ပြီး မတ်လ ၁၅ ရက်နေ့ကို ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်း၌ အခမ်းအနားများကျင်းပပြုလုပ်ခဲ့ပုံများ၊ နှစ်စဉ်ဦးတည်ချက် ဆောင်ပုဒ်သစ်များ သတ်မှတ်ဆောင်ရွက်ခဲ့ပုံ၊ ၂၀၁၇ ခုနှစ်တွင် Building a Digital World Consumers can Trust "စားသုံးသူတွေ ယုံကြည်စိတ်ချရမည့် ဒစ်ဂျစ်တယ်ကမ္ဘာတည်ဆောက်စို့" ဆိုပြီး ဦးတည်ချက်များ သတ်မှတ်ခဲ့ကြောင်းတို့ကို ရှင်းလင်းတင်ပြပါသည်။

**သန်းသန်းတင်(မုံရွာ)**

## ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံသီးနှံ အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို ပုသိမ်မြို့တွင် ဖွင့်လှစ်မည်

ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံသီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို မတ်လ ၂၂ ရက်တွင် ပုသိမ်မြို့၊ တိုင်းအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို ပြည်တွင်းတွင် ရာသီအလိုက် ထွက်ရှိသော သီးနှံများဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံသီးနှံများဖြင့် ပြုလုပ်ထားသော စားသောက်ကုန်များတွင် အရည်အသွေး ကောင်းမွန်၍ သန့်ရှင်းပြီး အာဟာရဓာတ် ပြည့်ဝသော စားသုံးကုန်စည်များ ထုတ်လုပ်နိုင်စေရန်၊ ကိုယ်တိုင် ပြုလုပ်စားသောက်ရန်သာမက ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ ထူထောင်လျက် မိသားစုဝင်ငွေရရှိစေရန်နှင့် အစားအစာတွင် ပါဝင်သည့် အာဟာရဓာတ်တန်ဖိုးများ သိရှိစေပြီး ကျန်းမာရေးနှင့် ပြည့်စုံသော စားသောက်ကုန်များ ရွေးချယ်စားသုံးတတ်စေရန်အပြင် စားသောက်ကုန်ထုတ်လုပ်မှု နည်းစနစ်များ မှန်ကန်မှုရှိစေရန်နှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) အဖြစ် ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးနိုင်ထူးက ပြောကြားခဲ့သည်။

ယင်းသင်တန်း၌ အစားအစာများတွင် ကျရောက်တတ်သော ဘေးအန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် လိုအပ်ချက်များ၊ သီးနှံများ ပျက်စီးရသော အကြောင်းရင်း၊ သီးနှံများ တာရှည်ခံအောင် ပြုပြင်ထုတ်လုပ်သည့်နည်းလမ်းများ၊ တာရှည်ခံဓာတုဆေးဝါးများ အကြောင်းနှင့် ဆန်မှုန့်အခြေခံကိတ်များဖြစ်သော Chiffon Cake၊ သီးစုံကိတ်၊ ပန်းသီး၊ ငှက်ပျောသီး၊ ပန်းသစ်တော်သီးကိတ်၊ ကွတ်ကီး၊ Crepe ပြုလုပ်နည်းများအပြင် ငါးမုန့်ခြောက်၊ အာလူးပေါင်းခြောက်၊ တို့ဟူးခြောက်၊ ကြက်သွန်ပေါင်းခြောက်နှင့် ဂျုံဖြင့် ပြုလုပ်သော ကြက်ဥ၊ မြေပဲပွကြော်၊ တောင်ကြီးပဲရေပွကြော်၊ သစ်သီးယိုအမျိုးမျိုး၊ ပြောင်းဖူးပေါက်ပေါက် စသည့် မုန့်လုပ်နည်းများကို သင်ကြားပို့ချပေးသွားမှာ ဖြစ်ကြောင်းသိရသည်။

ဈေးကွက်တွင် တွေ့ရှိရသော စားသောက်ကုန်ပစ္စည်း အချို့မှာ ထုတ်လုပ်မှုနည်းစနစ်များ မှန်ကန်မှုမရှိခြင်း၊ အာဟာရမပြည့်ဝသော ကုန်ကြမ်းပစ္စည်း အချို့ကို အသုံးပြုလာခြင်း၊ ခွင့်မပြုသော အရောင်ဆိုးဆေးများနှင့် တာရှည်ခံဓာတုဆေးဝါးများအား လွန်ကဲစွာ ထည့်သွင်းအသုံးပြုလာခြင်းတို့ကြောင့် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုသင်တန်းသို့ တက်ရောက်သူများအနေဖြင့် စားသုံးသူပြည်သူများအား ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝ၍ ဈေးနှုန်းချိုသာသော စားသောက်ကုန်များကို ထုတ်လုပ်နိုင်ပြီး အလုပ်အကိုင်၊ အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး (ပုသိမ်)**

## ASTONISHED VENUE
Logistics Agency

- Custom Clearance
- Airport Custom Clearance
- Port Custom Clearance
- Personal Effects Clearance
- Border Trade
- Temporary Importation& Exportation

No.(133), 8th Floor(A), Bogyoke Road, (10)Qtr,
Botahtaung Tsp, Yangon, Myanmar.
Tel: (+95) 09-253187487, 09 402683832
09-458033346
E.mail: astonishedvenue@gmail.com

## SHWE MA NAW MYAY TRADING CO.,LTD

ရွှေမနော်မြေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

G/45 Padauk Street,
Bayintnaung Warehouse
Mayangone Township,
Yangon,Myanmar

Ph- 01-680719
01-680763
09-73176831

E-mail:yaaar18474@gmail.com

S.M.I

S.M.I.M

## SUN MYANMAR GROUP OF COMPANIES





Processing Factory

Prawns And Rohu Fish



Packed Product Front And Back

**OFFICE**

No.797,(504/B),MAC Tower(II),Corner Of Bogyoke Aung San & Wardan St,
Lanmadaw Tsp,Yangon,Myanmar.
Tel :01-211076,212944(Ext :504),2301031
E-mail :sunmyanmar1000@gmail.com.

**FACTORY**

No.469,Mandalay Street,23 Ward,Industrial Zone (1),South Dagon,Yangon,
Myanmar.

## ရွှေလမင်းအထူးကုဆေးရုံ(လမ်းမတော်)



- 24နာရီ ခေတ်မီစက်များဖြင့် အရေးပေါ်ကုသခြင်း
- နာကျင်မှုအနည်းဆုံးနှင့်သဘာဝအတိုင်းမွေးဖွားပေးသောခေတ်မီအဆင့်မြင့်သားဖွားခန်း
- CT Scan GE 128 Slice (လမ်းမတော်)
- သံလိုက်စက်ကွင်းတုန့်ပြန်မှုဖြင့် ပုံရိပ်ဖော်စက်(MRI) (မြောက်ဥက္ကလာပ)
- မျက်နှာ၊မေးရိုး၊သွားနှင့်ခံတွင်းအထူးကုစင်တာ(မြောက်ဥက္ကလာပ)
- ခေတ်မီနည်းဖြင့်ဆီးလမ်းကြောင်းကျောက်ခြေပေးခြင်း
- ကျောက်ကပ်ဆေးဌာန (မြောက်ဥက္ကလာပ)
- ၂၄နာရီလူနာတင်ယာဉ်ဝန်ဆောင်မှု
- အိမ်တိုင်ရာရောက်ဆေးကုသမှုပေးခြင်း

၂၄နာရီဝန်ဆောင်မှုပေးနေပါပြီ။

ရွှေလမင်းဆေးရုံ အမှတ်(၁) ။ ၊အမှတ် (၁၂၈၄)၊ သုခမွာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
Hot Line: ၀၁-၆၅၅၆၁၂

ရွှေလမင်းဆေးရုံ အမှတ်(၂)။ ၊အမှတ်(၁၅/၁၉)၊ ဖော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
Hot Line: ၀၁-၂၃၀၁၉၄၉

ရွှေလမင်းဆေးရုံ အမှတ်(၃)။ ၊အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ်္သာတမြို့၊ ဖုန်း- ၀၄၄-၂၁၃၇၅


မြန်မာနိုင်ငံ၏ ချည်မျှင် နှင့် အထည်လုပ်ငန်းများအတွက်
ထူးခြားကောင်းမွန်သော အနာဂတ်ကို မြင်သာလာ စေမည့် ကုန်စည်ပြပွဲကြီး
29-31 March 2017
Rose Garden Hotel
Yangon - Myanmar
ဖွင့်ချိန် : နံနက် ၉နာရီ မှ ညနေ ၅နာရီအထိ (ဝင်ကြေးအခမဲ့)
Myanmar Expo 2017
GAR-TEX
ဆက်သွယ်ရန်
Email: info@veas.com.vn | Tel: 09420025684 ,09975895608 | www.gartex-myanmar.com
ပြပွဲစီစဉ်သူ
VEAS
FIE
FOREMOST
ထောက်ပံ့ပေးသော အဖွဲ့အစည်း
MGMA
မီဒီယာပံ့ပိုးပေးသူများ
TextileToday
TEXTILE VALUE CHAIN
KnittingIndustry
textile Excellence
Kenyadetails.com
TRADEKEY
Biz biztoday.vn
TextileAsia
abc MEDIA Always Be Creative
THAI BIZ
TIMES INTERNATIONAL
textile
FASHION NETWORK
FASHION JOBS
NONWOVEN Technical Textiles


MYANMAR
TILE & STONE Co.,Ltd.
Company Reg No. 1888/2014-2015(16-7-2014)
No. E36/E37, Thiriyadana Market,
No. (3) Main Road, North Okkalapa Township,
Yangon. Ph: 09 796609927, 09 796609928


Plastic
ASIA STAR PLASTIC
အာရှစတား ပလတ်စတစ်စက်ရုံ
ခေတ်မီနိုင်ငံခြားစက်များနှင့် သင့်စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါသည်။ ဒီဇိုင်းအသစ်များကိုလည်း လက်ခံဆောင်ရွက်ပေးနေပါသည်။
ရုံးခန်း - မြေအမှတ်(၁၈၅/၃)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ သဝိုင်းလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ပလတ်စတစ်ဘူး ( PE, PP, PVC )
ပလတ်စတစ်အိတ် ( LDPE, HDPE, PP )
အချိုရည်ပိုက် (PP ကြိုး, Straw)

# နိုင်ငံတကာရော်ဘာဈေးတစ်တန်လျှင် ဒေါ်လာ ၂၀၀ ကျော် ကျဆင်း

မတ် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၆၉ သန်းတန်ဖိုးရှိ ရော်ဘာ ၂၆၈၇ တန်တင်ပို့ခဲ့ရာ RSS 3 ၁၉၆၀ တန်ကျော်၊ RSS 5 ၃၁ တန်၊ MSR 20 ၆၄၆တန်ကျော်နဲ့ MSR 50 ၄၉ တန်တင်ပို့ပြီး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၃ သန်းတန်ဖိုးရှိ RSS 1 တန် ၁၉၀ ခန့်နဲ့ RSS 3 တန် ၇၀ ခန့် တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းနှစ်ခုပေါင်းရဲ့ တင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၈၂ သန်းတန်ဖိုးရှိပြီး တန်ချိန်စုစုပေါင်း ၂၉၄၆ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၂၅၈၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခု တစ်ပတ်မှာ ၃၅၇ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS 3 တစ်တန်ကို ကျပ် ၂၇ ဒသမ ၁၆ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၂၆ ဒသမ ၁၉၇ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ် ၅ ရက်မှ ၁၀ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁၂ သန်းတန်ဖိုးရှိ ရော်ဘာ ၅၄၁ တန်ကျော် တင်ပို့ခဲ့ရာ ဂျပန်နိုင်ငံသို့ MSR 20 ၉၈ တန်၊ စင်ကာပူနိုင်ငံသို့ MSR 10 ၄၀၃ တန်၊ တရုတ်နိုင်ငံသို့ MSR 20 တန် ၄၀ ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ရော်ဘာ ၇၇၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ရော်ဘာတင်ပို့မှု ၂၃၃ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေး တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၀၀ ကျော်ကျဆင်းလာကြောင်း သိရပါတယ်။ နိုင်ငံတကာရော်ဘာဈေးကျတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်း တစ်တန်ကို ဒေါ်လာ ၂၀၀ ကျကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရဲ့ ဈေးနှုန်းထုတ်ပြန်ချက်အရ သိရပါတယ်။

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင်ဒေါ်လာ | ၂၀၅၀-၂၁၅၀၊ |
| RSS 2 | တစ်တန်လျှင်ဒေါ်လာ | ၂၀၀၀-၂၁၀၀၊ |
| RSS 3 | တစ်တန်လျှင်ဒေါ်လာ | ၁၉၅၀-၂၀၅၀၊ |
| RSS 4 | တစ်တန်လျှင်ဒေါ်လာ | ၁၉၀၀-၂၀၀၀၊ |
| RSS 5 | တစ်တန်လျှင်ဒေါ်လာ | ၁၈၅၀-၁၉၅၀၊ |
| MSR 3L | တစ်တန်လျှင်ဒေါ်လာ | ၂၁၀၀-၂၂၀၀၊ |
| MSR 10 | တစ်တန်လျှင်ဒေါ်လာ | ၁၈၀၀-၁၉၀၀၊ |
| MSR 20 | တစ်တန်လျှင်ဒေါ်လာ | ၁၇၅၀-၁၈၅၀၊ |
| MSR 50 | တစ်တန်လျှင်ဒေါ်လာ | ၁၆၅၀-၁၇၅၀၊ |
| Crepe Rubber | တစ်တန်လျှင်ဒေါ်လာ | ၁၆၅၀-၁၇၅၀ |

**ယဉ်ယဉ်အေး**

# နယ်စပ်မှ ပြောင်းလျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ မတ် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈၂ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၃၃၂၄၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၂၉၅၃၄ တန်ကျော်၊ လွယ်ဂျယ်မှ ၂၇၄၀ တန်ကျော်နဲ့ ချင်းရွှေဟော် ၉၇၃ တန်ကျော် ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တရုတ်နယ်စပ်ရှိစခန်းလေးခုပေါင်းမှ တင်ပို့ခဲ့တဲ့ ပြောင်းတန်ချိန် ၄၀၈၁၂ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာပြောင်း ၇၅၆၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၃ ရက်သီတင်းပတ်မှာ ပြောင်းတစ်တန်ဈေး ၂၂၄၃၇၁ ကျပ်ရှိရာမှ မတ် ၄ ရက်မှ ၁၀ ရက် သီတင်းပတ်မှာ ၂၁၃၃၈၅ ကျပ်သို့ ဈေးထပ်မံကျဆင်းခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်း တစ်ပိဿာကို သယ်ယူစရိတ် ၇၂ ကျပ် မှ ၇၅ ကျပ်ရှိပြီး ပြောင်းကားစီးရေ ၉၃၅ စီးဝင်ရောက်ခဲ့ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# တရုတ်နဲ့ ထိုင်းနယ်စပ်မှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီနဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၊ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ မတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၄၁ သန်းတန်ဖိုးရှိ တစ်သျှူးငှက်ပျော ၈၃၉၃ တန်ကို တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ အသီးသီးတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ ကန်ပိုက်တီမှ ၇၅၈၅ တန်၊ လွယ်ဂျယ်မှ ၆၀၈ တန်နဲ့ တာချီလိတ်မှ တန် ၂၀၀ ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါ စခန်းသုံးခုမှ တစ်သျှူးငှက်ပျော ၇၂၅၃ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၁၁၄၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျောကို ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးကြပြီး တရုတ်နိုင်ငံသို့ ကားကြီးများဖြင့် တိုက်ရိုက်တင်ပို့နေတယ်လို့ ကန်ပိုက်တီစခန်းမှ သိရပါတယ်။ **မော်မော်အောင်**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ပရဆေးကုန်ကြမ်း လျော့နည်းတင်ပို့

မတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၀ သန်း တန်ဖိုးရှိ ပရဆေးကုန်ကြမ်း အမယ် (၁၄) မျိုး၊ တန်ချိန်အားဖြင့် ၁၀၁၅ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ၁၁၉၆ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှ ပရဆေး ၁၈၁ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေးအမယ် များမှာ ကွမ်းစားဂမုန်း၊ ဒရင်ကောက်မြစ်၊ တောဂျုံးမြစ်၊ တောချင်း၊ ချင်းခြောက်၊ မာလာဥ၊ မာလာဥခေါင်း၊ နေလဲစေ့၊ မိကျောင်း ကွမ်းဖတ်စေ့၊ ကြောင်လျှာစေ့၊ ဆီးဆန်၊ ချဉ်ပေါင်ဖာလာ၊ နန္ဒင်းခေါင်းနဲ့ နန္ဒင်း တက်တို့ ဖြစ်ပါတယ်။

ယခုတစ်ပတ်တွင် မာလာဥ ပိုမိုတင်ပို့နိုင်ပေမယ့် ဒရင်ကောက်မြစ်နဲ့ မာလာဥခေါင်းတင်ပို့မှု လျော့နည်းခဲ့တာကြောင့် သစ်တောထွက်ပစ္စည်းအုပ်စုဖြစ်တဲ့ ပရဆေးတင်ပို့မှု လျော့နည်းရတာဖြစ်ကြောင်း မူဆယ်ကုန်သွယ်ရေးဇုန်မှ သိရပါတယ်။ **မော်မော်အောင်**

# မူဆယ်မှ ပျားရည် ပိုမိုတင်ပို့

မတ် ၄ ရက်မှ ၁၀ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၃၄၀၀ တန်ဖိုးရှိ ပျားရည် ၆၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင် တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၂ တန်နဲ့နှိုင်းယှဉ်ပါက တန် ၃၀ ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ပျားရည်နဲ့ ပျားရည်ထွက်ပစ္စည်းများကို အမေရိကန်၊ ဥရောပ၊ ဂျပန်နဲ့ မလေးရှားနိုင်ငံများအထိ တင်ပို့နေကြောင်း၊ မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးကို ၁၉၇၉ ခုနှစ်နဲ့ ၁၉၈၂ ခုနှစ်တို့မှာ စတင်ခဲ့ပြီး ပြည်ပနိုင်ငံတွေမှာ သကြားအစား ပျားရည်စားသုံးခြင်းနဲ့ အအေးပိုင်းနိုင်ငံ တွေမှာ ပျားရည်သုံးစွဲမှု များလာတာကြောင့် ပြည်ပဈေးကွက်သို့ အဓိကထား တင်ပို့ရခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန(ပျားလုပ်ငန်းဌာန) မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မုံရွာမြို့ကုန်စည်ဒိုင်ဈေးကွက်တွင် ပြောင်းဈေးအနည်းငယ်ကျ

ဒေသတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းမှာ ပြောင်းသီးနှံစတင်ပေါ်သည့် ရာသီများထက် ဈေးအနည်းငယ်ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါသည်။

ပြည်ပဝယ်လက်အားနည်း၍ ဒေသတွင်း၌သာ အသုံးများခြင်းတို့ကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းရသည်ဟု ကုန်အဝယ်ဒိုင် တာဝန်ရှိသူတစ်ဦးထံမှ သိရှိရပါသည်။

ယခင်နှစ်ပြောင်းပေါ်စချိန်တွင်တစ်တင်းလျှင် ကျပ် ၇၂၀၀ မှ ကျပ် ၈၂၀၀ အထိရရှိသဖြင့် တောင်သူများ အပိုဝင်ငွေရ၍ အမြတ်အစွန်းရရှိကြောင်း ယခုနှစ်တွင်မူ ပြောင်းဈေးများ ကျဆင်းလာသဖြင့် အမြတ်အစွန်းနည်းပါးသည့်အပြင် စရိတ်ကာမိအောင် ဆောင်ရွက်နေရကြောင်း တောင်သူတစ်ဦးထံမှ သိရပါသည်။

ယခုအခါ ပြောင်းကို ပြည်တွင်းဈေးကွက်၌သာ ဝယ်ယူမှုရှိသဖြင့် ဈေးနှုန်းများကျဆင်းနေပြီး ပြည်ပဝယ်လိုအားများမှသာ ဈေးနှုန်းမြင့်တက်လာနိုင်ကြောင်း ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံမှ သိရှိရပါသည်။ လက်ရှိ မုံရွာဈေးကွက်တွင် ပြောင်းပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ် ၅၇၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရပါသည်။ **လင်းလင်းသန့်**



# အောင်ပန်းဈေးကွက်မှာ ဒေသထွက်အာလူးများ ဈေးကောင်းရနေ

အောင်ပန်းဈေးကွက်ကိုဝင်တဲ့အာလူးတွေ ဈေးကောင်းရနေပါတယ်။ ဟဲဟိုးအာလူးတွေကုန်သလောက်ဖြစ်သွားပါပြီ။ ယခင်နှစ်တွေက ဖေဖော်ဝါရီ /မတ်လမှာ ဒေသထွက်အာလူးတွေကုန်သွားလေ့ရှိပါတယ်။ ဒေသထွက် အာလူးကုန်သွားရင် ဆင်ဖြူကျွန်းက အာလူးတွေကို သွင်းလေ့ရှိပေမယ့် ဒီနှစ်တော့ တင်သွင်းလာခြင်း မရှိဘဲ မန္တလေးဘက်ကဝင်တဲ့ တရုတ်အာလူးတွေကိုသာ တင်သွင်းနေရတယ်လို့ သိရပါတယ်။

ဖေဖော်ဝါရီလကတည်းက တရုတ်အာလူးတွေကို တင်သွင်းခဲ့ရပေမယ့် မတ်လပထမပတ်မှာတော့ ဟဲဟိုးဒေသက ထွက်တဲ့အာလူးတွေက ဈေးကွက်ကိုပြန်ပြီး ဝင်လာပါတယ်။ စိုက် နေကျစစ်ဗိုလ်အာလူးမျိုးတွေကိုသာမက ဟော်လန်မျိုးတွေကိုပါ စိုက်လာကြတယ်လို့သိရပါတယ်။ ဟော်လန်မျိုးကတော့ အလုံးကြီး အလုံးလှတွေ ထွက်သလို ဈေးကလည်း ကောင်းပါတယ်။

ဒီတစ်ပတ် အောင်ပန်းဈေးကွက်သို့ ဝင်လာခဲ့တဲ့ဟဲဟိုးအာလူးတွေရဲ့ လက္ကားဈေးတွေကတော့ အာလူး OK ကျပ် ၈၀၀၊ S1 ကျပ် ၉၀၀၊ S2 ကျပ် ၁၀၀၀၊ S3 ကျပ် ၁၁၀၀ နဲ့ ဟော်လန်မျိုးက ကျပ် ၁၂၀၀ ဈေးရှိပါတယ်။ **ဧခိုင်(တောင်ကြီး)**

# ဗီယက်နမ်နိုင်ငံသို့ ပြောင်းတန်ချိန် သုံးထောင်ကျော်တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ မတ် ၅ ရက်မှ ၁၁ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၇ သန်း ဖိုးရှိ ပြောင်း ၃၉၃၁ တန်ကျော် တင်ပို့ခဲ့ရာ ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့ပြီး အခြားတင်ပို့တဲ့ နိုင်ငံများမှာ အိန္ဒိယ၊ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံများဖြစ်ပါတယ်။

မြန်မာ့ပြောင်းကို အများဆုံးဝယ်လက်ဖြစ်တဲ့ ဗီယက်နမ်နိုင်ငံသို့ ၃၀၆၉ တန်၊ အိန္ဒိယနိုင်ငံသို့ ၂၇၂တန်၊ မလေးရှားနိုင်ငံသို့ တန် ၂၄၀ နဲ့ ဖိလစ်ပိုင်နိုင်ငံသို့ တန် ၃၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၅၅၅၆ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်း ၁၆၂၅ တန် လျော့နည်းတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# မရှိမဖြစ်တန်ဖိုးနှင့် အတွေးတစ်စ




မျိုးသူ (ကုန်သွယ်မြှင့်)

**မရှိမဖြစ်တန်ဖိုးဟူသော စာလေးသည် ဝန်ထမ်းများအား အထူးအထွေ ကျက်ခိုင်းနေစရာမလိုဘဲ ရင်ထဲ၊ ဦးနှောက်ထဲသို့ ရောက်စေသော နည်းလမ်းတစ်ခုပါလား**

၂၀၁၆ခုနှစ် ဇွန်လအတွင်းက တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တော်ကို KOTRA(Korea Trade-Investment Promotion Agency ) မှ ဖွင့်လှစ်သည့် သင်တန်းတက်ရောက်ခဲ့ရသဖြင့် ရောက်ခဲ့ခြင်းပင်ဖြစ်သည်။ သင်တန်းတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်ပတ်သက်သော အကြောင်းအရာများကို လေ့လာသင်ယူခဲ့ရပါသည်။

သင်တန်းတက်ရောက်နေစဉ် အတွင်း ကိုရီးယားလူမျိုးများထံမှ သင်ယူစရာ အများအပြားကို တွေ့နေ မြင်နေရပါသည်။ ကြိုးစားအားထုတ်မှုတွင် ဂျပန်လူမျိုးများကဲ့သို့ပင် ကိုရီးယားလူမျိုးများထံမှလည်း လေ့လာသင်ယူစရာ အများအပြား ရှိနေသည်ကို တွေ့ရပါသည်။ ကိုရီးယားသည် ဂျပန်နိုင်ငံလက်အောက်သို့ ကျွန်အဖြစ် နှစ်ပေါင်းများစွာ ကျရောက်ခဲ့ပြီး လိင်လုပ်သားအထိ အဖိနှိပ်ခံရမှု အများအပြားကို ကြုံတွေ့ခဲ့ရခြင်း၊ ၁၉၅၀ တွင် တောင်မြောက် စစ်ပွဲဖြစ်ပွားပြီး နိုင်ငံနှစ်ခြမ်းကွဲခြင်းတို့ကို ရင်ဆိုင်ဖြတ်သန်းကာ ယခုကဲ့သို့ ဖွံ့ဖြိုးပြီး နိုင်ငံအဆင့်အထိ တက်လှမ်းလာခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ကိုရီးယားနိုင်ငံသည် အများ သိ သကဲ့သို့ပင် သယံဇာတထွက်ကုန်ဟု မယ်မယ်ရရ တစ်ခုမှမရှိဘဲ၊ ပြည်ပမှ ကုန်ကြမ်းများကို တင်သွင်းပြီး ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်ကာ ရရှိလာသည့် ပို့ကုန်များပေါ်တွင် အခြေခံကာ စီးပွားရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ခဲ့သည့် Export-led Country (ပို့ကုန် အားပြုသည့်နိုင်ငံ)ဖြစ်ပါသည်။ ဂျပန်နိုင်ငံထံမှ အလေ့အကျင့်ကောင်းများ ကို အတုယူခဲ့သကဲ့သို့ အမေရိကန်နိုင်ငံထံမှ အလေ့အကျင့်ကောင်းများကို ရရှိခဲ့သည်ဟုဆိုလျှင်လည်း မှားမည် မထင်ပါ။ ယနေ့ခေတ်တွင်လည်း ဂျပန်နိုင်ငံကို အမှီလိုက်ရန် အစွမ်းကုန်ကြိုးစားနေသော နိုင်ငံတစ်နိုင်ငံအဖြစ် တွေ့ မြင်ရမည်ဖြစ်သည်။

ကိုရီးယားသို့ ရောက်ရှိစဉ်တွင် ကိုရီးယားဇာတ်လမ်းတွဲများတွင် ပါဝင်နေသည့် အသေးစိတ်အချက်အလက်ကလေးများ၊ အတုယူစရာလေးများကိုလည်း အများအပြား တွေ့ရပါသည်။ ဥပမာ-ကိုရီးယားနိုင်ငံသားများသည် ကုမ္ပဏီဝန်ထမ်းထက် အစိုးရဝန်ထမ်းအဖြစ်ကို ပို၍ လိုချင်ကြသည်။ အစိုးရ ဝန်ထမ်းများကို အများက လေးစားကြသည်၊ တန်ဖိုးထားကြသည်ဟု ကြားသိရပါသည်။ ကျွန်တော်တို့ နိုင်ငံနှင့် ပြောင်းပြန်ဖြစ်နေသည်။ ကိုရီးယားတွင် အစိုးရဝန်ထမ်းဖြစ်လျှင် လစာနှင့် ခံစားခွင့်များကောင်းသဖြင့်လည်း လုပ်ချင်ကြခြင်းဖြစ်သည်ဟု သိရပါသည်။ ကုမ္ပဏီများက အစိုးရလောက် လခများများနှင့် ခံစားခွင့်များ ပိုမပေးနိုင်ဟု သိရပါသည်။ ထို့ထက်ပိုကောင်းသည့် အချက်မှာ အစိုးရဝန်ထမ်းဖြစ်လျှင် လစာအပြင် အလေ့အကျင့်ကောင်းများနှင့် စိတ်ဓာတ်ကောင်းများထားရှိဆောင်ရွက်နိုင်ခြင်းလည်း ပါဝင်မည်ဟု လေ့လာမိသည်ကို တင်ပြလိုပါသည်။

အလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ ၂၀၀၂ ခုနှစ်တွင် ကိုရီးယား၌ ပထမအကြိမ် သင်တန်းတစ်ခု လာတက်စဉ်ကလည်း ကြုံခဲ့ဖူးပါသည်။ ထိုစဉ်က ဆိုးလ်မြို့လယ်ရှိ COEX ဆိုသော အဆောက်အဦးကြီးတွင် တက်ရောက်ခဲ့ရပါသည်။ အဆိုပါ အဆောက်အဦးတွင် ပြခန်းများ၊ အခမ်းအနားကျင်းပရန် နေရာများ၊ ဈေးများ၊ စားသောက်ဆိုင်များတွဲဖက် ဆောက်လုပ်ထားပါသည်။ ထို့အပြင် ရေအောက်ပြတိုက်(Under Water World Museum) နှင့် ကစားကွင်းများပါ ပါဝင်ပါသည်။ ပြတိုက်နှင့် ကစားကွင်းများကို မူကြိုကျောင်းများက နေ့စဉ်လိုလို လာရောက်လည်ပတ်ကြသည်ကို ကျွန်တော်တို့အပေါ်ထပ်မှ လမ်းဖက်သို့ ကြည့်လျှင် မြင်နေရပါသည်။ တစ်ခါတွင် အနားပေးချိန်တစ်ခု၌ လမ်းဖက်သို့ ကြည့်နေစဉ် မူကြိုကျောင်းတစ်ကျောင်း မှ ဆရာမများနှင့် ကျောင်းသားများ ကားများပေါ်မှ ဆင်းလာပြီး တန်းစီနေကြသည်ကို တွေ့ရသည်။ ကလေးများ မုန့်စားပြီး အမှိုက်ကို အနီးရှိ အမှိုက်ပုံးတွင် သွားပစ်ရာ ဆရာမက လိုက်သွား ပြီး၊ မည်သည့် အမှိုက်ကို မည်သည့် အမှိုက်ပုံးထဲ ထည့်ရမည်ကို သင်ပေးနေသည့်ပုံကို လှမ်းမြင်နေရပါသည်။ သူတို့ဆီတွင် အမှိုက်ပုံးများကို နှစ်ပိုင်း ခွဲခြား ထားတတ်ပါသည်။ အများအားဖြင့် စားကြွင်းစားကျန်လို အမှိုက်များ ပစ်သော အမှိုက်ပုံးနှင့် (Re-use and Re-cycle) ပြန်လည်အသုံးပြုနိုင်သော၊ ပြန်လည်ပြုပြင်ပြီး သုံးစွဲနိုင်သော အမှိုက်များပစ်ရန် အမှိုက်ပုံးဟု နှစ်မျိုးခွဲထားတတ်သဖြင့် ကလေးများအား အလေ့အကျင့်ကောင်းများ သင်ပေးနေသည်ကို မြင်နေရပါသည်။ ဆရာမက ရှင်း ပြနေသည်ကို အပေါ်မှ လှမ်းကြည့်နေသည့် ကျွန်တော့်အနေဖြင့် မကြားရသော်လည်း ဘာကိုဆိုလိုသည်ကို ကြည့်နေရင်း မြင်နေရပါသည်။ ယင်းကိစ္စမှာ အသေးအဖွဲ့ဖြစ်သော်လည်း Good Practice ကို လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ပြီး တစ်သက်တာလုံး စည်းကမ်းတကျ အမှိုက်ပစ်ခြင်းနှင့် ပြန်လည်အသုံးပြုနိုင်သည့် အရာများကိုလည်း လုပ်သင့်သည် သုံးသင့်သည်ဟူသော အတွေးအခေါ်နှင့် အလေ့အကျင့်ကောင်းများ ရသွားမည်ဖြစ်ပြီး အမှိုက်ကို စည်းကမ်းတကျ ပစ်တတ်သော နိုင်ငံကြီးသားများဖြစ်လာစေပါသည်။ ယင်းကဲ့သို့ အမှိုက် ပစ်ခြင်းမှ စပြီး အခြားသော အလေ့အကျင့်ကောင်းများကိုလည်း တိုးပွား လာစေမည်ဖြစ်သည်။ အားကျမိပါ သည်။ လေးစားမိပါသည်။

ယခုတစ်ခေါက်တွင်လည်း ယခင်က သတိမထားမိသော်လည်း နေ့ခင်း ထမင်းစားပြီးချိန် ပြန်ဝင်လာသောအခါ ဓာတ်လှေခါးသုံးသူများသဖြင့် ရပ်စောင့်ရင်း ဘေးမှ ကာတွန်းပုံလေးများကို ဖတ်မိပါသည်။ ကိုရီးယားလိုရေးထားသည် ကိုမသိသော်လည်း အင်္ဂလိပ်လိုပါ တွဲရေးထားသဖြင့် လှေခါးရိုးရိုးကို အသုံးပြုတတ်စေရန် လှုံ့ဆော်သည့် စာလေးများဖြစ်သည်ကို သတိထားမိပါသည်။ ဓါတ်လှေခါးအစား ရိုးရိုးလှေခါးမှ တက်ခြင်းဖြင့် အဆီပိုများလျှော့ချနိုင်ကြောင်း၊ လှပသည့် ခန္ဓာကိုယ်ပိုင် ဆိုင်မည်ဖြစ်ကြောင်း ပုံလေးများ ရေးဆွဲကပ်ထားပါသည်။ သို့ရာတွင် မည်သူဖြင့် ဓာတ်လှေခါးမစီးရဟု တားမြစ်ခြင်းမျိုးမရှိပေ။ မည်သည့်ရက် မည်သည့်အချိန်တွင် လှေခါးရိုးရိုးဖြင့်သာ တက်ရ မည်ဟု သတ်မှတ်ခြင်းမျိုးလည်း မရှိပါ။ ကျွန်တော်တို့ဆီကကဲ့သို့ ဒီဇင်ဘာ အားကစားလဖြစ်သဖြင့် စနေနံနက်တိုင်း ဝန်ကြီးဌာနတစ်ခုလျှင် အရေအတွက် မည်မျှလမ်းလျှောက်ရန်ဟု မဖြစ်မနေ လျှောက်ခိုင်းခြင်းမျိုး၊ ခေါ်ခြင်းမျိုးမရှိပါ။ မိမိတို့၏ဆန္ဒအတိုင်းသာ လုပ်ဆောင်နိုင်ကြပါသည်။ စိတ်မပါလျှင် လုပ်စရာမလိုပါ။

သင်တန်းသည် နံနက်ပိုင်းမှ ညနေပိုင်းအထိ ဖြစ်သဖြင့် ကျွန်တော်တို့အနေဖြင့် ယင်းသင်တန်းကျောင်းမှ ရေအိမ်ကို တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ်တော့ မဖြစ်မနေ သုံးစွဲရပါသည်။ နေ့စဉ် ရေအိမ်တက်ရင်း တွေ့ရ သည်မှာ အခန်းထဲတွင် ပလတ်စတစ် လောင်းထားသော အရောင်နှင့် စာတစ်စောင်ကပ်ထားသည်ကို တွေ့ရပါသည်။ အဆိုပါစာကို ဖတ်ကြည့်ရာတွင် ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်များအနေဖြင့် ရေးထားသည်ကို သတိထား လိုက်မိပါသည်။ အိမ်သာအခန်းများကို တစ်ခန်းချင်းလိုက်ကြည့်ရာ အခန်းတိုင်း ကပ်ထားသည်ကို တွေ့ရသည်။ ကျွန်တော် တွေးမိသည်မှာ ဤနေရာဒေသ သည် ရုံးသူရုံးသားတိုင်း ရောက်သည့် နေရာဖြစ်သည်။ တစ်နေ့တစ်ခါ မြင်တွေ့နေရမည်၊ ဖတ်မိမည်၊ စိတ်ထဲသို့ တစ်ဖြည်းဖြည်း ဝင်ရောက်မည် ဖြစ်သဖြင့် အဆိုပါ မရှိမဖြစ်တန်ဖိုးဟူသော စာလေးသည် ဝန်ထမ်းများအား အထူးအထွေ ကျက်ခိုင်းနေစရာမလိုဘဲ ရင်ထဲ၊ ဦးနှောက်ထဲသို့ ရောက်စေသော နည်းလမ်းတစ်ခုပါလားဟု တွေးမိပါသည်။ အဆိုပါစာရွက်တွင် ပါသော ကိုရီးယား ဘာသာကို မသိသော်လည်း အင်္ဂလိပ် လိုပါ ရေးထားသဖြင့် မိမိတတ်သမျှ ဘာသာပြန်ကြည့်ရာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မရှိမဖြစ် တန်ဖိုးဟူသော ခေါင်းစဉ်အောက်တွင် အပိုင်းလေးပိုင်း ခွဲထားပါသည်။ ပထမအပိုင်းမှာ ဖောက်သည်နှင့် ဆက်ဆံရေး ဖြစ်ပါသည်။ ဒုတိယအပိုင်းမှာ တည်ဆောက်ရေးအပိုင်း ဖြစ်ပါသည်။ တတိယအပိုင်းမှာ စိန်ခေါ်မှုအပိုင်းဖြစ်ပါသည်။ နောက်ဆုံး စတုတ္ထအပိုင်းမှာ ကမ္ဘာ့ရေးရာဟု ပြောရမည့်အပိုင်းဖြစ်ပါသည်။

ပထမဆုံး ဖောက်သည်ကဏ္ဍတွင် ဖောက်သည်များ ယုံကြည်လေးစား အားထားနိုင်သူဖြစ်စေရန်အတွက် ဖောက်သည်သည် ထိပ်တန်းဦးစားပေး ဖြစ်သည်။ တာဝန်ခံမှု တာဝန်ယူမှုရှိခြင်းနှင့် ဝန်ဆောင်မှုအပိုင်းတွင် အမြင့်ဆုံး ကျေနပ်မှုပေးနိုင်ရန်တို့ဖြစ်ပါသည်။ ယင်းအချက်သုံးချက်မှာ ဝန်ထမ်းများ အနေဖြင့် ဖောက်သည်နှင့် ဆက်ဆံရာတွင် ထားရှိရမည့် စိတ်ထားကို ပြောလိုခြင်းဖြစ်သည်ဟု ထင်ပါသည်။ ဖောက်သည်သာ ထာဝရအရေးကြီး ဆုံး အဖြစ်ခံယူဆက်ဆံရန်၊ မည်သည့်ကိစ္စကိုမဆို တာဝန်ယူမှု၊ တာဝန်ခံမှု စိတ်ဓာတ်ရှိရန်နှင့် ဖောက်သည်ကို ဆောင်ရွက်ပေးရမည့် ဝန်ဆောင်မှု အားလုံးတွင် ဖောက်သည်ဘက်မှ စိတ်ကျေနပ်မှု အပြည့်အဝရရှိမှသာ တာဝန်ကျေပြွန်သည်ဟု ဆိုလိုသည် ထင်ပါသည်။

ဒုတိယအပိုင်းတွင် တည်ဆောက်ရေး ဆိုသည်မှာ မိမိစိတ်ဓာတ်ကို ပြုပြင် တည်ဆောက်ရန် ဆိုလိုသည်ဟု ထင်ပါ သည်။ ယင်းအပိုင်းတွင်လည်း သုံးချက် တွေ့ရပါသည်။ ပထမတစ်ချက်မှာ တာဝန်ချစ်စိတ်ဟု ပြောချင်ပါသည်။ ဒုတိယတစ်ချက်မှာ ပွင့်လင်းမြင်သာခြင်းနှင့် တတိယတစ်ချက်မှာ ကမ္ဘာ့အဆင့်မီ လူမှုရေးစိတ်ဓာတ်၊ ပြည်သူ့နီတိ စိတ်ဓာတ်မျိုးဖြစ်သည့် Corporate Social Responsibility (CSR) စိတ်ဓာတ်တည်ဆောက်ရန်ဟူ၍ ဖြစ်သည်။

တတိယကဏ္ဍအနေဖြင့် တွေ့ကြုံရမည့် စိန်

*စာမျက်နှာ ၂၂ သို့* ➢

# ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုသဘောတူညီချက် အဆိုပြုလွှာအား WTO သို့ အိန္ဒိယအစိုးရက တင်ပြ

အိန္ဒိယနိုင်ငံသည် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (Trade facilitation agreement in services) နှင့် စပ်လျဉ်း၍ စတင်ဆွေးနွေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization, WTO) သို့ ဖေဖော်ဝါရီ ၂၃ ရက်က အဆိုပြုလွှာတစ်စောင် တင်ပြထားပြီးဖြစ်ကြောင်း၊ ယင်းအဆိုပြုလွှာသည် ဝန်ဆောင်မှုကဏ္ဍတိုးတက်မှုနှုန်းအား မြှင့်တင်နိုင်ရန်အတွက် ကုန်ကျစရိတ်များ လျှော့ချမည့် လုပ်ငန်းစဉ်များနှင့် ကျွမ်းကျင်ပညာရှင်များ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှုအတွက် စည်းမျဉ်းစည်းကမ်း၊ မူဝါဒများ ဖြေလျှော့စေရန်အတွက် ရည်ရွယ်ထားကြောင်း၊ ၎င်းအဆိုပြုလွှာနှင့်စပ်လျဉ်း၍ ယခုနှစ် မတ်လတွင် WTO ၏အထူးကော်မတီက ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အိန္ဒိယစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Nirmala Sitharaman ကပြောကြားထားပါသည်။

အိန္ဒိယနိုင်ငံတွင် ဝန်ဆောင်မှုကဏ္ဍသည် GDP ၏ ၆၀ ရာခိုင်နှုန်းကျော်ပါဝင်နေပြီး၊ အလုပ်အကိုင် စုစုပေါင်း၏ ၂၈ ရာခိုင်နှုန်းခန့် ပါဝင်လျက်ရှိရာ WTO တွင် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူညီချက် Trade facilitation agreement in services) ကို အကောင်အထည်ဖော်ရန် ၎င်းတို့အနေဖြင့် အထူးကြိုးပမ်းနေကြောင်း၊ ယခုဆောင်ရွက်မှုသည် ကုန်စည်စီး ဆင်းမှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက် (TFA on goods) ကဲ့သို့ပင် ကမ္ဘာ့ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုအား လွှမ်းခြုံနိုင်မည့် ပိုမိုကျယ်ပြန့်သည့် မူဘောင်တစ်ခု ပေါ်ပေါက်လာရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ TFA in services တွင် ဗီဇာမူဝါဒများ ဖြေလျှော့ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအတွက် ကာလရှည်ဗီဇာများ၊ ကျွမ်းကျင်ပညာရှင်များ သွားလာမှု ပိုမိုလွတ်လပ်ခွင့်ပြုရေး စသည့် ကိစ္စရပ်များကို အဓိကထား ဖော်ပြထားပြီး အိန္ဒိယနိုင်ငံနှင့် အခြားသောနိုင်ငံများအတွက် အကျိုးကျေးဇူး ပိုမိုဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ WTO ၏ TFA on goods သဘောတူညီချက်မှာလည်း ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ အသက်ဝင်ခဲ့ပြီဖြစ်ကြောင်း၊ ၎င်းသဘောတူညီချက်အား WTO အဖွဲ့ဝင် သုံးပုံနှစ်ပုံခန့်က အတည်ပြု လက်မှတ် ရေးထိုးထားကြောင်း Nirmala Sitharaman က ပြောကြားထားပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# Earth Hour အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတွင် ဆီမီးတစ်သောင်း ထွန်းညှိသွားမည်

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ပြုလုပ်မည့် Earth Hour အထိမ်းအမှတ်ပွဲတော်တွင် ဆီမီးတစ်သောင်း ထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီမီးထွန်းညှိခြင်းအခမ်းအနားကို ကမ္ဘာလုံးဆိုင်ရာသဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းအဖွဲ့တို့ ပူးပေါင်း၍ ရွှေတိဂုံစေတီတော်၌ မတ် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

"ရာသီဥတု ပြောင်းလဲလာမှုဟာ ကျွန်တော်တို့ရဲ့ ကမ္ဘာမြေကြီးရင်ဆိုင်နေရတဲ့ အကြီးမားဆုံးသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်နေပါတယ်။ Earth Hour ဟာ ကျွန်တော်တို့ရဲ့အိမ်ရာကို ကာကွယ်ဖို့ ကျွန်တော်တို့ အားလုံး စုစည်းညီညွတ်ကြတဲ့အချိန်ပဲ ဖြစ်ပါတယ်။ မတ်လ ၂၅ ရက်မှာ ရွှေတိဂုံစေတီမှာ ဆီမီးထွန်းဖို့နဲ့ နေအိမ်တွေမှာ မီးပိတ်ထားဖို့ ဒါမှမဟုတ် ကိုယ်ပိုင် Earth Hour အစီအစဉ်ကို အစပျိုးကြည့်ပြီး ရာသီဥတုပြောင်းလဲလာမှုကို ပြောင်းလဲဖို့ တောင်းဆိုနေကြတဲ့ ကမ္ဘာပေါ်ရှိ လူသန်းပေါင်းများစွာနဲ့အတူတူ ယှဉ်တွဲကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု WWF မြန်မာ၏ဌာနေ ညွှန်ကြားရေးမှူးဖြစ်သူ Christy Williams က ပြောကြားခဲ့သည်။

**မယ်သီတာ**

# အမြင့်ကားများ အဝယ်များလာပြီး နယ်လိုင်စင် ဖရီးပါမစ်များ အဝယ်နည်းနေ

မတ်လဒုတိယပိုင်းကာလ၏ ကားဈေးကွက်အခြေအနေမှာ အမြင့်ကားများအဝယ်ရှိနေပြီး အက္ခရာဟောင်း၊ နံပါတ်ဟောင်းကားလေးများနှင့် စလစ်ကပ်ကားအချို့ အနည်းငယ် အရောင်းအဝယ်ဖြစ်ကာ နောက်ဆုံးနံပါတ်ထွက် နယ်လိုင်စင်ဖရီးပါမစ်ကားများ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

ဧပြီလ ၁ ရက်တွင် အင်ဂျင်ပါဝါမြင့် ဖိုးဝီးလ်စလစ်ကပ်ကားများ အထူးကုန်စည်ခွန်ကောက်ခံပြီး စလစ်အခွန်နှုန်းထား အပါအဝင် ကွာခြားချက်ပမာဏမှာ သိန်း ၅၀ မှ စတင်မြင့်တက်လာသည့်အတွက် တန်ဖိုးကြီးမော်ဒယ်မြင့် ဇိမ်ခံကားအုပ်စု ဖိုးဝီးလ်များ ဈေးမြင့်တက်လာသလို အရောင်းအဝယ်လည်းဖြစ်လာကြောင်း သိရသည်။ ဧပြီလဆန်းရောက်ရန် ၁၀ ရက်ခန့်သာကျန်ရှိတော့သည့်အချိန်တွင် စလစ်ဈေးတန်းမှာလည်း ကောင်းသည်ထက် ကောင်းလာပြီး သိန်း ၁၂၀ ဝန်းကျင်ထိ ရောက်ရှိနေကာ ဈေးပြန်ကျခြင်းမရှိဘဲ အဝယ် ခပ်စိတ်စိတ်ရှိနေကြောင်း၊ လကုန်ခါနီးအထိ ဈေးတန်းမြင့်တက်မှုရှိလာနိုင်ပြီး ဧပြီလဆန်းပိုင်းနှင့် သင်္ကြန်ကာလပြီးလျှင် ဈေးများတဖြည်းဖြည်းကျဆင်းသွားနိုင်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက သုံးသပ်ကြသည်။

လတ်တလော စလစ်ကပ်ကားများထဲတွင် တန်ဖိုးမြင့် လင့်ခရူဇာ၊ ပရာဒိုကဲ့သို့ အမြင့်ဖိုးဝီးလ်ကားများ ထိပ်ဆုံးမှ အဝယ်ရှိနေပြီး ကိုယ်တိုင်စီးနင်းလို၍ဖြစ်စေ၊ တက်ဈေးမျှော်၍ ဝယ်ယူစုဆောင်းခြင်းကြောင့်ဖြစ်စေ အဝယ်လှုပ်လာခြင်းဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်မှ ပြောသည်။ ကျန်စလစ်ကပ်ကားထဲတွင် သိန်း ၂၀၀ ကျော် ဗုရှ်စ်၊ ကလူဂျာ စသည့်ကားများ အရောင်းသွက်နေပြီး သိန်း ၅၀၀ ဝန်းကျင် စလစ်ကပ်ဖိုးဝီးလ်များလည်း အဝယ်ရှိနေကြောင်း ရှေ့လအတွင်း အခွန်မူဝါဒ စတင်လျှင် ဈေးတန်းမြင့်တက်မည်မျှော်တွေး၍ ဝယ်ယူသည်ကများကြောင်း ၎င်းမှပြောသည်။

ရန်ကုန်မြို့အတွင်းရှိ ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် အခြားနေရာများ၊ ကားအရောင်းစင်တာအချို့တို့တွင် မန္တလေး၊ ပဲခူး၊ ဧရာဝတီစသည့် နယ်လိုင်စင်ဖြင့် ဖရီးပါမစ်ကားများ အများအပြားတင်သွင်းပြီး ပြသရောင်းချနေကြသော်လည်း ကနဦးအခွန်မူဝါဒအသစ်များနှင့် အပြောင်းအလဲများကြောင့် ဈေးတန်းတက်ရိပ်ရှိသည်မှာ သေချာသဖြင့် အဝယ်လိုက်သော်လည်း နောက်ပိုင်းကာလများတွင် နယ်လိုင်စင် ဖရီးပါမစ်ကားများမှာ ဈေးတန်းအမြင့်ဖြင့်ပင် အရောင်းအဝယ်အေးနေကြောင်း၊ ဧပြီလကုန်ခန့်တွင် အရောင်းအဝယ်ပြန်ကောင်းလာနိုင်သည်ဟု ယူဆကြောင်း၊ သို့ရာတွင် တင်သွင်းထားသည့်ပမာဏမှာ လိုအပ်ချက်ထက်များသည့် သဘောတွေ့ရသဖြင့် ဈေးတက်ပင်တက်သော်ငြားလည်း နောက်ပိုင်းဈေးတန်းအခြေအနေမှာ အရမ်းမျှော်လင့်၍မရကြောင်း၊ လတ်တလောဝယ်ယူသူအများစုမှာလည်း နယ်လိုင်စင်ဖရီးပါမစ်ကားသစ်ထက် ရန်ကုန်လိုင်စင်ဖရီး ပါမစ်အက္ခရာနိမ့်များသာ ဝယ်ယူလာခြင်းဖြစ်ကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများမှ ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | တိုယိုတာ(ဗုရှ်) (၂၀၀၃) | 3G | ၂၃၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ကလူဂျာ (၂၀၀၂) | 7H | ၂၇၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | အေဒီဗင် (၂၀၁၀) | 5J | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန်ကားကောင်း |
| ၄။ | ပရိုဘောက်ဗင် (၂၀၁၁) | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၅။ | ဗင်္ဂ (၂၀၁၁) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၆။ | ဒီမီယို (၂၀၁၁) | ယာယီ | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ဟွန်ဒါဖစ် (၂၀၁၁)၊ GP | ယာယီ | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ကယ်လ်ဒီးနား (၂၀၀၃) | 9G | ၁၇၀ သိန်း | 2.0 ဓာတ်ဆီ |
| ၉။ | အပ်ကား | - | ၁၁၂ သိန်း | |

**စာမျက်နှာ (၂၁) မရှိမဖြစ်တန်ဖိုးနှင့် ....... မှအဆက်**

ခေါ်မှုများဟူသည်မှာ ဝန်ထမ်းတိုင်း ရင်ဆိုင်ရမည့် တွေးခေါ်မှုများတွင်လည်းကောင်း၊ စိတ်အားထက်သန်မှုများတွင်လည်းကောင်း၊ ခေါင်းဆောင်စိတ်ရှိရန်တွင်လည်းကောင်း ဖြစ်ပေါ်လာနိုင်သည်ကို ရှင်းပြထားသည်ဟု ယူဆပါသည်။ ဝန်ထမ်းများအနေဖြင့် ထားရှိသင့်သည့် အတွေးအခေါ်မှာ ဘောင်တစ်ခုတည်းမှသာ တွေးခေါ်ခြင်းမျိုး တစ်နည်းအားဖြင့် မိမိဘက်မှသာ တွေးခေါ်ခြင်းမျိုးမဟုတ်ဘဲ တတိယလူတစ်ယောက်အနေဖြင့်လည်းကောင်း၊ ဖောက်သည်ဘက်မှ တွေးခေါ်ခြင်းမျိုးကိုလည်းကောင်း တွေးတောရန် အခြားတစ်ဖက်မှကြည့်ရန်၊ ကိုယ်ချင်းစာတတ်ရန်၊ လွတ်လပ်စွာ တွေးခေါ်ရန်တို့ဖြစ်သည်ဟု ထင်ပါသည်။

နောက်တစ်ခုအနေဖြင့် အလုပ် လုပ်ရာတွင် စိတ်အားထက်သန် တက်ကြွမှု အပြည့်အဝထားရှိရန်လိုသည်ကို ထောက်ပြထားပါသည်။ ယင်းကို စိန်ခေါ်မှုထဲတွင် ထည့်ထားသဖြင့် ဝန်ထမ်းများ အပိုင်းတွင် အလုပ်ချစ်စိတ်ရှိရန် နှိုးဆော်ထားခြင်း ဖြစ်သည်ဟု ထင်ပါသည်။

နောက်တစ်ချက်မှာ အလုပ် သို့မဟုတ် ဌာန၏ ဦးတည်ရာ၊ ရည်မှန်းရာကို စီစဉ်နိုင်သူတစ်ယောက်ဖြစ်ရန် တစ်နည်းအားဖြင့် ခေါင်းဆောင်တစ်ယောက်ဖြစ်ရန် ရည်ရွယ်၍ စိန်ခေါ်ချက်ကို ထည့်သွင်းထားသည်ဟု ထင်ပါသည်။

နောက်ဆုံးတစ်ခုမှာ နှစ်ချက်သာ ရှိပြီး ကမ္ဘာ့အဆင့်မီ ဝန်ထမ်းများ လက်ရွေးစင် အရည်အချင်းရှိသော ဝန်ထမ်းများဖြစ်ရန်အတွက် နောက်ဆုံးတည် ဆောက်ရမည့် အမြင့်ဆုံး စိတ်ထားမှာ အဆင့်မြင့်အရည်အသွေးရှိသော ကျွမ်းကျင်သူများဖြစ်စေရန်နှင့် နူပျိုဖျတ်လတ်သော စိတ်ဓာတ်နှင့် လွတ်လပ်သောစိတ်ထားများရှိစေရန် ရေးသားထားသည်ကို ဖတ်ရပါသည်။

သို့ဖြစ်၍ မိမိတို့သည်လည်း ဝန်ထမ်းများကို နည်းလမ်းအမျိုးမျိုးဖြင့် ပျိုးထောင်ကြရာတွင် အခါမလပ် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်သည်။ အလေ့အကျင့်ကောင်းများကို ရင်ထဲအသည်းထဲအထိ စွဲနေစေရန် လုပ်ပေးရမည်၊ သင်ယူမှန်းမသိ သင်ယူဖြစ်အောင် နည်းလမ်းများ ရှာ၍ ဆောင်ရွက်ရန် လိုအပ်သည်ဟု အတွေးများပွားများမိပါသည်။

# ထားဝယ်မြို့တွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အခမ်းအနားကျင်းပ



တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနသည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အခမ်းအနားကို မတ်လ ၁၅ရက်တွင် ထားဝယ်မြို့ကြက်စားပြင်ရပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသခံရပ်မိရပ်ဖများ၊ စားသုံးသူရေးရာကို စိတ်ပါဝင်စားသူများနှင့် ဝန်ထမ်းများ စုစုပေါင်း ၈၅ဦးတက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) ပေါ်ပေါက်လာပုံ၊ ဌာန၏လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာန (တာဝန်ခံအရာရှိ) ဒေါက်တာ ဟိန်းမင်းထက်အောင်က အစားအသောက်နှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အသား၊ ငါးတို့နှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ဧရာဝတီတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းသီးနှံချေးငွေ ကျပ်သန်းပေါင်း တစ်သိန်းကျော် ထုတ်ချေးပြီး မိုးစပါးချေးငွေများကိုလည်း ပြန်လည်ပေးဆပ်လျက်ရှိ

ဧရာဝတီတိုင်းဒေသကြီးမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတိုင်းအတွင်း နွေစပါးစိုက်ပျိုးလျက်ရှိသော ဒေသခံတောင်သူများနှင့် အခြားသီးနှံ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ဘိုကိတ်ပဲ၊ ပဲပုပ်၊ မြေပဲ၊ နှမ်း စိုက်ပျိုးသော တောင်သူများကိုလည်း ၂၀၁၇ခုနှစ် စိုက်ပျိုးရာသီအတွက် (၂၀၁၆ ခုနှစ် အောက်တိုဘာလ) မှစ၍ ချေးငွေများထုတ်ချေးပေးလျက်ရှိကြောင်း၊ နွေစပါးစိုက်ဧက ၈၀၂၇၅၈ ဧကအတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းဖြင့် ကျပ် ၁၂၀၄၁၃ ဒသမ ၇၀သန်း၊ အခြားသီးနှံစိုက်ဧက ၅၅၉၁၁၆ ဧကအတွက် တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ကျပ် ၁၁၁၈၂ ဒသမ ၃၂ သန်း၊ စုစုပေါင်းကျပ်သန်းပေါင်း ၁၃၁၅၉၆ဒသမ၀၂ကိုထုတ်ချေးပြီးဖြစ်ကြောင်း တိုင်းဒေသကြီးလယ်ယာဖွံ့ဖြိုးရေးဘဏ်၊ တိုင်းဒေသကြီး ဘဏ်မန်နေဂျာ ဦးသန်းဌေးအောင်ကပြောပါတယ်။

၂၀၁၆ခုနှစ် မိုးစပါးရာသီမှာလည်း တိုင်းဒေသကြီးအတွင်းရှိ ၂၆ မြို့နယ်မှကျေးရွာအုပ်စု၁၉၄၁စု၊အစုအဖွဲ့၁၂၅၆၉၈စု၊တောင်သူဦးရေ ၃၆၂၉၉၃ ဦး၊ စိုက်ဧက ၂၃၈၆၅၆၃ ဧကအတွက် ချေးငွေ ကျပ် ၃၅၇၉၈၄ ဒသမ ၄၅ သန်းထုတ်ချေးခဲ့ရာ မတ် ၁၃ ရက်အထိ ကျပ် ၇၁၁၁၇ ဒသမ ၆၆ သန်း ရာခိုင်နှုန်းအားဖြင့် ၁၉ ဒသမ ၈၇ ရာခိုင်နှုန်း ပြန်လည်ပေးဆပ်နိုင်ခဲ့သည်။ ယခုအခါတွင် ကျန်ချေးငွေများအား ပြန်လည်ပေးဆပ်လျက်ရှိပြီး မိုးစပါးချေးငွေ နောက်ဆုံးပြန်လည်ပေးဆပ်ရမည့် ကာလမှာ ဧပြီလ ၁၅ ရက်နှင့် ဆောင်းသီးနှံ နောက်ဆုံးပြန်လည်ပေးဆပ်ရမည့် ကာလမှာ ဇွန်လ ၃၀ ရက်နေ့ဖြစ်ကြောင်း တိုင်းဒေသကြီး မန်နေဂျာက ဆက်လက်ပြောကြားပါတယ်။

**မင်းမင်းဦး(ပုသိမ်)**

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စားသုံးသူ ပြည်သူများသို့ အသိပညာပေးဆိုင်းဘုတ်အား ပုသိမ်မြို့တွင် စိုက်ထူ

ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနသည် မတ်လ၁၅ရက်တွင်ကျရောက်သော ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စားသုံးသူပြည်သူများသို့ အသိပညာပေးဆိုင်းဘုတ်အား ပုသိမ်မြို့ မြို့အဝင်တွင် မတ်၁၅ရက်က စိုက်ထူခဲ့ပါသည်။

စားသုံးသူများသို့အသိပညာပေးဆိုင်းဘုတ်တွင် စားသုံးသူများ၏အခွင့်အရေးများ၊ စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူခြင်းမပြုမီ သတိပြုရမည့်အချက်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူများကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာမှုများရှိပါက တိုင်ကြားနိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်များ၊ လုပ်ငန်းရှင်များ လိုက်နာရမည့် စည်းကမ်းကျင့်ဝတ်များ၊ အရေးယူဆောင်ရွက်နိုင်မည့်ပြစ်မှု၊ ပြစ်ဒဏ်များ ပါဝင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးရုံးများသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည့်ဖုန်းနံပါတ်များ ဖော်ပြထားကြောင်း သိရှိရပါသည်။

**မောင်ပုသိမ်**

# တောင်ကြီးမြို့တွင် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

တောင်ကြီးမြို့၊စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် Matrix Institute of Professionals ( MIP ) နှင့် Southern Shan State CCI တို့ ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းကို မတ်လ ၁၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် လုပ်ငန်းအောင်မြင်ရန် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုအရေးပါပုံများ၊ ဝန်ထမ်းများ စိတ်ဓာတ်တက်ကြွစေရန် လုပ်ဆောင်နိုင်မည့် အလေ့အထများ၊ မှန်ကန်ကောင်းမွန်သော ဝန်ထမ်းများရွေးချယ်ခန့်အပ်ခြင်းဆိုင်ရာနည်းလမ်းများ၊ ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များကို တိုင်းတာဆန်းစစ်နိုင်မည့်နည်းလမ်းများ၊ ကောင်းမွန်သောလူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှု အလေ့အကျင့်များဟူသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးသင်ကြားပေးခဲ့ကြောင်းသိရှိရသည်။

အဆိုပါသင်တန်းကို ရှမ်းပြည်နယ်အတွင်းရှိ လုပ်ငန်းအဖွဲ့အစည်းအသီးသီးတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲသူများ၊ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၏ စိတ်ကူးစိတ်သန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး တီထွင်ကြံဆ တတ်စေရန်၊ မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ကို ရောက်အောင်သွားနိုင်ရန်၊ယုံကြည်မှုရှိစေပြီး ကိုယ့်အားကိုယ်ကိုးတတ်စေရန်၊ခေါင်းဆောင်တတ်ပြီး အသင်းအဖွဲ့နှင့် အလုပ်လုပ်တတ်စေရန်၊ မိမိကိုယ်ကို အများရှေ့တွင် ယုံကြည်မှုရှိစွာ ပြုမူနေထိုင်တတ်စေရန် အစရှိသည့် လူ့စွမ်းအား အရင်းအမြစ်နှင့် သက်ဆိုင်သော အကြောင်းအရာများကို သိရှိနားလည်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် လူ့စွမ်းအားအရင်းအမြစ် အတိုင်ပင်ခံတစ်ဦးဖြစ်သူ ဒေါက်တာဆွေဆွေသန်း (PhD; London) က သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား/သူ ၄၅ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စောမောင် (တောင်ကြီး)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 17, No.12 Monday March 20 2017

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၀-၃-၂၀၁၇ မှ ၂၆-၃-၂၀၁၇ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**




**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးကိစ္စများတွင် အပြိုင်အဆိုင် အတိုက်အခံနှင့်တွေ့ကြုံလုပ်ကိုင်ရတတ်သည်။ အောင်မြင်ပြေလည် အောင်ဆောင်ရွက်နိုင်စွမ်းရှိနေမည်။ ငွေကြေးလာဘ်ကံကောင်းလာမည်။ ပြည်ပခရီးသွားရကိန်းကြုံမည်။ ပညာရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် ကိုယ်ခန္ဓာကြုံ့ခိုင်မှုအားနည်းတတ်သည်။ အပူရောဂါအဖြစ်များတတ်ပါသည်။ ဘာသာရေးကိစ္စ၊ တရားဘာဝနာ၊ အကျင့်သီလများဖြည့်ကျင့် ဆောင်ရွက်ပါက ပို၍အဆင်ပြေမှုရှိလာတတ်ပါသည်။ **ယတြာ။ ။သက်ကြီးရွယ်အိုတို့အား ဆေးဝါးလှူဒါန်းပါ။**




**တနင်္လာသားသမီးများအတွက်** အများနှင့်လိုက်လျောညီထွေ အဆင်ပြေအောင် နေထိုင်ပြောဆိုလုပ်ကိုင်တတ်သော်လည်း တစ်ခါတစ်ရံ ကိုယ်ထင်ရာကိုယ်စိုင်း၍ ကိုယ်လုပ်ချင်ရာ ကိုယ်လုပ်တတ်သည်။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ရွဲ့စောင်း၍ ပြောဆိုတတ်မှုတို့ကြောင့် အန္တရာယ်မကင်းသောပြဿနာတို့တတ်တက်ပါသည်။ သတိထားသင့်ပါသည်။ သေဘေးမှလည်း အကြိမ်ကြိမ်လွတ်မြောက်တတ်ပါသည်။ အစားအသောက်၊ အနေအထိုင် မဆင်ခြင်မှုတို့ကြောင့် ရောဂါဝေဒနာများစွဲကပ်တတ်သောသဘောရှိပါသည်။

**ယတြာ။ ။ငွေကြေးလှူဒါန်းပါ။**



**အင်္ဂါသားသမီးများအတွက်** အကြင်နာကင်းသော လူမှုရေးခေါင်းပါးသော၊ အတ္တများသောသူများနှင့် ဆုံရဖန်များလာသည့်အတွက် မိမိစိတ်သည်လည်း ပြောင်းလဲတတ်ပါသည်။ လူတော်တော်များများနှင့် တွေ့ဆုံရတတ်သည်ကို အထင်မကြီးသော စိတ်၊ ဂရုမစိုက်တတ်သောစိတ်များ ဖြစ်ပေါ်လာပြီး၊ မကောင်းသော သဘာဝတရားကြီးထဲတွင် မိမိသည်လည်း အပါအဝင်ဖြစ်လာတတ်ပါသည်။ မည်သူတရားပျက်ပျက်၊ ကိုယ်မပျက်သင့်ပါ။ ထားသင့်သောအတ္တမှ လွဲ၍ အားလုံးအပေါ် အတ္တမထားသင့်ပါ။ **ယတြာ။ ။ဘာသာတရားကိုရိုသေကိုင်းရှိုင်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း မယိုင်လဲသွားအောင် အလိုက်သင့်လုပ်ကိုင်နေရတတ်သည်။ အများ၏အကျိုးစီးပွားကို အပင်ပန်းခံ၊ အနစ်နာခံ၍ ကူညီလုပ်ဆောင်ပေး တတ်ပါသည်။ အချို့သောသူများက မကောင်းမြင်ပြီး ရှုတ်ချမှု၊ အထင်သေးမှုပြုတတ်ကြသည်။ ထိုအခါသင်၏ ဒေါသစိတ်သည် အုံကြွလာတတ်ပါသည်။ ဒေါသကြောင့်စီးပွားရေးလုပ်ငန်းများ၊ မကြာခဏအပြောင်းအလဲဖြစ်ခဲ့ဖူးပါသည်။ သည်းခံစိတ်၊ ခွင့်လွှတ်စိတ်များ မွေးနိုင်လျှင် စီးပွားရေးသမားဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ အောင်မြင်မှုများရရှိနိုင်ပါသည်။ **ယတြာ။ ။ဘုရား၊ ရဟန္တာအား ရွှေသင်္ကန်းကပ်လှူပါ။**




**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် လွဲချော်မှုနည်းပါးအောင် သတိပေး၍ ကူညီကြပါသည်။ စီးပွားရေးလုပ်ငန်းများ မယိုင်လဲသွားအောင် အလိုက်သင့်လုပ်ကိုင်နေရတတ်သည်။ ဆန်၊ စပါး၊ ပဲ၊ ပြောင်း၊ ဂျုံစားသောက်ကုန်ပစ္စည်းများ အကျိုးပေးပါသည်။ ဝန်ထမ်းဖြစ်လျှင် နာမည်ကောင်းရတတ်ပါသည်။ ပညာရေးတွင် တကယ်ကြိုးစားလျှင် တကယ်ထွန်းပေါက်အောင်မြင်နိုင်ပါသည်။ ကျန်းမာရေး ဆိုးဆိုးရွားရွား မရှိတတ်ပါ။ သို့သော် အစားအသောက် အနေအထိုင် မှားယွင်းမှုကြောင့်ဖြစ်တတ်သောရောဂါ ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင် ထီးတံခွန်၊ ဆီမီး၊ အမွှေးတိုင်၊ ရေချမ်းကပ်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတို့အပေါ် အာရုံထားရှိမှု၊ အပင်ပန်းခံမှုတို့ကြောင့် စိတ်ဖိစီးမှုများလာပြီး၊ ကျန်းမာရေးညှံ့ဖျင်းမှုကိုပင် ဂရုမစိုက်အားဘဲ လုပ်ငန်းအရှုံးမပေါ် ရေးကိုသာ ဂရုစိုက်နေရသည့် အချိန်အခါပင်ဖြစ်သည်။ ရွှေ၊ ငွေ၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်း၊ ဇိမ်ခံပစ္စည်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရမည်။ အကျိုးပေးဖြစ်ထွန်းပါလိမ့်မည်။ ကျန်းမာရေးတွင် လေထိုး၊ လေအောင့်၊ အစာအိမ်ရောဂါတို့ဖြစ်တတ်ပါသည်။ **ယတြာ။ ။ဘုရားကျောင်း၊ ကန်၊ ဇရပ်တို့တွင် အခင်းလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းကိုင်ငန်းတို့ကောင်းသည်ဟု ဆိုရမည်ဖြစ်သော်လည်း တကယ်တမ်းကျတော့ သိပ်မကောင်းသေးပါ။ မိမိတစ်ဦးတည်းမဟုတ်ဘဲ စုပေါင်းလုပ်ဆောင်ရသော စီးပွားရေးလုပ်ငန်းဖြစ်သောကြောင့် ကိုယ့်တာဝန်ကိုယ်ယူ၍ အပင်ပန်းခံရတတ်ပါသည်။ ဝင်ငွေတော့ မှန်နေပါမည်။ ဝန်ထမ်းဖြစ်လျှင်လည်း တာဝန်ကျေအောင် ပြုလုပ်ကြိုးစားနေရသော အချိန်ဖြစ်လိမ့်မည်။ ပညာရေးတွင် ရည်ရွယ်ချက်များ၊ မျှော်လင့်ချက်များ၊ အကောင်အထည်ဖော်ဖြစ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ထွေထွေထူးထူးမရှိပါ။

**ယတြာ။ ။ဘုရား၊ ရဟန္တာအား အသီးအနှံဖြင့်ကပ်လှူပါ။**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြည်တွင်း/ပြည်ပ ခရီးသွားဈေးကွက် နှစ်စဉ်တိုးတက်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီးမှာ ရေ၊ မြေ၊ သဘာဝတောတောင်များ၊ လူမျိုးစုံလင် ကွဲပြားမှုများ၊ ယဉ်ကျေးမှုအမွေအနှစ်များ စသည်ဖြင့် စိတ်ဝင်စားဖွယ်ရာများ စုံလင်စွာရှိပါတယ်။ ပြည်တွင်း/ပြည်ပ ခရီးသွားများ လေ့လာစရာ၊ လည်ပတ်စရာနေရာများအဖြစ် မြို့နယ်ပေါင်း ၁၁ မြို့နယ်၊ နေရာပေါင်း ၄၀ ကျော်ရှိပါတယ်။

ပြည်တွင်း/ပြည်ပ ခရီးသွားများ နှစ်စဉ်တိုးတက်လျက်ရှိသဖြင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း ဟိုတယ်၊ မိုတယ်များ ထပ်မံတိုးချဲ့ဆောက်လုပ်လျက်ရှိပြီး ခရီးသွားများကို ဝန်ဆောင်မှုများ ပေးလျက်ရှိပါတယ်။ မုံရွာ၊ ကလေး၊ ကသာ၊ စစ်ကိုင်း၊ ရွှေဘို စတဲ့ မြို့ကြီးများမှာ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာပေါင်း ၂၅ လုံးကျော်ရှိပြီး ပြည်တွင်း/ပြည်ပ ခရီးသွား ၂၀၀၀ ကျော် တည်းခိုနေထိုင်နိုင်ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရပါတယ်။

ပြည်တွင်း/ပြည်ပခရီးသွားများ နှစ်စဉ်တိုးတက်လျက်ရှိနေပြီး ခရီးသွားလာခြင်းမှ ဝင်ငွေမှာ ၂၀၁၆ (ဇန်နဝါရီလအထိ) ကျပ် ၂၉၉ ဒသမ ၅၃ သန်း ရရှိနေရာမှ ၂၀၁၇ (ဇန်နဝါရီလ) တွင် ကျပ် ၈၉၈ ဒသမ ၈၆ သန်းအထိ တိုးတက်ရရှိခဲ့ပြီး တိုးတက်မှုရာခိုင်နှုန်း ၂၀၀ ဒသမ ၀၉ ရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရပါတယ်။ **အောင်မင်း(တန့်ဆည်)**

## မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၌ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ "ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့" အခမ်းအနားကို မတ် ၁၅ ရက်က ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ၁၉၆၂ ခုနှစ်၊ မတ် ၁၅ ရက်က အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်တွင် ဂျွန်အက်ဖ်ကနေဒီက စားသုံးသူအခွင့်အရေးများကို စတင်ဖော်ထုတ်ခဲ့သောနေ့ကို ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day)အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်အခမ်းအနားများ ကျင်းပလျက်ရှိကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက တာဝန်ယူပြီး စားသုံးသူ အကာအကွယ်ပေးရေး ပညာပေးလုပ်ငန်းများ၊ လုံခြုံစိတ်ချရမှုမရှိသော တားမြစ်ကုန်ပစ္စည်းများဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေး မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် စားသောက်ရန်မသင့်သည့် တားမြစ်ကုန်ပစ္စည်း နမူနာများ၊ လုံခြုံစိတ်ချရမှုမရှိသော တားမြစ်အလှကုန်ပစ္စည်း နမူနာများ၊ သတ်မှတ်ချက်နှင့် ညီညွတ်သောပစ္စည်း နမူနာများအား ခင်းကျင်းပြသခဲ့ပါသည်။ **မိုးမိုး(မွန်)**

## ပုသိမ်မြို့တွင် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ မတ် ၁၅ရက်တွင်ကျရောက်သော ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day )အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ပုဂ္ဂလိကမော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံးတွင် ခရီးသည် ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်သော စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအား ဟောပြောရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူရေးရာဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ပြီး ပုသိမ်ခရိုင်ဦးစီးမှူးက ဝန်ဆောင်မှုနှင့်ပတ်သက်သည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအား ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပါသည်။ ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဌာနခွဲမှူးက အစားအသောက်နှင့်ပတ်သက်၍ စားသုံးသူများ၊ လုပ်ငန်းရှင်များသိရှိရမည့် အခွင့်အရေးနှင့်တာဝန်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**



## မြို့ကြီးများ၏ ၂၀-၃-၂၀၁၇ မှ ၂၄-၃-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၀-၃-၂၀၁၇) | အင်္ဂါ(၂၁-၃-၂၀၁၇) | ဗုဒ္ဓဟူး(၂၂-၃-၂၀၁၇) | ကြာသပတေး(၂၃-၃-၂၀၁၇) | သောကြာ(၂၄-၃-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| ရန်ကုန်မြို့ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| မန္တလေးမြို့ | နေသာ ၃၄°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F |
| မြစ်ကြီးနား | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၅°F | နေသာ ၃၁°C/၈၇°F |
| လားရှိုး | နေသာ ၂၈°C/၈၃°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၈°F |
| ကျိုင်းတုံ | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| လွိုင်ကော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| တောင်ကြီး | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၂°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၄°F |
| မော်လမြိုင် | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၆°C/၉၆°F |
| ဘားအံ | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F |
| မုံရွာ | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၃°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၇°C/၉၉°F |
| ပုသိမ် | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၇°F |
| မြိတ် | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| စစ်တွေ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F |
| မကွေး | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၉°C/၁၀၂°F |
| ဖလမ်း | နေသာ ၂၃°C/၇၄°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၆°C/၇၈°F |

# ပီရူးနိုင်ငံတွင် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပွား၊ လူပေါင်း ၇၀ နီးပါး သေဆုံး

ပီရူးနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ လူပေါင်း ၆၇ ဦးသေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာသော ပြည်သူများမှာ နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးနေကြရကြောင်း အယ်လ်ဂျာဇီးယားသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုမှာ တစ်နေ့တခြား ပိုမိုဆိုးရွားလာသဖြင့် သေဆုံးသူအရေအတွက်မှာ ယခုထက်မြင့်တက်လာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ပီရူးနိုင်ငံသမ္မတ ပက်ဒရိုပတ်ဘလိုကူချင်စကီးက ကာလရှည်ကြာစွာ မိုးခေါင်ခြောက်သွေ့လျက်ရှိသည့် ပီရူးနိုင်ငံတွင် မတ် ၁၇ ရက်မှ စတင်ကာ မိုးများရွာသွန်းခဲ့ကြောင်း၊ ယင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းကို ပြသနေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပီရူးနိုင်ငံတွင် ၁၉၈၈ ခုနှစ်ကတည်းက ယနေ့အထိ ယခုကဲ့သို့သော ဆိုးရွားသည့်ဖြစ်ရပ်မျိုးမဖြစ်ခဲ့ဘူးကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုသည် ပီရူးနိုင်ငံမြောက်ပိုင်းကမ်းခြေဒေသများအား အဆိုးရွားဆုံးထိခိုက်ခဲ့ပြီး ပီရူးနိုင်ငံ၏မြို့တော်လီမာတွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

အဆိုပါဖြစ်ရပ်များကြောင့် ပီရူးနိုင်ငံတစ်ဝန်းတွင် အရေးပေါ်အခြေအနေများ ထုတ်ပြန်ကြေညာခဲ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြုလုပ်ရန်အတွက် အစိုးရ၏ရန်ပုံငွေမှ အမေ



ရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း ပီရူးအစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။

မြို့တော်လီမာ၏ သဲကန္တာရဖြစ်နေသည့် နေရာများတွင်ပင် မိုးရွာသွန်းမှုများ ရှိခဲ့ကြောင်း၊ ၁၉၉၈ ခုနှစ်ကလည်း အယ်နီညိုဖြစ်ရပ်ကြောင့် မိုးခေါင်ခြောက်သွေ့မှု ဖြစ်ပေါ်ခဲ့ပြီးနောက် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကာ ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ကာ လူရာပေါင်းများစွာ သေကျေခဲ့ပြီး အိုးအိမ်တိုက်တာများ ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။ **မယ်သီတာ**



# ဩစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမိုးမှုများ ဖြစ်ပွား

ဩစတြေးလျနိုင်ငံ၊ နယူးဆောက်သ်ဝေးပြည်နယ်အနောက်မြောက်ပိုင်း ကမ်းခြေအလယ်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်း၍ ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိုးရွာသွန်းမှုသည် မတ် ၁၇ရက် နံနက်ပိုင်းကတည်းက ရွာသွန်းလျက်ရှိရာ မတ် ၁၈ ရက်အထိ ဆက်လက်ရွာသွန်းလျက်ရှိကြောင်း စကိုင်းနယူးစ်တွင် ဖော်ပြထားသည်။

မိုးဆက်လက်ရွာသွန်းနေမှုကြောင့် ဟန့်တားဗယ်လီဒေသ၏ နေရာအချို့တွင်လည်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ နေ့ဘ်သမ်းမြစ်ကမ်းပါးဒေသနှင့် နေ့ဘ်သမ်းတေးဘဲလ်လန်းဒေသတို့တွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရိုမှ သတင်းထုတ်ပြန်ထားသည်။

မတ် ၁၈ ရက်နေ့လယ်ပိုင်း သတင်းထုတ်ပြန်ချက်အရ မိုးလေဝသအခြေအနေသည် ယခုထက်ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ မိုးရွာသွန်းမှု မိုးရေချိန်သည် တစ်နာရီအတွင်း မီလီမီတာ ၇၀ ကျော်အထိ ရွာသွန်းနိုင်ကြောင်းခန့်မှန်းထားသည်ဟု ဆိုသည်။

နေ့ဘ်သမ်းမြစ်ကမ်းပါးဒေသတွင် ရွာသွန်းမည့် စုစုပေါင်းမိုးရေချိန်သည် မီလီမီတာ ၂၀၀ အထက်တွင် ရှိလာနိုင်ကြောင်း၊ မတ် ၁၇ ရက် နံနက်ပိုင်းက ရွာသွန်းခဲ့သည့် မိုးရေချိန်သည် မီလီမီတာ ၁၀၀ ကျော်ရှိခဲ့ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

နယူးဆောက်သ်ဝေးလ်ပြည်နယ် တစ်ခုလုံးနီးပါး ရေလွှမ်းမိုးမှုများနှင့် ရင်ဆိုင်နေရသဖြင့် မီးသတ်သမားများ၊ ကယ်ဆယ်ရေးသမားများသည် ရေစီးနှင့် မျောပါလာသည့်သူများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၁၈ ရက် နံနက်ပိုင်းအထိ လူပေါင်း ၁၆ ဦးကို ကယ်ဆယ်ရရှိထားပြီးဖြစ်ကြောင်း၊ သေဆုံးသည့်လူဦးရေစာရင်းကို မရရှိသေးကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရေလွှမ်းမိုးမှုများကြောင့်မြေပြိုကျမှုများလည်း ရှိလာနိုင်သဖြင့် သတိပြုကြရန် ဒေသအာဏာပိုင်များက နှိုးဆော်ထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရေလွှမ်းမိုးမှုကြောင့် Grafton နှင့် Ballina တို့ကို ဆက်သွယ်ထားသည့် ပစိဖိတ်အဝေးပြေးလမ်းမကြီးကို ပိတ်ထားခဲ့ရသော်လည်း မတ် ၁၈ ရက် နေ့လယ်ပိုင်းတွင်မူ အဆိုပါလမ်းမကြီးကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ **မယ်သီတာ**

# LG အီလက်ထရောနစ်ကုမ္ပဏီက မြန်မာမိသားစုများအတွက် ခြင်ပြေးနည်းပညာသုံးတီဗွီနှင့် အဲယားကွန်းတို့ကို ထုတ်လုပ်ရောင်းချ




မြန်မာနိုင်ငံ၏အီလက်ထရောနစ်ဈေးကွက်တွင် နေရာရထားပြီးဖြစ်သည့် LG အီလက်ထရောနစ်ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် မိသားစုများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး အန္တရာယ်ကင်းသော နေထိုင်မှုပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်မည့် ခြင်ပြေးတီဗွီနှင့် အဲယားကွန်းတို့ကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း မတ်လ ၁၆ ရက်ကပြုလုပ်သည့် မိတ်ဆက်ပွဲမှ သိရသည်။

"ခြင်ကြောင့်ဖြစ်ပွားတဲ့ ရောဂါတွေဟာ လူသေဆုံးမှု ဖြစ်ပွားစေတဲ့ အဓိကရောဂါတွေထဲက တစ်ခုအပါအဝင် ဖြစ်လာပါပြီ။ အသက်အန္တရာယ်စိုးရိမ်ရတဲ့ ရောဂါတွေဖြစ်တဲ့ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနဲ့ ဂျပန်ဦးနှောက်ရောင်ရောဂါတို့လို ကူးစက်ရောဂါတွေဟာ ခြင်ကိုက်ရာကနေ ဖြစ်ပွားနေတာပါ။ ကျွန်တော်တို့ ဒုက္ခရောက်နေတာကြာပြီဖြစ်ပေမယ့် ကျွန်တော်တို့မှာ ဖြေရှင်းဖို့ နည်းလမ်းကနည်းပြီး ထိရောက်တဲ့နည်းလမ်းက မရှိလှပါဘူး။ မြန်မာနိုင်ငံမှာ ခြင်ကြောင့် ရောဂါဖြစ်ပွားပြီး သေဆုံးမှုတွေ နည်းလာစေဖို့၊ ခြင်ကြောင့်ရောဂါဖြစ်မှုတွေ နည်းလာစေဖို့၊ ကျန်းမာရေးနဲ့ ပိုမိုညီညွတ်ပြီး အန္တရာယ်ကင်းတဲ့ အိမ်ပတ်ဝန်းကျင်မျိုး ဖန်တီးနိုင်စေဖို့ အခုဆိုရင် LG ရဲ့နောက်ဆုံးပေါ် ခြင်ပြေးနည်းပညာက သိပ်ကိုကောင်းတဲ့ အခွင့်အရေးတစ်ခု ကျွန်တော်တို့အတွက်ဖန်တီးပေးခဲ့ပြီဖြစ်ပါတယ်"ဟု ဒေါက်တာတင်မောင်ထွေးက ဆိုသည်။

ခြင်ပြေးတီဗွီနှင့် အဲယားကွန်းတို့တွင် အင်ဖာတာနည်းပညာပါဝင်သဖြင့် လျှပ်စစ်မီး အတက်အကျ ဖြစ်ခြင်းကြောင့် စက်ပစ္စည်းများ ပျက်စီးခြင်းမှ ကာကွယ်ထားနိုင်ကြောင်း သိရသည်။

အဆိုပါ နည်းပညာကို အိန္ဒိယ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဆူဒန်၊ တန်ဇန်နီးယားနှင့် နိုက်ဂျီးရီးယားတို့ကဲ့သို့သော နိုင်ငံများရှိ အသိအမှတ်ပြုဓာတ်ခွဲခန်းများတွင် စမ်းသပ်စစ်ဆေးထားပြီးဖြစ်ကြောင်း သိရသည်။

စမ်းသပ်စစ်ဆေးထားမှုများအရ ခြင်ပြေးနှုန်းသည် ပျမ်းမျှ ၇၂ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ဥရောပသမဂ္ဂနှင့် TUV NORD တို့ကဲ့သို့သော အဖွဲ့အစည်းများထံမှ အပြည်ပြည်ဆိုင်ရာ သိပ္ပံနည်းပညာ အသိအမှတ်ပြု လက်မှတ်တို့ကိုလည်း ရရှိထားပြီဖြစ်သည်ဟု ဆိုသည်။

"ခြင်ပြေးတီဗွီနဲ့ အဲယားကွန်းတွေထဲက Ultrasonic Wave ထုတ်လွှတ်တဲ့နည်းပညာက ခြင်တွေရဲ့ အာရုံကြောစနစ်ကို ဟန့်တားထားပြီး ခြင်တွေကို မောင်းထုတ်လိုက်တာ ဖြစ်ပါတယ်။ ထုတ်လွှတ်တဲ့ Wave တွေဟာ လူတွေမကြားနိုင်ဘဲ အန္တရာယ်ကင်းတဲ့ကြိမ်နှုန်းဖြစ်တဲ့ 34k KHz ခန့်သာ ထုတ်လွှတ်တာဖြစ်ပါတယ်။ ဒါ့အပြင် ဓာတုပစ္စည်းတွေ မပါဝင်တဲ့အတွက် LG ရဲ့ ခြင်ပြေးနည်းပညာနဲ့ ထုတ်လုပ်ထားတဲ့တီဗွီနဲ့ အဲယားကွန်းတွေဟာ ပတ်ဝန်းကျင်အတွက်ရော၊ လူတွေအတွက်ပါအဆင်ပြေစေပါတယ်"ဟု LG အီလက်ထရောနစ်မြန်မာကုမ္ပဏီ၏ Home Electronic Product Manager ဖြစ်သူ Mr. Ki Nam Lee က ပြောကြားခဲ့သည်။

အဆိုပါ LG အမှတ်တံဆိပ် ခြင်ပြေးအဲယားကွန်းများကို အမြို့မြို့အနယ်နယ်ရှိ LG အမှတ်တံဆိပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**မယ်သီတာ**




# ThisaWorks က Mifos Initiative နှင့် အကျိုးတူပူးပေါင်း

မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာကိစ္စများတွင် ဝန်ဆောင်မှုများပေးနေသည့် ThisaWorks သည် Mifos X Platform ကို ဖန်တီးခဲ့သော အမေရိကန်အခြေစိုက် အကျိုးအမြတ်ကို အဓိကမထားသည့် Mifos Initiative နှင့် အကျိုးတူပူးပေါင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

ThisaWorks နှင့် Mifos တို့သည် ပြည်သူလူထုကို ၎င်းတို့အတွက် ပိုမိုကောင်းမွန်သောဘဝကို ဖန်တီးနိုင်ရန်အတွက် ကူညီရန်လိုအပ်သည့် ရင်းနှီးငွေများရရှိစေခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုများကို တိုက်ဖျက်နိုင်ရန်ရည်မှန်း၍ လက်တွဲဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ThisaWorks သည် မြန်မာနိုင်ငံတွင် ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်၍ နိုင်ငံအတွင်းမှ ငွေကြေးဆိုင်ရာ ကိစ္စများအား လုပ်ဆောင်နေသည့်လုပ်ငန်းများအား နည်းပညာများ ပံ့ပိုးပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် လုပ်ငန်းပေါင်း ၁၆၈ ခုရှိနေပြီး ၎င်းတို့အနက်မှ အများစုသည် လုပ်ငန်းငယ်များဖြစ်ကြသည်။

ThisaWorks သည် လွန်ခဲ့သော လအနည်းငယ်အတွင်းက မြန်မာနိုင်ငံရှိ MFI အသိုက်အဝန်းနှင့် မိတ်ဆက်ရန်အတွက် အဖွဲ့အစည်းအမျိုးမျိုးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး လက်ရှိနည်းပညာဖွံ့ဖြိုးတိုးတက်မှုများသည် ၎င်းတို့အတွက် မည်သို့ အကျိုးရှိနိုင်မည်ကို ဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့နဲ့တွေ့ဆုံခဲ့တဲ့ အချို့သော လုပ်ငန်းတွေဆီက ပြန်လည်ရရှိခဲ့တဲ့တုံ့ပြန်မှုတွေအတွက် အလွန်ကျေနပ်မိပါတယ်။ သူတို့တွေဟာ MIS လိုအပ်မှုနဲ့ အဲဒီကရလာမယ့် အကျိုးကျေးဇူးတွေကို နားလည်သဘောပေါက်ကြပါတယ်။ အဓိကဆွေးနွေးရမယ့် ကိစ္စရပ်ကတော့ သူတို့အထဲက အများစုဟာ ဒါကို ဘယ်နေရာမှာ ဘယ်လိုစတင် အကောင်အထည်ဖော်ရမယ်ဆိုတာ မသိတာပါပဲ"ဟု ThisaWorks ၏အမှုဆောင်အရာရှိချုပ် ဦးညီငြိမ်းအေးက ပြောကြားခဲ့သည်။

ThisaWorks သည် မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် နည်းပညာများကို ထောက်ပံ့လျက်ရှိသည်။ ThisaWorks နှင့် Mifos တို့ ပူးပေါင်းမှုဖြင့် ပြည်သူအားလုံးအတွက် ရရှိနိုင် မည့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်ရန်နှင့် ပြည်သူလူထုကို ဆင်းရဲတွင်းမှ လွတ်မြောက်အောင်အားပေးကူညီရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# အစားအသောက်အမယ် တစ်ထောင်ကျော်အား FDA တွင် ထောက်ခံချက်လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြု

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အစားအသောက် တင်သွင်းခြင်းလုပ်ငန်းများအား အဆင်ပြေချောမွေ့စေရန်အတွက် တိုက်ရိုက်စားသုံးရန်မဟုတ်သည့် ပါဝင်ပစ္စည်းတစ်မျိုးတည်းသာ ပါဝင်သော အစားအသောက်ထပ်ဖြည့်ပစ္စည်း (Food Additives) များ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်လျှောက်ထားခြင်းအား ကင်းလွတ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

လိုင်စင်လျှောက်ထားရာတွင် ထောက်ခံချက်ရယူရန် ကင်းလွတ်ခွင့်ပြုသည့် အစားအသောက်အမယ်စုစုပေါင်း ၁၀၀၈ မျိုးရှိပြီး အဆိုပါအစားအသောက် အမယ်များစာရင်းကို www.codexalimentarius.org စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.commerce.gov.mm နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ တရားဝင်ဝက်ဘ် ဆိုက်ဖြစ်သည့် www.fdamyanmar.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**

# အူရီဒူးဆင်းကတ်သက်တမ်းနှင့် လက်ကျန်ငွေ သက်တမ်းအား ၃၆၅ ရက်သို့ တိုးမြှင့်

အူရီဒူးမြန်မာသုံးစွဲသူများအနေဖြင့် မတ် ၁၆ ရက်မှစတင်ကာ မည်သည့်ဖုန်းငွေပမာဏကိုမဆို ငွေဖြည့်သွင်းတိုင်း ဆင်းကတ်သက်တမ်းနှင့်အတူ လက်ကျန်ငွေ သက်တမ်းကို ၃၆၅ ရက်သို့ တိုးမြှင့်ပေးသည့် ဝန်ဆောင်မှုအသစ်ကိုဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အူရီဒူးသုံးစွဲသူများအနေဖြင့် ဖုန်းငွေဖြည့်သွင်းလိုက်တိုင်းတွင် ဖုန်းလက်ကျန်ငွေသက်တမ်းနှင့် ဆင်းကတ်သက်တမ်းတိုးမြှင့်သွားရုံသာမက အူရီဒူးမြန်မာက မိတ်ဆက်ပေးထားသည့် အခမဲ့ဖေ့စ်ဘွတ်ခ်၊ ဗိုင်ဘာ၊ ဘီးတော့ခ်နှင့် အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုခွင့်များ အစရှိသည့် အထူးအခွင့်အရေးများကိုပါ ရရှိမည်ဖြစ်ကြောင်း အူရီဒူးက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် အူရီဒူး၏ လက်ဆောင်လွှဲပေးနိုင်မည့်အစီအစဉ် Gift Pack ကို လက်ခံရရှိသည့် သုံးစွဲသူများအနေဖြင့်လည်း ဆင်းကတ်နှင့်လက်ကျန်ငွေ သက်တမ်း ၃၆၅ ရက် တိုးမြှင့်ရရှိမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ကျွန်မတို့အနေနဲ့ ဆင်းကတ်နံပါတ်အသစ်တွေကို ဖြန့်ချိရောင်းချခွင့် ထပ်မံရရှိခဲ့တာကြောင့် ယခုလို သုံးစွဲသူတိုင်းအတွက် ဆင်းကတ်အသုံးပြု ခွင့်သက်တမ်းကို တစ်နှစ်တိုးပေးနိုင်ပါပြီ။ ဒါကြောင့် အူရီဒူးရဲ့ဝန်ဆောင်မှုကို စိတ်ပူပန်စရာမလိုဘဲ ကျေနပ်နှစ်သက်စွာနဲ့ အသုံးပြုနိုင်ပြီဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာ၏ Chief Marketing Officer Ms. Charity Safford က ပြောကြားခဲ့သည်။

**မယ်သီတာ**

# ကမ္ဘောဒီးယားကလပ်အသင်းကို အရေးနိမ့်ခဲ့သည့် မကွေးအက်ဖ်စီအသင်း အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်မည့် အခွင့်အရေးနည်း



၂၀၁၇ အေအက်ဖ်စီဖလား အုပ်စု (စ)တွင် ပါဝင်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် မကွေးအက်ဖ်စီအသင်း အနေဖြင့် မတ် ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဘွန်ခတ်အန်ကော်အက်ဖ်စီအသင်းနှင့် အဝေးကွင်းပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ရေးအတွက် မျှော်လင့်ချက်နည်းသွားခဲ့ပြီဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံရှိ အိုလံပစ်အားကစားကွင်း၌ မတ် ၁၄ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် မကွေးအသင်းသည် ဘွန်ခတ်အန်ကော်အက်ဖ်စီအသင်းကို ခြေရည်တူကစားနိုင်ခဲ့သော်လည်း အဆုံးသတ်မသေချာမှုများကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အန်ကော်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မကွေးနောက်ခံလူ အိုလာရီထောင့်ကန်ဘောဖျက်ထုတ်ရန် ကြိုးစားရင်း ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မိသဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းသည် လက်ရှိအချိန်တွင် အုပ်စုတွင်း၌ သုံးပွဲကစားပြီး တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် ရင်ဆိုင်နေရသည်။ မကွေးအသင်းသည် အုပ်စု စတုတ္ထမြောက်ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၅ ရက်တွင် အန်ကော်အသင်းကို အိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

အုပ်စု(စ)၏ အခြားပွဲစဉ်တစ်ခုတွင် မလေးရှားကလပ် ဂျိုဟိုးဒါရူတာဇန်အသင်းက ဖိလစ်ပိုင်ကလပ် ဂလိုဘယ်အသင်းကို အိမ်ကွင်းတွင် လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အဆိုပါအုပ်စုတွင် ဂျိုဟိုးအသင်းက ရမှတ်ခုနစ်မှတ်၊ ဂလိုဘယ်အသင်းက ရမှတ်ခြောက်မှတ်၊ အန်ကော်အသင်းက ရမှတ် သုံးမှတ်နှင့် မကွေးအသင်းက တစ်မှတ် ရရှိထားသည်။

မြန်မာနိုင်ငံကိုယ်စားပြု အသင်းတစ်သင်းဖြစ်သည့် ရတနာပုံအက်ဖ်စီအသင်းသည် ဧပြီ ၁၈ ရက်တွင် စင်ကာပူကလပ် ဟုမ်းယူနိုက်တက်အသင်းနှင့် အဝေးကွင်းပွဲစဉ်အဖြစ် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် လူငယ်အမှတ်ပေး ဘောလုံးပြိုင်ပွဲများအား ပွဲချိန်ပြောင်းလဲ ကစားမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်အသက် ၂၁၊ ၂၀၊ ၁၉၊ ၁၈ သက်တမ်းအလိုက် လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲ MNL Youth (U-21, U-20, U-19, U-18) များအား ယခင်ကျင်းပနေသည့် ပွဲချိန် ၃ နာရီခွဲအစား ညနေ ၄ နာရီသို့ ပြောင်းလဲကစားရန် သတ်မှတ်လိုက်ကြောင်း မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်ကြေညာခဲ့သည်။

လက်ရှိအချိန်တွင် ရာသီဥတု အလွန်ပူပြင်းနေသည့်အတွက် ယခုကဲ့သို့ ပွဲကစားချိန် ပြောင်းလဲပေးခဲ့ခြင်းဖြစ်ပြီး ဧပြီ ၃၀ ရက်အထိကျင်းပမည့် လူငယ်ပြိုင်ပွဲများအား ညနေ ၄ နာရီတွင်သာ ကစားစေမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနေရှင်နယ်လိဂ်-၁ အမှတ်ပေး ဘောလုံးပြိုင်ပွဲ၊ မြန်မာနေရှင်နယ်လိဂ်-၂ အမှတ်ပေးဘောလုံးပြိုင်ပွဲ၊ အသက် ၂၁ နှစ်အောက်နေရှင်နယ်လိဂ်လူငယ်အမှတ်ပေးဘောလုံး ပြိုင်ပွဲ၊ အသက် ၂၀ နှစ်အောက် နေရှင်နယ်လိဂ် လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲ၊ အသက် ၁၉ နှစ်အောက် နေရှင်နယ်လိဂ် လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲနှင့် အသက် ၁၈ နှစ်အောက် လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

# ဆောက်သမ်းအသင်းနှင့် နေပြည်တော်အသင်းတို့ ပွဲစဉ်မှ ဖြစ်စဉ်များအပေါ် စည်းကမ်းထိန်းသိမ်းရေးမှ ပြစ်ဒဏ်ချမှတ်ခဲ့

မတ် ၁၂ ရက်က မော်လမြိုင်ကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့် ဆောက်သမ်းအသင်းနှင့် နေပြည်တော်အသင်းတို့၏ပွဲစဉ်တွင် ခိုက်ရန်ဖြစ်ပွားခဲ့ပြီး အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုများအပေါ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

ဆောက်သမ်းအသင်းနှင့် နေပြည်တော်အသင်းတို့၏ ဂိုးမရှိ သရေကျခဲ့သည့် ပွဲစဉ်၏ ပွဲချိန် ၆၃ မိနစ်တွင် နေပြည်တော်အသင်းမှ ကစားသမား ဝေဖြိုးနှင့်ဆောက်သမ်းအသင်းမှ ကစားသမား ကျော်ဇင်ဝင်းတို့ ဘောလုံးလုကြရာမှစတင်ကာ ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့သည့်အတွက် ပြိုင်ပွဲအား လေးမိနစ်အထိ ရပ်နားခဲ့ရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ပြစ်ဒဏ်ချမှတ်မှုအရ နေပြည်တော်အသင်းမှ ကစားသမား ဝေဖြိုး၊ဆောက်သမ်းအသင်းမှ ကစားသမား ရန်နိုင်ထွေးနှင့် ကျော်ဇင်ဝင်းတို့အား အနီးစပ်ဆုံး ခြောက်ပွဲပယ်နှင့် ဒဏ်ကြေးငွေ ကျပ်ခြောက်သိန်းတိတိတို့ကို ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ထို့ပြင် အိမ်ရှင်ဆောက်သမ်အသင်းအား ဒဏ်ကြေးငွေ ကျပ် ၁၀ သိန်းတိတိပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အနီကတ်ပြခံရသဖြင့် ကွင်းအတွင်းမှထွက်လာသည့် နေပြည်တော်အသင်း ကစားသမား ဝေဖြိုးအား ဆောက်သမ်းအသင်းမှ ပရိသတ်များက ဖိနပ်များ၊ ရေဘူးများဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် ကစားသမား ဝေဖြိုးမျက်လုံးအား ထိမှန်ခဲ့သည်။

ထို့ကြောင့် အဆိုပါဖြစ်ရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေဖြင့် သက်ဆိုင်ရာပြိုင်ပွဲကြီးကြပ်၊ ဒိုင်ကြီးကြပ်တို့၏ ပွဲအစီရင်ခံစာများကို ဖတ်ရှုလေ့လာခြင်း၊ ပွဲမှတ်တမ်းဗီဒီယိုအား ပြန်လည်ကြည့်ရှုခြင်းတို့ပြုလုပ်ကာ ယခုကဲ့သို့ပြစ်ဒဏ်များချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

# Wildcards စည်းမျဉ်းဖြင့် မာရီယာရှာရာပိုဗာကိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် WTA ဆောင်ရွက်မည်



တားမြစ်ဆေးဝါးများ သုံးစွဲမှုဖြင့် တင်းနစ်ပြိုင်ပွဲများမှ ထုတ်ပယ်ခြင်းခံခဲ့ရသည့် ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာကို လာမည့်တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိရန်အတွက် Wildcards စည်းမျဉ်းကို အသုံးပြု၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမျိုးသမီး တင်းနစ်အသင်း (WTA) ၏ အကြီးအကဲစတိဗ်ဆိုင်မွန်က ပြောကြားခဲ့သည်။

WTA သည် ရုရှားတင်းနစ်အဖွဲ့ချုပ်ထံသို့ အဆိုပါ Wildcards စည်းမျဉ်းနှင့်ပတ်သက်၍ ပေးပို့ထားပြီး ဧပြီလတွင် ဂျာမနီနိုင်ငံ စတုဂတ်တွင် ကျင်းပမည့် ပိုစ်ချီဂရင်းပရီတင်းနစ်ပြိုင်ပွဲနှင့် မေလအတွင်း မက်ဒရစ်နှင့်ရောမတွင်ကျင်းပမည့် တင်းနစ်ပြိုင်ပွဲတို့တွင် မာရီယာရှာရာပိုဗာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိရန် ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ Wildcards စည်းမျဉ်းနှင့်ပတ်သက်၍ အန်ဒီမိုရေးအပါအဝင် လက်ရှိပြိုင်ပွဲဝင် တင်းနစ်ကစားသမားများက ဝေဖန်ကန့်ကွက်ခဲ့ကြသည်။

ဂရင်းဆလင်းဆုဖလားကို ငါးကြိမ်ရရှိထားသည့် ရှာရာပိုဗာသည် မယ်လ်ဒိုနီယမ်ဆေးသုံးစွဲမှုဖြင့် ၁၅လကြာ အားကစားလောကတွင် ပါဝင် ယှဉ်ပြိုင်မှုမှ ပိတ်ပင်ခံထားရပြီးနောက် ဧပြီ ၂၆ ရက်တွင်ကျင်းပမည့် ပိုစ်ချီဂရင်းပရီတင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကမ္ဘာ့အဆင့်တစ် တင်းနစ်မယ်ဟောင်း ကာရိုလိုင်းဝေ့ါဇနီယာကီက ရှာရာပိုဗာ၏ Wildcards ဖြင့် ပြိုင်ပွဲသို့ ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိရန် လုပ်ဆောင်ခြင်းသည် အခြားသောအားကစားသမားများအား မထီမဲ့မြင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။

# အင်္ဂလန်အသင်းလက်ရွေးစင်အသင်းအတွက် ဆန်းဒါးလန်းအသင်းမှ ဂျာမိန်းဒီဖိုးကို ပြန်လည်ခေါ်ယူ

အင်္ဂလန်အသင်းသည် အသင်း၏ လက်ရွေးစင်အသင်းအတွက် ဆန်းဒါးလန်းအသင်းမှ ဂျာမိန်းဒီဖိုးကို ပြန်လည်ခေါ်ယူလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်သည့် ဒီဖိုးသည် ၂၀၁၃ခုနှစ် နိုဝင်ဘာလက ချီလီအသင်းနှင့် ကစားခဲ့သည့်ပွဲတွင် ၎င်း၏ ၅၅ ဂိုးမြောက်သွင်းဂိုးကို သွင်းယူခဲ့ပြီးနောက် အင်္ဂလန်အသင်းနှင့် ဝေးကွာခဲ့သူဖြစ်သည်။

အင်္ဂလန်အသင်း၏ နည်းပြချုပ်အဖြစ် တာဝန်ယူထားရသူ ဂါးရတ်ဆောက်သ်ဂိတ်က ဒီဖိုးကို ပြန်လည်ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး မတ် ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဂျာမနီအသင်းနှင့် ခြေစမ်းပွဲစဉ်တွင် ထည့်သွင်းကစားရန်အတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် မတ် ၂၆ ရက်တွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် လစ်သူယေးနီးယားအသင်းနှင့် ဝင်ဘာလေကွင်းတွင် အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်သည်။

ဒီဖိုးသည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ၂၀၀၄ ခုနှစ် ဆွီဒင်အသင်းနှင့် ယှဉ်ပြိုင်ကစားသည့်ပွဲမှစတင်ကာ ၁၉ ပွဲတိတိ ဝင်ရောက်ကစားပေးခဲ့ပြီး ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ဆန်းဒါးလန်းအသင်းအတွက် ၁၄ ဂိုး သွင်းယူခဲ့သူဖြစ်သည်။

"ခင်ဗျားတို့မှာ ကစားဖို့ ဆာလောင်မွတ်သိပ်နေတဲ့ လူငယ်ကစားသမားတွေ ရှိသလို လူကြီးကစားသမားတွေလည်း ရှိနေကြပါတယ်။ ခင်ဗျားတို့အနေနဲ့ လူငယ်ကစားသမားတွေကိုချည်းပဲ တစ်ချိန်လုံး ထိုင်ကြည့်ချင်ကြမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။ အခုအချိန်မှာ ရလဒ်ကောင်းရဖို့နဲ့ အနာဂတ်အတွက် စီမံကိန်းကောင်းတွေ ချနိုင်ဖို့အတွက် လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု အင်္ဂလန်လက်ရွေးစင် ဘောလုံးအသင်း၏ နည်းပြချုပ် ဂါးရတ်ဆောက်သ်ဂိတ်က ဘီဘီစီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဆောက်သ်ဂိတ်သည် အင်္ဂလန်အသင်းအတွက် လူငယ်ကစားသမား အများအပြားကို ရွေးချယ်ခဲ့ပြီး တစ်ချိန်က လက်ရွေးစင်အသင်းတွင် ခြေစွမ်းပြခဲ့သည့် သက်ကြီးဘောလုံးသမားများကိုလည်း ပြန်လည်ခေါ်ယူခဲ့သည်။

## လောင်းလုံမြို့နယ်၊ ပန်းဒလဲကျေးရွာနှင့် သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများကျင်းပ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းလတ်နှင့် ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာဟိန်းမင်းထက်အောင် ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက်က လောင်းလုံမြို့နယ် ပန်းဒလဲကျေးရွာနှင့် သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာများ၌ ကျေးရွာသား/သူ စုစုပေါင်း ၁၂၀ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲပြုလုပ်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဌာနမှ တာဝန်ခံ ဒေါက်တာဟိန်းမင်းထက်အောင်က ဆိုးဆေးပါသော အစားအသောက်များ၊ ကျန်းမာရေးဌာနမှ တရားဝင် ထုတ်ပြန်တားမြစ်ထားသော သုံးစွဲရန် မသင့်သည့် အလှကုန်ပစ္စည်းများနှင့် အစားအသောက်များ၏ အကြောင်းများကို ပြောကြားခဲ့ပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးဇော်မင်းလတ်က စားသုံးသူရေးရာဦးစီးဌာန၏ ဖွဲ့စည်းပုံ၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနှင့် ကုန်စည်နှင့်ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲရာတွင် စံချိန်စံညွှန်းနှင့် မကိုက်ညီသောပစ္စည်းများကို သတိဖြင့် ဝယ်ယူရမှာဖြစ်ကြောင်း၊ စားသုံးသူဘက်မှ အမှန်တကယ် နစ်နာဆုံးရှုံးမှုရှိလျှင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို တိုင်တန်းနိုင်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးကို တစ်ဦးတစ်ယောက်ထဲလုပ်၍မရဘဲ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ ပူးပေါင်းပါဝင်မှသာ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းတို့ကိုဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ရွှေဝယ်သား**

## မော်လမြိုင်မြို့ရှိလမ်းဘေးဝဲယာရှိစားသောက်ဆိုင်၊ စတိုးဆိုင်၊ ဆေးဆိုင်များအား ထုတ်ကုန် လုံခြုံစိတ်ချရမှု ရှိ/မရှိနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုရှိ/မရှိ ကွင်းဆင်းစိစစ်ခြင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းဆောင်ရွက်



မွန်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးသည် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် မတ် ၁ ရက်က ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးဟောက်ကျင်မာန်နှင့် အခြားသော မိတ်ဖက်အဖွဲ့များနှင့်တွေ့ဆုံပြီး ခရီးသွားလုပ်ငန်းနှင့် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းခြင်းနှင့် မတ် ၆ ရက်တွင် မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်နှင့် ဒုတိယဦးစီးမှူး ဦးသူရဇော်တို့သည် မြိုင်သာယာဒေသန္တရ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာစန်းစန်းအောင်နှင့် ဝန်ထမ်းများ၊ မြိုင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်ရိုန်တို့နှင့် ပူးပေါင်း၍ မတ် ၇ ရက်က မော်လမြိုင်တက္ကသိုလ် ကျောင်းရှေ့ရှိ စားသောက်ဆိုင် ရှစ်ဆိုင်၊ စတိုးဆိုင် လေးဆိုင်တို့အား လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးနေဇင်သက်သည် မော်လမြိုင်မြို့ ဖားအောက်တိုက်နယ်ဆေးရုံမှ ဒေါက်တာနှင်းဝေလှိုင်နှင့် ဝန်ထမ်းများ၊ ကော့ခမယ်အုပ်ချုပ်ရေးမှူး ဦးကြည်လင်းတို့နှင့် ပူးပေါင်း၍ မတ် ၉ ရက်က ဖားအောက်ကျေးရွာအုပ်စု၊ ကော့ခမယ်ကျေးရွာရှိဆေးဆိုင်တစ်ဆိုင်၊ စားသောက်ဆိုင် နှစ်ဆိုင်၊ စတိုးဆိုင်နှစ်ဆိုင်တို့အားလည်းကောင်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ/မရှိနှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိ/မရှိတို့အား ကွင်းဆင်းလေ့လာစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နေဇင်(မွန်)**

## ယင်းမာပင်ခရိုင်အတွင်းရှိ စည်ပင်သာယာဈေးများတွင် စားသုံးရန်မသင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသန်းပို ဦးဆောင်သည့် ပူးပေါင်းအဖွဲ့သည် မတ် ၇ ရက်တွင် ပုလဲမြို့နယ်၊ မင်းတိုင်ပင် စည်ပင်သာယာဈေးတွင်လည်းကောင်း၊ မတ် ၉ ရက်တွင် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး စည်ပင်သာယာဈေး၊ မတ် ၁၄ ရက်တွင် ဖောင်းကတာစည်ပင်သာယာဈေးများတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များအားလုံးနှင့် တားမြစ်စားသောက်ကုန်များ ရောင်းချခြင်း ရှိ/မရှိ ဈေးဆိုင်ပေါင်း ၄၄ ဆိုင်ကို ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် ပုလဲမြို့နယ် မင်းတိုင်ပင် စည်ပင်သာယာဈေးတွင် ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသော စားသုံးရန်မသင့် ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်သော "နိုင်း" အမှတ်တံဆိပ် ငရုတ်သီးမှုန့်များအား ရောင်းချနေသည်ကို တွေ့ရှိခဲ့ပါသည်။ ၎င်းနောက် အမည်အမှတ်တံဆိပ်မပါ တုတ်ထိုးချိုချဉ်များ၊ ရောင်စုံဝေဖာချောင်းများ၊ တရုတ်စာတမ်းပါ ချောကလက်လုံး၊ ချောကလက်ပြားများ၊ တရုတ်ဆီးသီးများ၊ သက်တမ်းကုန်ဆုံးနေသော Blue Mountain အချိုရည်ဘူးများ၊ Coca Cola အချိုရည်ဘူးများ၊ မှိုတက်နေသော လက်ဖက်များ၊ ဓာတုဆိုးဆေးများ အလွန် အကျွံအသုံးပြုထားသော ဆော့စ်အချဉ်များ၊ အာနီလျှာနီမုန့်များ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

ဆက်လက်၍ ဆားလင်းကြီးမြို့နယ်၊ ညောင်ပင်ကြီးဈေးနှင့် ဖောင်းကတာစည်ပင်သာယာဈေးတို့တွင် သက်တမ်းလွန်နေသော တိုင်းရင်းဆေးဝါးများ၊ တားမြစ်စားသောက်ကုန် "ညိုညို" အမှတ်တံဆိပ် ဆီတို့ဟူးများ၊ အမှတ်တံဆိပ်မပါ မှိုတက်နေသော ဆီတို့ဟူးထုတ်များ၊ တရုတ်စာတမ်းများသာပါဝင်ပြီး မြန်မာစာတမ်းမပါသော မုန့်ထုတ်များ၊ အချိုရည်ဘူးများကို စစ်ဆေးတွေ့ရှိခဲ့ရာ ဈေးဆိုင်ပိုင်ရှင်များကို ဆက်လက်မရောင်းချရန်နှင့် လုံခြုံစိတ်ချရမှုရှိပြီး အာမခံချက်ရှိသည့် အစားအသောက်များနှင့် လူသုံးကုန်ပစ္စည်းများကိုသာရောင်းချရန် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင် ၄၂ စောင်နှင့် စားသုံးရန်မသင့် တားမြစ်စားသောက်ကုန် စာရင်း ၄၂ စုံကို ဖြန့်ဝေပေးခဲ့ကြောင်း သိရပါသည်။

**သူဇာကျော် (ပုလဲ)**





## အိမ်မဲမြို့ အမှတ်(၆၃)ခြေလျင်တပ်ရင်းတွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မြောင်းမြခရိုင်ဦးစီးမှူးရုံး၊ ခရိုင် ဦးစီးမှူးဦးတိုးလွင်၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်း၊ မြို့နယ်ဦးစီးမှူးဦးသန့်ဇင်နှင့် ဝန်ထမ်းများသည် မတ် ၈ ရက်က အိမ်မဲမြို့ အမှတ်(၆၃)ခြေလျင်တပ်ရင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား စားသုံးသူ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို တပ်ရင်းအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမှတ်(၆၃)ခြေလျင် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးထွဋ်ရှိန်ခေါင်က အဖွင့်အမှာစကားပြောကြားပြီး၊ ခရိုင်ဦးစီးမှူး ဦးတိုးလွင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆောင်ရွက်မှုနှင့် သိကောင်းစရာများကို လည်းကောင်း၊ ဒုတိယခရိုင်ဦးစီးမှူး ဦးဇော်မင်းက ဌာန၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကိုလည်းကောင်း၊ ဌာနခွဲမှူး ဦးလှထွဋ်ဦးက စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

ဆက်လက်ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်ဦးစီးမှူးဦးတိုးလွင်က ပြန်လည်ဆွေးနွေးခဲ့ပြီး၊ တပ်ရင်းစာကြည့်တိုက်တွင် အသုံးပြုရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်နှင့် သိကောင်းစရာစာအုပ်များကို ခရိုင်ဦးစီးမှူးက တပ်ရင်းမှူးသို့ ပေးအပ်ခဲ့ပါသည်။

ထို့နောက် အဆိုပါအခမ်းအနားသို့ တက်ရောက်လာသော တပ်ရင်းရှိအရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစု ဝင်များအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။ အလားတူ စားသုံးသူအသိပညာပေးဟောပြောပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်က မော်လမြိုင်ကျွန်းမြို့နယ်၊ အမှတ်(၅၃၄)ခြေမြန်တပ်ရင်းတွင်လည်းကောင်း၊ မတ် ၄ ရက်တွင် မြောင်းမြမြို့ အမှတ်(၉၃)ခြေလျင် တပ်ရင်း တွင်လည်းကောင်း ကျင်းပခဲ့ကြောင်းလည်း သိရှိရပါသည်။

**တိုးလွင်(မြောင်းမြ)**

## ပုသိမ်မြို့ တွန်ပလွန်ကျေးရွာနှင့် ဝါးတောကြီးကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲများ ကျင်းပ

ပုသိမ်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် မတ် ၁၄ ရက်က ပုသိမ်မြို့နယ် တွန်ပလွန်ကျေးရွာနှင့် ဝါးတောကြီးကျေးရွာတို့၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်သည့် ဟောပြောဆွေးနွေးပွဲများကိုကျင်းပခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲတွင် ပုသိမ်ခရိုင် ဦးစီးမှူးက ကျေးရွာသူကျေးရွာသားများ အားလုံးတွင် စားသုံးသူအခွင့်အရေးများနှင့် တာဝန်များရှိပါကြောင်း၊ ထို့ပြင် စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း လိုက်နာရမည့် တာဝန်နှင့် အခွင့်အရေးများ ရှိပါကြောင်း၊ ထိုအချက်များကို သိရှိခြင်းကြောင့် စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့အား ကုန်စည်၊ ဝန်ဆောင်မှုများနှင့်လိမ်လည်လှည့်ဖြား မမှန်မကန် ဆောင်ရွက်လာပါက တိုင်းစားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များသို့ မိမိတို့၏ နစ်နာမှုများအား တိုင်ကြားနိုင်ပါကြောင်း ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးမြင့်အောင်က ကျေးရွာသူကျေးရွာသားများ ဘေးအန္တရာယ် ဖြစ်စေမည့် အစားအသောက်များနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တားမြစ်ထုတ်ပြန်ထားသော အစားအသောက်၊ အလှကုန်၊ ဆေးဝါးများ၊ ဆိုးဆေးပါ အစားအစာများအကြောင်းကို ရှင်းလင်းဟောပြောဆွေး နွေးခဲ့ကြောင်း သိရှိရပါသည်။

**မောင်ပုသိမ်**

# ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနတွင် ‘ ကမ္ဘာ့ စားသုံးသူအခွင့်အရေးများနေ့ ’ အခမ်းအနား ကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး၌ မတ် ၁၅ ရက်က “ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့”အခမ်းအနားကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် စီမံကိန်းဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ မိတ်ဖက်ဌာနများမှ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

၎င်းအခမ်းအနားတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းနိုင်က ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့၏ ဆောင်ပုဒ်မှာ “စားသုံးသူများ ယုံကြည်စိတ်ချရမည့် ဒစ်ဂျစ်တယ် ကမ္ဘာတည်ဆောက်ခြင်း” ဖြစ်ရာ ဒစ်ဂျစ်တယ်ကမ္ဘာဖြစ်တည်ရန် အကောင်အထည်ဖော် ဆောင်ရွက်ပြီး စားသုံးသူတိုင်း စိတ်ချလုံခြုံမှုရှိပြီး စားသုံးသူအခွင့်အရေးကို အပြည့်အဝရရှိရေး ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပါတယ်။

ထို့နောက် ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးနွယ်က “ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ”ကို နှစ်စဉ် မတ် ၁၅ ရက်ရောက်တိုင်း ကမ္ဘာတစ်ဝန်းမှာ ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်တွင် “BUILDING A DIGITAL WORLD CONSUMERS CAN TRUST” “စားသုံးသူများ ယုံကြည်စိတ်ချရမည့် ဒစ်ဂျစ်တယ်ကမ္ဘာ တည်ဆောက်ခြင်း” ဖြစ်ကြောင်း၊ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ဟာ စားသုံးသူအားလုံးရဲ့ အခြေခံအခွင့်အရေး တွေကို မြှင့်တင်ဖို့ အခွင့်အရေး တစ်ရပ်ဖြစ်ပြီး၊ အဆိုပါ အခွင့်အရေးတွေကို အလေးထားပြီး အကာအကွယ်ပေးနိုင်ဖို့နဲ့ ၎င်းအခွင့်အရေးတွေကို လျော့နည်းစေနိုင်မယ့် ဈေးကွက်အတွင်း အလွဲသုံးစားပြုလုပ်မှုတွေနဲ့ လူမှုရေးအရ တရားမျှတမှုမရှိတာတွေကို တားဆီးဆန့်ကျင်နိုင်ဖို့ အလားအလာကောင်းတစ်ရပ်ဖြစ်ဖို့ကို ဖန်တီးပေးနေတာဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ကမ္ဘာပေါ်မှာရှိတဲ့ စားသုံးသူ




အဖွဲ့အစည်းတွေဟာ စားသုံးသူတွေအတွက် အရေးပါတဲ့ကိစ္စ တစ်ရပ်ဖြစ်တဲ့ အလေးဂရုပြုမှု မြှင့်တင်ပေးနိုင်ဖို့ အတွက် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ကို အတူတကွ ပူးပေါင်း၍ ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံဟာ အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင် နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများနှင့်အတူ အကောင်အထည်ဖော် လျက်ရှိတဲ့ အာဆီယံ စားသုံးသူ ကာကွယ်ရေး မဟာဗျူဟာ လုပ်ငန်းစီမံချက်( ၂၀၁၆ - ၂၀၂၅) အရ အာဆီယံနိုင်ငံများက စားသုံးသူတွေရဲ့အသိပညာဗဟုသုတ တိုးတက်စေဖို့နဲ့ စားသုံးသူအခွင့်အရေးများကို အပြည့်အဝသိရှိပြီး တောင်းဆိုရယူနိုင်တဲ့ စွမ်းရည်မြင့်မားတဲ့ စားသုံးသူတွေဖြစ်လာဖို့ အားပေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးကဏ္ဍ အပါအဝင် ထုတ်ကုန် လုံခြုံစိတ်ချရမှု ကဏ္ဍ၊ ကိန်းဂဏန်းအချက်အလက် ထိန်းသိမ်းမှုကဏ္ဍ စတဲ့ ကဏ္ဍအသီးသီးမှာရှိတဲ့ စားသုံးသူ အခွင့်အရေးတွေကို ကာကွယ်နိုင်ဖို့ ဥပဒေ စည်းမျဉ်းစည်းကမ်းတွေ ပြဋ္ဌာန်းချမှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။

**ခင်ကြည်**
**(ကရင်ပြည်နယ်စားသုံးသူရေးရာ)**

## တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနတွင် Mobile Training သင်တန်းဖွင့်

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနတွင် Mobile Training သင်တန်းကို မတ် ၈ ရက်က စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ရုံးချုပ် နေပြည်တော် ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ခေတ္တညွှန်ကြားရေးမှူး ဦးရဲထွဋ်နိုင်က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့ပါသည်။

ဆက်လက်၍သင်တန်းကို မတ် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တိုင်တိုင် သင်ကြားပို့ချပေးခဲ့ရာတွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ စားသုံးသူရေးရာဦးစီးဌာနခွဲမှ စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များနှင့် ဗဟိုကော်မတီအထောက်အကူပြုရုံးဖွဲ့စည်းဆောင်ရွက်မှု အကြောင်းအရာများ၊ Warranty & Guarantee ၊ Barcode ဆိုင်ရာ အချက်အလက်များ၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မှု အစီအမံများနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေအကြောင်းအရာများ၊ မူဝါဒလေ့လာရေးနှင့်စီမံကိန်းစာရင်းအင်းဆိုင်ရာ အကြောင်းအရာများ၊ ကုန်သွယ်ရေးဦးစီးဌာနမှ ကုန်သွယ်ရေးမူဝါဒလုပ်ထုံးလုပ်နည်းများ၊ ဖြေလျှော့ဆောင်ရွက်နေမှုများနှင့် တစ်ဦးချင်းကုန်သွယ်မှု မှတ်ပုံတင်ကတ် (Individual Trading Card-ITC) ခွင့်ပြုမှုများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ဆိုင်ရာ လုပ်ငန်းများ၊ ကုန်သွယ်မှု ဥပဒေ အကြောင်းအရာများ၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲမှ သတင်းအချက်အလက်ဆိုင်ရာ အကြောင်းအရာများ၊ စံချိန်စံညွှန်းဆိုင်ရာအကြောင်းအရာများကို အသီးသီး သင်ကြားပို့ချခဲ့ပါသည်။

ယင်းသင်တန်းသို့ တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနမှ သင်တန်းသား/သူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

## ယင်းမာပင်ခရိုင်အတွင်းရှိ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်၏ ကြီးကြပ်မှုဖြင့် ယင်းမာပင်ခရိုင်ဦးစီးမှူး ဦးသန်းပိုဦးဆောင်၍ သက်ဆိုင်ရာ မြို့နယ်တာဝန်ခံများနှင့် ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများနှင့်အတူ မတ်လ ၁၀ ရက်တွင် ယင်းမာပင်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ အိမ်တွင်းမှုသင်တန်းကျောင်း၌လည်းကောင်း၊ မတ် ၁၄ ရက်တွင် ပုလဲမြို့၌လည်းကောင်း၊ မတ် ၁၆ ရက်တွင် ဆားလင်းကြီးမြို့၌ လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့ပါသည်။

ဆွေးနွေး ဟောပြောပွဲများတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များအကြောင်း၊ စားသုံးရန်မသင့် အန္တရာယ်ရှိ စားသောက်ကုန်များအကြောင်း၊ အရောင်ဆိုးဆေးများနှင့် တာရှည်ခံဆေးများ အများဆုံး အသုံးပြုထားသောအစားအစာများ၏ ဘေးအန္တရာယ်ရှိပုံ၊ အစားအသောက် အပူများကို ကြွတ်ကြွတ်အိတ် (သို့မဟုတ်) ဖော့ဘူးများနှင့်ထည့်၍ စားသောက်ခြင်းဖြင့် အန္တရာယ်ရှိသည့် အကြောင်းများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲသို့ တက်ရောက်လာသူ အိမ်တွင်းမှု သင်တန်းကျောင်း ဆရာမများနှင့် သင်တန်းသူများက သိရှိလိုသည်များကို အဖွဲ့က အကျယ်တဝင့် အပြန်အလှန် ဆွေးနွေးခဲ့ပြီး စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ လက်ကမ်းစာစောင်များနှင့် စားသုံးရန်မသင့် တားမြစ်ထားသော အစားအသောက်၊ ရေ၊ ဆေးဝါးများစာရင်းကို ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပုလဲ)**

## ဘိုကလေးမြို့နယ်ပညာရေးကောလိပ်တွင် စားသုံးသူအသိပညာပေး ဟောပြောပွဲကျင်းပ

ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် ဘိုကလေးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနတို့မှ ဝန်ထမ်းများပူးပေါင်း၍ မတ် ၂ ရက်တွင် ဘိုကလေးမြို့နယ် ပညာရေးကောလိပ်ရှိ မဟော်သဓာ သင်တန်းခန်းမတွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၆၁ ဦးတို့အား စားသုံးသူ အသိပညာပေးဟောပြောပွဲကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဘိုကလေးမြို့နယ်ဦးစီးမှူး ဦးနေမျိုးဆွေက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးမှူး ဦးခင်မောင်ဇင်က စားသုံးသူရေးရာ ဦးစီးဌာနဖြစ်ပေါ်လာပုံနှင့် ခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဆောင ရွက်နေမှုများ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဗဟို/ တိုင်း/ခရိုင်အလိုက်ဖွဲ့စည်းထားရှိမှုများကိုလည်းကောင်း၊ ဖျာပုံမြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ အချက်အလက်များကိုလည်းကောင်း၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းဇော်က FDA မှ ထုတ်ပြန်ထားသော အစားအစာများ၊ အလှကုန်ပစ္စည်းများ၊ အိမ်သုံးဆေးဝါးများ၊ တားမြစ်ထားသော အအေးဘူးများ၊ စားသုံးဆီများ၊ မှိုဆိပ်ပါ ငရုတ်သီးမှုန့်နှင့် မဆလာမှုန့်များ၊ မြန်မာစာသားမပါသော အသင့်စား အစားအစာများနှင့် သောက်သုံးရန်မသင့်သည့် အမှတ်တံဆိပ်ပါ ရေသန့်ဘူးများအကြောင်းကို လည်းကောင်း ရှင်းလင်းဟောပြောခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ FDA မှ ထုတ်ပြန်ထားသော တားမြစ်ကုန်စည် မှတ်တမ်းစာအုပ်နှင့် လက်ကမ်းစာစောင်များအား ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

**မင်းဇော်မွန်(ဖျာပုံ)**

## ပုသိမ်ပညာရေးကောလိပ်တွင် စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောပွဲကျင်းပ

ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူးနှင့် ဝန်ထမ်းများသည် မတ် ၁၃ ရက်က ပုသိမ်ပညာရေးကောလိပ်၊ ပညာရတနာခန်းမတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစောလင်းခယ်၊ ဆရာ/ဆရာမများ သင်တန်းသား၊ သင်တန်းသူများ စုစုပေါင်း ၈၃၅ ဦးတက်ရောက်ကြောင်း သိရပါတယ်။

ဟောပြောပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းနိုင်က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း သိကောင်းစရာများအား ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဦးစောမိုက်ကယ်က စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ ခွင့်မပြုဓာတုဆိုးဆေးများ တားမြစ်ကုန်စည်များ၊ FDA မှ တားမြစ်ထားသော စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများ စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့် ဆောင်ရန်၊ ရှောင်ရန်တို့ကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့ပါတယ်။ ထို့နောက် တက်ရောက်လာသော ဆရာ/ဆရာမများ၊ သင်တန်းသား/သင်တန်းသူများအား လက်ကမ်းစာစောင်များ၊ ဥပဒေဆိုင်ရာစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရပါတယ်။

**မြစိန်(ပုသိမ်)**

# ကိုယ်ကျိုးစီးပွားကာကွယ်သည့်ကုန်သွယ်ရေးမူဝါဒနှင့် စင်ကာပူစီးပွားရေးအခြေအနေ

စင်ကာပူနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့သော ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်း (Global financial crisis) မှသည် ယနေ့အချိန်ထိ ဆိုးရွားသော စီးပွားရေးစွမ်းဆောင်ရည် ကျဆင်းမှုနှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် စင်ကာပူနိုင်ငံသည် မသေချာမှုအမျိုးမျိုး၏ ရိုက်ခတ်မှုဒဏ်ကို ရင်ဆိုင်ဖြေရှင်းရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။ အထူးသဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးမူဝါဒ (Protectionism) ကိုပိုမိုကျင့်သုံး နေခြင်းက ပို့ကုန်တင်ပို့မှုကို မှီခိုအားထားနေရသောနိုင်ငံ (Export-dependent Nation) အတွက် ဆုံးရှုံးနိုင်ခြေများ (Risks)ကို ဖြစ်စေပါသည်။

စင်ကာပူအစိုးရသည် ၂၀၁၇ ခုနှစ်၏ စီးပွားရေးတိုးတက်မှုကို သုံးရာခိုင်နှုန်းအထိ တိုးမြှင့်ခန့်မှန်းထားခဲ့သည်။ ၂၀၁၆ ခုနှစ်၏ စီးပွားရေးတိုးတက် မှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိခဲ့သည်။ ထိုကဲ့သို့ စီးပွားရေးတိုးတက်မှုနှုန်းကို ပိုမိုခန့်မှန်းခဲ့သော စင်ကာပူသည် ကမ္ဘာလုံးဆိုင်ရာ မတည်ငြိမ်မှုကိစ္စရပ်များနှင့် ရင်ဆိုင်နေရသည်။ ထို့ကြောင့် စင်ကာပူသည် ငွေကြေးဈေးကွက်မတည်ငြိမ်မှု (Financial market volatility) အပြင် ကုန်သွယ်မှုပမာဏ ကျဆင်းခြင်းကိုလည်း ရင်ဆိုင်နေရသည်။ စင်ကာပူစီးပွားရေးကို အဓိကရိုက်ခတ်လျက်ရှိသော ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်သုံးမျိုးရှိသည်။ ၎င်းတို့မှာ ဥရောပသမဂ္ဂမှ ယူကေနိုင်ငံ (United Kingdom) ခွဲထွက်ခြင်း၊ တရုတ်နိုင်ငံတွင် ဖြစ်ပွားသော ကြွေးမြီပြန်လည်မပေးဆပ်နိုင်သည့် ပြဿနာနှင့် အမေရိကန်သမ္မတသစ်လက်ထက်အခြေအနေတို့ဖြစ်သည်။

ထို့ပြင် နိုင်ငံရေးဆိုင်ရာဆုံးရှုံးနိုင်ခြေများ၊ ဘေးအန္တရာယ်များနှင့် မသေချာမှုများ (Political risksand uncertainties) မြင့်တက်လျက်ရှိသည်။ ဤအခြေအနေများက စင်ကာပူနိုင်ငံ၏ စီးပွားရေးမသေချာမှုများကို ဆက်လက်ဖြစ်ပေါ်စေနိုင်သည်။ ကမ္ဘာလုံးဆိုင်ရာဆက်စပ်ပြောင်းလဲမှု (Globalization) ကိုပိုမိုတုံ့ပြန်လေလေ ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေး (Global Trade) ကျဆင်းလေ ဖြစ်နေသည်။ ထိုကဲ့သို့ တုံ့ပြန်မှုများက ကျဆင်းနေသော ကမ္ဘာ့ကုန်သွယ်ရေးကို ပိုမိုကျဆင်းစေကြောင်း တွေ့ရှိရသည်။

သမ္မတသစ် ဒေါ်နယ်ထရမ့်သည် အလုပ်လက်မဲ့ပြဿနာအပေါ် ဒေါသဖြစ်နေသောအလုပ်သမားအများစု၏ ထောက်ခံမှုဖြင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ထရမ့်သည် ပစိဖိတ်ဖြတ်ကျော်စီးဆင်းရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (Trans-Pacific Partnership-TPP) မှ နုတ်ထွက်မည်ဖြစ်ကြောင်းလည်း ပြောကြားထားသည်။ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်သော TPP ကို ဂျပန်၊ ဩစတြေးလျနှင့် စင်ကာပူ အပါအဝင် အခြားသော နိုင်ငံများက လက်မှတ်ရေးထိုးထားခြင်းဖြစ်ပါသည်။ ထိုမျှသာမက ထရမ့်သည် တရုတ်နိုင်ငံအပေါ် အကောက်ခွန်ပိုမိုကောက်ခံမည်ဖြစ်ကြောင်းလည်း ပြောကြားထားသည်။ TPP တွင် အမေရိကန်နိုင်ငံမပါဝင်တော့ပါက အဓိပ္ပါယ်သိပ်မရှိတော့သော်လည်း စင်ကာပူအနေဖြင့် TPP တွင် ဆက်လက် ပါဝင်ပူးပေါင်းဆောင်ရွက်နေဦးမည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံ (City-State) သည် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ တတိယပတ်တွင် ၂၀၁၆ခုနှစ်၏ စီးပွားရေးတိုးတက်မှုကို ၁ ဒသမ ၅ ရာခိုင်နှုန်းသို့ လျှော့ချကြေညာခဲ့သည်။ စင်ကာပူသည် ၂၀၁၆ ခုနှစ် အစောပိုင်းက နိုင်ငံ၏ ၂၀၁၆ ခုနှစ် စီးပွားရေးတိုးတက်မှုကို နှစ်ရာခိုင်နှုန်းဟူ၍ ခန့်မှန်းသတ်မှတ်ခဲ့ရာမှ ယခုကဲ့သို့ လျှော့ချသတ်မှတ်ခြင်းဖြစ်သည်။ ရေနံမဟုတ်သော ပြည်တွင်းပို့ကုန်များ (Non-oil domestic exports) သည် ၅ ဒသမ ၅ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်သောကြောင့် စီးပွားရေးတိုးတက်မှုနှုန်းကို လျှော့ချခန့်မှန်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် စင်ကာပူ၏ စီးပွားရေး မတိုးတက်သကဲ့သို့ ၂၀၁၇ ခုနှစ်တွင် ပိုကောင်းလာရန် မတွေ့မြင်မိပေ။ ထို့ပြင် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးပေါ်လစီကျင့်သုံးခြင်းနှင့်အတူ ၂၀၁၇ခုနှစ်တွင် ဥရောပ ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်သောကြောင့် စင်ကာပူအတွက် မသေချာမှုများစွာ (So many risks) ကို ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် စင်ကာပူအစိုးရသည် ၂၀၁၇ ခုနှစ်၏ ပို့ကုန်တိုးတက်မှုနှုန်းကို လက်ရှိပို့ကုန် တိုးတက်မှုနှုန်းထက် တစ်ရာခိုင်နှုန်းသာအတက်အကျရှိနိုင်ကြောင်းခန့်မှန်းထားသည်။

> ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးမူဝါဒ (Protectionism) ကို ပိုမိုကျင့်သုံးနေခြင်းက ပို့ကုန်တင်ပို့မှုကို မှီခိုအားထားနေရသောနိုင်ငံ (Export-dependent Nation) အတွက် ဆုံးရှုံးနိုင်ခြေများ (Risks) ကို ဖြစ်စေပါသည်။

အမေရိကန်ပြည်ထောင်စုသည် စင်ကာပူနိုင်ငံ၏တတိယအများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံသည် စင်ကာပူနိုင်ငံ၏ အများဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ အာရှ၏ စီးပွားရေးအင်အားအကြီးမားဆုံးဖြစ်သော တရုတ်နိုင်ငံသည် လုပ်ငန်းချေးငွေအဆင့်မြင့်တက်ခြင်း (Rising corporate credit levels) နှင့် ရင်ဆိုင်နေရသည်။ ထို့ပြင် တရုတ်နိုင်ငံတွင် အိမ်ခြံမြေဈေးကွက်ပြဿနာများက အိမ်ခြံမြေနှင့်သက်ဆိုင်သော ချေးငွေများ ပြန်မဆပ်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်သည်။ ယူနိုက်တက်ကင်းဒမ်းသည် စင်ကာပူနှင့် ကုန်သွယ်သည့် ပမာဏ မများပြားသော်လည်း ယူနိုက်တက်ကင်းဒမ်း၏ ဥရောပသမဂ္ဂမှ ခွဲထွက်ခြင်းကြောင့် ငွေကြေးဈေးကွက်မတည်ငြိမ်မှုကို ဖြစ်စေနိုင်သည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိနိုင်ပါသည်။ သို့သော်လည်း စင်ကာပူ၏ ပို့ကုန်များတည်ငြိမ်မှုရှိရန်တော့ လိုအပ်ပါသည်။ ပို့ကုန်များ တည်ငြိမ်မှသာ စီးပွားရေးတိုးတက်မှု ၁ ဒသမ ၅ ရာခိုင်နှုန်းသို့ရောက်ရှိမည်ဖြစ်သည်။ ထို့ပြင် ၂၀၁၇ ခုနှစ်တွင် စင်ကာပူ၏ ငွေချေးယူရသည့် စရိတ်များ (Borrowing Costs) ပိုမိုမြင့်တက်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းစရိတ်များသည် အမေရိကန်အတိုးနှုန်းများနှင့် ချိတ်ဆက်နေသောကြောင့်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် စင်ကာပူအိမ်ထောင်စုများနှင့်စီးပွားရေးလုပ်ငန်းများ၏ အသုံးစရိတ်ကို ဆက်လက် မြင့်တက်စေနိုင်သည်။

Soruce: Bloomberg



ခ သိန်းမြင့်ဝေ

# ပြည်ပမှ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ဗီယက်နမ်က ပိုမိုဝယ်ယူတင်သွင်းလျက်ရှိ

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ် ပထမနှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၆၄ သန်းတန်ဖိုးရှိ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့ရာ အဆိုပါဝယ်ယူတင်သွင်းမှုတန်ဖိုးသည် ယခင်နှစ်ထက် ၅၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ဗီယက်နမ် စားသုံးသူများအနေဖြင့် ပြည်ပမှ အထူးသဖြင့် တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ထွက်ရှိသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပိုမိုနှစ်ခြိုက်စွာစားသုံးလာမှုကြောင့် ယခုကဲ့သို့ တင်သွင်းမှုပမာဏ မြင့်တက်လာရခြင်းဖြစ်ကြောင်းသိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလအတွင်း အမေရိကန်ဒေါ်လာ ၈၂ သန်း ကျော်ဖိုးရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား ထိုင်းနိုင်ငံမှ ဝယ်ယူခဲ့ပြီး အဆိုပါ ပမာဏသည် ပြည်ပမှ ဝယ်ယူတင်သွင်းမှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းရှိသည်။

ဗီယက်နမ်နိုင်ငံသို့ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ တင်ပို့မှုတွင် ထိုင်းနိုင်ငံက နံပါတ် (၁) နေရာတွင် လည်းကောင်း၊ တရုတ်နိုင်ငံက ၁၉ ရာခိုင်နှုန်းဖြင့် နံပါတ် (၂) နေရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံက နံပါတ် (၈) နေရာနှင့် အမေရိကန်နိုင်ငံက နံပါတ် (၉) နေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင် ထိုင်းနိုင်ငံလက်လီအရောင်းဆိုင်ပိုင်ရှင်ကြီးများက Big C နှင့် Metro ကုန်တိုက်ဆိုင်ခွဲများကို ဝယ်ယူပြီးချိန်မှစ၍ ဗီယက်နမ်နိုင်ငံသည် ထိုင်းနိုင်ငံမှ သစ်သီးများ ဝယ်ယူတင်သွင်းမှု မြင့်တက်သွားကြောင်း ဗီယက်နမ်အကောက်ခွန်ဌာန၏ ပြောကြားချက်အရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သော်လည်း သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များကို ပြည်ပမှ ဝယ်ယူတင်သွင်းမှုမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၂၅ သန်းဖိုးခန့်ရှိသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ပမှ ဝယ်ယူတင်သွင်းခဲ့ပြီး အဆိုပါပမာဏသည် ၂၀၁၅ ခုနှစ်က အဆိုပါအမယ်များ ပြည်ပမှ ဝယ်ယူတင်သွင်းမှုထက် ၅၀ ရာခိုင်နှုန်းနီးပါးမြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ဗီယက်နမ်နိုင်ငံ၏ ပြည်ပမှ အဓိကတင်သွင်းလျက်ရှိသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များမှာ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ကီဝီသီး၊ ချယ်ရီသီး၊ သရက်သီး၊ ဩဇာသီး၊မန်ကျည်းသီး၊ဂေါ်ဖီ၊ ဆလပ်နှင့် အာလူးတို့ဖြစ်ကြောင်း ဗီယက်နမ် အကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

**စန္ဒာထွန်း** (TTI)

အိန္ဒိယ ပဲဈေးကွက်၏ ရက်သတ္တပတ် အခြေအနေကို မတ် ၁၃ ရက်က ထုတ်ပြန်သော အဂရိဝပ်ခ်၏ Pulses Weekly Report အစီရင်ခံစာတွင် ဖော်ပြထားသည်။ အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံ ထုတ်လုပ်မှု ခန့်မှန်းခြေ၊ ပြည်ပမှ ပဲမျိုးစုံကို အိန္ဒိယနိုင်ငံ အတွင်းသို့ ကုန်သေတ္တာများဖြင့် တင်သွင်းမှု အခြေအနေနှင့် ပဲမျိုးစုံဈေးနှုန်း အလားအလာများကို ဖော်ပြထားသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှု ခန့်မှန်းချက် အခြေအနေနှင့် အိန္ဒိယဆိပ်ကမ်းများသို့ ပဲမျိုးစုံ ကုန်သေတ္တာ ဝင်ရောက်မှု အခြေအနေများနှင့် ပတ်သက်သောကိန်းဂဏန်းများမှာမူ ယခင်သီတင်းပတ်က အခြေအနေများအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ယခုရက်သတ္တပတ် အစီရင်ခံစာတွင် ပဲမျိုးစုံဈေးနှုန်းပြောင်းလဲမှု အခြေအနေများကိုသာ တွေ့ရသည်။

**ပဲမျိုးစုံဈေးနှုန်းအခြေအနေ**

အိန္ဒိယအစိုးရသည် သွင်းကုန်ခွန်ကို သတ်မှတ်ပြဋ္ဌာန်းရန် စဉ်းစားလျက်ရှိရာ မတ်လအကုန်တွင် သွင်းကုန်ခွန်ကို ကြေညာနိုင်လိမ့်မည်ဟု ခန့်မှန်းကြသည်။ အကယ်၍ သွင်းကုန်ခွန်ကို သတ်မှတ်ပြဋ္ဌာန်းမည်ဆိုပါက ပဲဈေးနှုန်းများမှာ လက်ရှိဖြစ်ပေါ်နေသော ဈေးနှုန်းမှ တစ်ကွင်တယ်ကို ရူပီး ၃၀၀ မှ ၄၀၀ အထိ ထပ်မံမြင့်တက်မည်ဟု ခန့်မှန်းသည်။ အကယ်၍ သွင်းကုန်ခွန်ကို အနိမ့်ဆုံးဈေးနှုန်း (MSP) အောက်ဈေးနှုန်းကျဆင်းနေသော ပဲများကို ရွေးပြီးပြဋ္ဌာန်းပေးမည်ဆိုပါက ထိုသို့ ပြဋ္ဌာန်းပေးလိုက်သော ပဲမျိုးစုံဈေးနှုန်းများအတွက် ဈေးပိုမိုရရှိရန် အထောက်အကူ ဖြစ်စေနိုင်ပါသည်။ အဂရီဝပ်ချ် ကမူ ပဲမျိုးစုံဈေးနှုန်းများသည် ယခုလအကုန်တွင် တည်ငြိမ်သွားလိမ့်မည်ဟု ခန့်မှန်းထားသည်။ ပဲမျိုးစုံဈေးနှုန်းကို ခြုံငုံသုံးသပ်မည်ဆိုပါက ရေတိုတွင် ဈေးနှုန်းများ ပုံမှန်အနေအထားအတိုင်းရှိနေရာမှ အနည်းငယ် ကျဆင်းမည်ဟု ခန့်မှန်းသည်။

မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံနီ အဖွင့်ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၄၂၅၀ မှ ရူပီး ၄၃၀၀ အထိ ရှိသည့်အတွက် ဈေးအနည်းငယ် ပြန်မာလာသည်ကို တွေ့ရသည်။ သို့သော် လည်း ပဲစင်းငုံဈေးမှာ ဆက်လက်မြင့်တက်မည့် အလားအလာကို မတွေ့ရပေ။ မတ်ပဲ FAQ ဈေးက တစ်ကွင်တယ်ကို ရူပီး ၅၉၅၀ နှုန်းနှင့် SQ က တစ်ကွင်တယ်ကို ရူပီး ၆၃၀၀ နှုန်း ရှိသည်။ ပြည်ပမှ တင်သွင်းလာသော ကုလားပဲများအနက် မွမ်ဘိုင်းဈေးကွက်ရှိ ကုလားပဲဈေးမှာ ရူပီး ၁၀၀ မြင့်တက်ပြီး တစ်ကွင်တယ်ကို ရူပီး ၅၁၀၀ နှုန်းရှိသော်လည်း ဆက်လက်မြင့် တက်မည့် အလားအလာကို မတွေ့ရပေ။ မတ်လကုန်ပြီးနောက်ပိုင်းတွင် ကုလားပဲ တစ် ကွင်တယ်ကို ရူပီး ၄၇၀၀ အထိ ကျဆင်းနိုင်သည်။ မန္တရာ ဈေးကွက်တွင်မူ တစ်ကွင်တယ် ကို ရူပီး ၅၁၀၀ နှုန်းရှိသည်။ တန်ဇန်နီးယား ကုလားပဲဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ ရှိသည်။ ကနေဒါ ပဲနီလေး ဈေးမှာ တစ်ကွင် တယ်ကို ရူပီး ၄၀၀၀ နှုန်းရှိပြီး ဩစတြေးလျ ပဲနီလေး တစ်ကွယ်တယ်ကို ရူပီး ၄၁၀၀ နှုန်းရှိသည်။ ပဲနီလေး အထွက်ကောင်းမည့် အလားအလာရှိနေသည့်အတွက် ပဲနီလေးဈေးကို ထိခိုက်နိုင်ဖွယ်ရှိသည်။

မြန်မာ ပဲစင်းငုံနီဈေးကို CIF တန်ဖိုးဖြင့်တွက်ချက်ပါက တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၁၀ ရှိသည့်အတွက် ယခင်ရက်သတ္တပတ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃၀ ပိုမိုမြင့်တက်သည်။ မြန်မာ မတ်ပဲ FAQ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၈၅ နှင့်SQ တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၃၀၊ ပဲတီစိမ်း Pedisheva က တစ်တန်ကို အမေရိကန် ဒေါ်လာ ၉၇၅ နှင့် ပဲတီစိမ်း Pakakois က တစ်တန် ကို အမေရိကန်ဒေါ်လာ ၇၃၀ နှုန်းရှိသည်။ မြန်မာနိုင်ငံတွင် ပဲမျိုးစုံ CNF ဈေးက လာမည့်လများတွင် ပုံမှန်အတိုင်း ရှိနေနိုင်သည်။

**အပြည်ပြည်ဆိုင်ရာ ပဲမျိုးစုံဈေးကွက်**

ပဲသစ်ဈေးများက မက်လောက်အောင် ဆွဲဆောင်မှုမရှိသည့်အတွက် ကနေဒါပဲစိုက်တောင်သူတို့၏ စိုက်ဧရိယာသည် ၂၀၁၇ ခုနှစ်တွင် ကျဆင်းနိုင်သည်။ အထူးသဖြင့် စား တော်ပဲနှင့် ပဲနီလေး စိုက်ပျိုးဧရိယာသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်းနှင့် ၃၃ ရာခိုင်နှုန်း အသီးသီး ကျဆင်းနိုင်သည်။ သို့ဖြစ်ရာ ပဲနီလေး ထုတ်လုပ်မှုလည်း ကျဆင်းနိုင်မည့် သဘောဖြစ်သည်။ သို့သော်လည်း ဤအခြေအနေကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဖြစ်ပေါ်နေသော ပဲဈေးနှုန်းကို ချက်ချင်း ဂယက်ရိုက်ခတ်ဦးမည် မဟုတ်ပါ။

ကနေဒါအနောက်ပိုင်းမှ ထွက်ရှိသော No.2 Laird ပဲနီလေးဈေးမှာ တစ်ပေါင်ကို ၅၆ ဆင့်ရှိသည်။ ပဲသစ်များ၏ ပေါက်ဈေးမှာ တစ် ပေါင်ကို ၃၆ ဆင့်မှ ၃၇ ဆင့်အကြားရှိသည်။ ကုလားပဲ တစ်ပေါင်ကို ၄၇ ဆင့်နှုန်းရှိသည်။

ကနေဒါသီးနှံ ကော်မရှင်၏ နောက်ဆုံး ထုတ်ပြန်ချက်အရ ကနေဒါနိုင်ငံသည် ၂၀၁၇ ခု ဖေဖော်ဝါရီ ၂၆ ရက်တွင် ကုန်ဆုံးသောရက်သတ္တပတ်အတွင်းက စားတော်ပဲ တင်ပို့မှုမှာ တန်ချိန် ၄၃၀၀၀ ရှိခဲ့သည်။ နှစ်စမှ ယခုအချိန်အထိ စုစုပေါင်း တင်ပို့မှုမှာ တန်ချိန် ၂၁ ဒသမ ၉ သိန်းရှိခဲ့ရာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက တန်ချိန် ၄ ဒသမ ၄ သိန်းပိုမိုခဲ့သည်။ လယ် သမားများ၏ ထုတ်လုပ်မှုမှာ ယခင်နှစ်က တန်ချိန် ၂၀ ဒသမ ၆ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၂၈ ဒသမ ၅ သိန်းရှိခဲ့သည်။



## အိန္ဒိယနိုင်ငံ၏ ဟင်းရွက်ဆီတင်သွင်းမှု ဖေဖော်ဝါရီတွင် ၁၇ ရာခိုင်နှုန်း မြင့်တက်

အိန္ဒိယနိုင်ငံ၏ ဟင်းရွက်ဆီတင်သွင်းမှုမှာ ဖေဖော်ဝါရီတွင် ၁၂၇၀၄၄၃ တန်ရှိခဲ့ကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။ ဖေဖော်ဝါရီတင်သွင်းမှုကို ယခင်နှစ် ကာလတူက တင်သွင်းမှုဖြစ်သော ၁၀၈၂၀၀၉ တန်နှင့်နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ကြောင်း ဆီထုတ်လုပ်သူများအသင်းမှ နောက်ဆုံးရရှိသော ကိန်းဂဏန်းများအရ သိရ သည်။

သို့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်ဆီထုတ်လုပ်မှုရာသီ (နိုဝင်ဘာ ၁၆ မှ ဖေဖော်ဝါရီ ၁၇) ပထမလေးလအတွင်း ဟင်းရွက်ဆီစုစုပေါင်း တင်သွင်းမှုမှာ ၄၆၈၀၄၅၁ တန်ရှိခဲ့ရာ ယခင်နှစ်ကာလတူကရှိခဲ့သော တန်ချိန် ၅၀၉၈၄၀၀ နှင့် နှိုင်းယှဉ်ပါက ၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဟင်းရွက်ဆီ တင်သွင်းမှုကျဆင်းရခြင်းမှာ မိုးရာသီဆီထွက်သီးနှံများ အထွက်ကောင်းခဲ့သောကြောင့်ဖြစ်သည်။ ထို့အတူ ငွေစက္ကူများတရားမဝင် ကြေညာချက်ကြောင့် သီးနှံနှစ်ပထမသုံးလပတ်တွင် စားသုံးသူတို့၏ ငွေကြေးသုံးစွဲမှုကို ကျဆင်းစေခဲ့ကြောင်း အသင်းကပြောသည်။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်ပမှစားသုံးဆီတင်သွင်းမှု မြင့်တက် ခဲ့သည့်အတွက် စုစုပေါင်းဆီသိုလှောင် လက်ကျန်မှာ ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီတွင် တန်ချိန် ၁၉၆၅၀၀၀ ရှိခဲ့သည့်အတွက် ယခင်နှစ်ကာလတူတင်သွင်းခဲ့သော တန်ချိန် ၁၇၃၀၀၀၀ ထက် ပိုမိုမြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံ၏ လစဉ်စားသုံးမှု လိုအပ်ချက်မှာ တစ်လကိုတန်ချိန် ၁၆၅၀၀၀၀ ရှိပြီး လောလောဆယ် သိုလှောင်မှုလက်ကျန်မှာ တန်ချိန် ၁၆၉၅၀၀၀ ရှိသည်။

## တမီနာဒူးပြည်နယ်၏ သီးနှံထုတ်လုပ်မှု ရည်မှန်းချက်ကို ၃၂ ရာခိုင်နှုန်းလျှော့ချ

ပြည်နယ်၏ အစားအစာသီးနှံ ထုတ်လုပ်မှု ရည်မှန်းချက်ကို တမီနာဒူးပြည်နယ်အစိုးရက တန်ချိန် ၁၀ သန်းအထိ လျှော့ချခန့်မှန်းခဲ့ရာ ယခုဘဏ္ဍာနှစ်အတွက် လျာထားသော ရည်မှန်းချက်အောက် ၃၂ ရာခိုင်နှုန်း လျော့ကျသွားကြောင်း ကွန်မိုဒီတီအွန်လိုင်းသတင်းတွင် ဖော်ပြသည်။

ယခုကဲ့သို့ လျှော့ချခန့်မှန်းရခြင်းမှာ ပြည်နယ်အတွင်း၌ မိုးခေါင်ခြောက်သွေ့မှု ကြုံရပြီးနောက် တောင်သူများမှာ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည့်အတွက်ဖြစ်သည်။ ရာသီဥတု အခြေအနေ ပြောင်းလဲလာမှုကို အကြောင်းပြု၍ ပြည်နယ်အစိုးရသည် ခြောက်သွေ့လယ်ယာမြေများအား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးအတွက် မစ်ရှင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ရသည်။ မစ်ရှင်အဖွဲ့သည် ခြောက်သွေ့သော လယ်ယာများနှင့် သင့်တော်မည့် လူးဆပ်စသည့် နှံစားသီးနှံများ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ဝါဂွမ်းတို့ကို စိုက်ပျိုးနိုင်ရေးအတွက် သီးနှံမျိုးစေ့များ ထောက်ပံ့ရေးနှင့် ထွန်ယက်စိုက်ပျိုးမှု ထောက်ပံ့ကြေးပေးရေး စသည့် လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်သည်။

ပြည်နယ်အတွင်း၌ ကြံစိုက်ပျိုးမြေဧရိယာ ကျဆင်းလျက်ရှိသဖြင့် ထုတ်လုပ်မှုကို မြင့်တင်နိုင်ရန် အစက်ချရေသွင်း စိုက်ပျိုးရေးစနစ်ကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်နယ်အစိုးရသည် ကြံစိုက်ပျိုးဧရိယာ ဧက ၃၅၀၀၀ ကို အစက်ချရေသွင်းစိုက်ပျိုးရေးနည်းစနစ်ကို အသုံးချကာ စိုက်ဧရိယာ ဧက ၄၀၀၀၀ အထိ တိုးချဲ့သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## ပဲမျိုးစုံ အရန်သိုလှောင်မှုအဖြစ် အိန္ဒိယအစိုးရ၏ ဝယ်ယူဖြည့်တင်းမှု တန်ချိန် တစ်သန်းကျော်ရောက်ရှိ

အိန္ဒိယအစိုးရက ပဲမျိုးစုံ ကြားခံ အရန်သိုလှောင်မှုအဖြစ် တန်ချိန် နှစ်သန်း ဝယ်ယူရန် လျာထားဆောင်ရွက်လျက်ရှိသည့်အနက် အစိုးရဝယ်ယူဖြည့်တင်း ရေးအေဂျင်စီအသီးသီးက ဝယ်ယူဖြည့် တင်းပြီးဖြစ်သည့် ပမာဏမှာ ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၄၇ သန်းရှိပြီဖြစ်ကြောင်း ကွန်မိုဒီတီသတင်းတွင် ဖော်ပြသည်။

အရန်သိုလှောင်မှုအဖြစ် ပြည်ပမှ တင်သွင်းရန် ပဲမျိုးစုံ တန်ချိန် သုည ဒသမ ၄ သန်းကို အစိုးရက စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။

သီးနှံရာသီတစ်လျှောက်လုံး ပဲမျိုးစုံ ဈေးနှုန်းမှာ အတက်အကျများပြီး မတည်မငြိမ်ဖြစ်နေသည့်အတွက် ဈေးနှုန်း တည်ငြိမ်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (PSFMC) က ပြည်တွင်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ပြီး ပဲတင်သွင်းမည့် တင်ဒါကို အတည်ပြုပေးခဲ့သည်။ အကယ်၍ တင်ဒါဈေးမှာ ပြည်တွင်း ဈေးနှုန်းများထက် သက်သာပါက ယေဘုယျအားဖြင့် အတည်ပြုပေးလေ့ရှိသည်။

သီးနှံအရန်ကြားခံသိုလှောင်မှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်အတွက် ကြားခံသိုလှောင်မှု စီမံခန့်ခွဲရေး အေဂျင်စီ (Buffer Stock Management Agency) ကို အစိုးရက တာဝန် ပေးထားသည်။ အေဂျင်စီ၏ တာဝန်မှာ ဝယ်ယူဖြည့်တင်းရေး၊ သိုလှောင်ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် အစိုးရ၏ ဦးဆောင်မှုနှင့်အညီ သိုလှောင်မှု လုပ်ငန်းများ ဖျက်သိမ်းရေး လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရန်ဖြစ်သည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

Vol: 17, No.12 Monday March 20 2017

# အမေရိကန်ပြည်ထောင်စုမှ ရေနံတွင်းတူးစင်များ တိုးချဲ့မှုကြောင့် ရေနံဈေးနှုန်းများ သုံးလအတွင်း အနိမ့်ဆုံးနှုန်းသို့ကျဆင်း

ရေနံတင်ပို့သော နိုင်ငံများအဖွဲ့ (အိုပက်) က ရေနံထုတ်လုပ်မှုကို လျှော့ချရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိနေသော်လည်း အမေရိကန်ပြည်ထောင်စုမှ ရေနံတူးဖော်သူများက ရေနံတွင်းတူးစင်များကို တိုးချဲ့ ဆောင်ရွက်နေသဖြင့် မတ် ၁၃ ရက်က ရေနံဈေးနှုန်း များ ပြန်လည်ကျဆင်းခဲ့ရာ သုံးလအတွင်း အနိမ့်ဆုံး နှုန်းသို့ ရောက်ရှိခဲ့သည်။

ဘရင့် ရေနံစိမ်းဈေးနှုန်းမှာ မတ် ၁၂ ရက်က တစ်စည်ကို အမေရိကန် ဒေါ်လာ ၅၁ ဒသမ ၃၇ ရှိခဲ့ရာမှ နောက်တစ်နေ့နံနက်တွင် တစ်စည်ကို အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၉၅ နှုန်းရှိခဲ့ရာ နိုဝင်ဘာ ၃၀ ရက်နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်။ အနောက် တက္ကဆပ် ရေနံစိမ်း (WTI) ဈေးမှာ ၁ ဒသမ ၀၃ ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်ကို အမေရိကန် ဒေါ်လာ ၄၇ ဒသမ ၉၉ ဒေါ်လာနှုန်းရှိခဲ့ရာ နိုဝင်ဘာ ၂၉ ရက်နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်သည်။

အိုပက်အဖွဲ့ဝင် နိုင်ငံများက ရေနံစိမ်းထုတ်လုပ်မှုလျှော့ချရန် ယခင်နှစ် နှောင်းပိုင်းက သဘောတူညီခဲ့ပြီးနောက်ပိုင်း ရေနံစိမ်းဈေးနှုန်းများ ပြန်လည်မြင့်တက်ခဲ့သည်ကို အခွင့်ကောင်းယူပြီး အမေရိကန် စွမ်းအင်ကုမ္ပဏီများက ရက်သတ္တပတ် ရှစ်ပတ်မြောက်အဖြစ် ရေနံတူးစင်များကို ဆက်တိုက်တိုးချဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ် ပထမနှစ်ဝက်တွင် တစ်ရက်လျှင် ရေနံစည် ၁ ဒသမ ၈ သန်း လျှော့ချ၍ထုတ်လုပ်ရန် အိုပက်အဖွဲ့နှင့် ရုရှားနိုင်ငံအပါအဝင် အခြားသော ရေနံထုတ်လုပ်သည့်နိုင်ငံများက သဘောတူညီခဲ့ကြသည်။ ထိုသို့ထုတ်လုပ်မှုလျှော့ချရန် ဆုံးဖြတ်ပြီး နောက်ပိုင်း ကမ္ဘာတွင် ရေနံထုတ်လုပ်မှုအများဆုံးဖြစ်သော



အမေရိကန်နိုင်ငံ၏ ရေနံစိမ်းသိုလှောင်လက်ကျန်မှာ စည် ၈ ဒသမ ၂သန်းအထိ ရောက်ရှိခဲ့သည်။

ရေနံစိမ်းဈေးကွက်များတွင် သိုလှောင်လက် ကျန်မြင့်တက်လာသည့်အတွက် ဈေးနှုန်းအပေါ်တွင် ဖိအားပေးမှုများ ရှိနေကြောင်း ANZ ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

သို့သော်လည်း လက်ရှိဈေးနှုန်း အတိုင်းသွားပါက အမေရိကန်ပြည်ထောင်စုတွင် ဆောင်ရွက်လျက်ရှိသော နှုန်းကျော်မှ ရေနံထုတ်လုပ်မှုကို တွက်ခြေကိုက်အောင် အထောက်အပံ့ဖြစ်စေနိုင်ပြီး နှုန်းကျော်မှ ရေနံဆက်လက် ထုတ်လုပ်ပါက ရေနံဈေးနှုန်းမြင့်တက်မှုကို အဟန့် အတား ဖြစ်စေနိုင်သည်။ သို့ဖြစ်ရာ ရေနံစိမ်းဈေးနှုန်း အခြေအနေမှာ ကမောက်ကမ ဖြစ်နိုင်ကြောင်း Fortress Capital ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် သောမတ်ယန်က ပြောသည်။

## အင်ဒိုနီးရှားနိုင်ငံ အိန္ဒရာမာယုတွင်ဆန်စပါး စင်တာတစ်ခု ထူထောင်မည်



အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်းမှ ဓာတ်မြေဩဇာကုမ္ပဏီတစ်ခုဖြစ်သည့် PT Pupuk Indonesia က ဆန်စပါးစင်တာ တစ်ခုကို တည်ထောင်ရန် စီစဉ်လျက်ရှိပြီး ထိုစင်တာက လယ်သမားများအား ကျွမ်းကျင်မှုနှင့် အသိပညာများ တိုးတက်အောင် စီစဉ်ပေးမည့်အပြင် အနောက် ဂျာဗားဒေသရှိ အိန္ဒရာမာယုဒေသမှ စိုက်ပျိုးထွက်ရှိသော ဆန်များ၏ အရည် အသွေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းတွင် ဖော်ပြသည်။

"အိန္ဒရာမာယုဒေသက အင်ဒိုနီးရှားနိုင်ငံမှာ ဆန်စပါးအဓိက ထုတ်လုပ်တဲ့ဒေသဖြစ်ပြီး ဆန်စပါးစင်တာထူထောင်ဖို့အတွက် အကောင်းဆုံးနေရာတစ်နေရာဖြစ်ပါတယ်"ဟု PT Pupuk Indonesia ကုမ္ပဏီ၏ ဥက္ကဋ္ဌ Aas Asikin ကပြောကြောင်း ထရီဗြွန်းနယူးစ်သတင်းတွင် မတ် ၁၃ ရက်က ဖော်ပြသည်။

စင်တာတည်ထောင်ရေးနှင့်သက်ဆိုင်သော မြေပြင်ရှင်းလင်းခြင်းလုပ်ငန်းကို မတ် ၁၀ ရက်က အိန္ဒရာမာယုရှိ မွန်ဒူးကျေးရွာတွင် ကျင်းပခဲ့ရာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများရေးရာဝန်ကြီး ရီနီစိုးမာနိုလည်း တက်ရောက်ခဲ့သည်။ ဆန်စပါးစင်တာကို PT Pupuk Indonesia၏ ထောက်ပံ့ခံကုမ္ပဏီတစ်ခုဖြစ်သော PT Pupuk Panfan က စီမံခန့်ခွဲသွားမည်ဖြစ်သည်။

ဆန်စပါးစင်တာတွင် လယ်ယာ စိုက်ပျိုးရေးသိုလှောင်ရုံ၊ ဆန်စိုက်ပျိုးရေး ယူနစ်နှင့် ဆန်စပါးကြိတ်ခွဲရေးစက်ရုံဟူ၍ အဓိကအစိတ်အပိုင်းသုံးပိုင်းပါဝင်ကြောင်း Aas ကပြောသည်။

လယ်ယာစိုက်ပျိုးရေးသိုလှောင်ရုံ တွင် ဆန်စပါး၊ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများကို သိုလှောင်ထားမည်။ ဆန်စပါးစိုက်ပျိုးရေး ယူနစ်တွင် နည်း ပညာဆိုင်ရာ လမ်းညွှန်မှုများနှင့် ဓာတ် မြေဩဇာ၊ မျိုးစေ့နှင့်ပိုးသတ်ဆေးတို့ အသုံးပြုပြီး လယ်ယာလုပ်ငန်းများမှ ထုတ်လုပ်မှု တိုးတက်ကောင်းမွန်စေရန် လယ် သမားကို အကူအညီပေးသွားမည် ဖြစ်သည်။

တစ်ချိန်တည်းတွင် ဆန်စပါးကြိတ် ခွဲရေးယူနစ်က လယ်သမားများ စိုက်ပျိုးထုတ်လုပ်လိုက်သော စပါးများကို စီမံခန့်ခွဲပြီး အရည်အသွေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးသည်။

"ခေတ်မီနည်းပညာကို အသုံးပြုတဲ့အတွက် အရည်အသွေးမြင့်ဆန်တွေ ရရှိနိုင်ပါတယ် "ဟု Aas ကပြော သည်။

ကနဦးတွင် ဆန်စက်များ၏ ထုတ်လုပ်မှုစွမ်းအားမှာ တစ်နာရီကို လေးတန်နှုန်းရှိပြီး နောက်ပိုင်းတွင် ၁၂တန်အထိ တိုးတက်ထုတ်လုပ်သွားမည်ဖြစ်သည်။

## ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက စင်ကာပူရှိ စီးပွားရေးအခွင့်အလမ်းများကို ရှာဖွေ

စင်ကာပူနိုင်ငံတွင် မတ် ၁၀ ရက်က စီးပွားရေး ကွန်ဖရင့်တစ်ခုကို ကျင်းပခဲ့ရာ ဗီယက်နမ် နိုင်ငံမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) ရှင်ပေါင်း ၁၁၀ ခန့်တက်ရောက်ခဲ့ပြီး စင်ကာပူဈေးကွက်ရှိ စီးပွားရေး အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရှာဖွေခဲ့ကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် မတ် ၁၃ ရက်က ဖော်ပြသည်။

အစည်းအဝေးကို ဗီယက်နမ်-စင်ကာပူ မိတ်ဆွေဖြစ်အသင်း၊ စင်ကာပူရှိဗီယက်နမ်သံရုံးနှင့် ဗီယက်နမ်အက်စ်အမ်အီးအသင်း လက်အောက်ခံ ဗီယက်နမ် စွန့်ဦးတီထွင်သူများကလပ်တို့ ပူးတွဲပြီး ကျင်းပခြင်းဖြစ်သည်။

ပင်လယ်ရပ်ခြားတွင် ဖြစ်ပေါ်နေသော အခွင့်အလမ်းများကို အရယူနိုင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ယခုကွန်ဖရင့်တွင် ဗီယက်နမ်အက်စ်အမ်အီးတို့ပါဝင်လာခြင်းကို စင်ကာပူနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး ငုယင်တီအင်မင်းက ကွန်ဖရင့်တွင် အလေးပေးပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံမှတစ်ဆင့် ဗီယက်နမ် စီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းနှင့် ကမ္ဘာ့ ဈေးကွက်အတွင်းသို့ ဝင်ရောက်ကာ ကောင်းမွန်စွာရောင်းဝယ်ဖောက်ကားနိုင်မည်ဖြစ်ပြီး အထူးသဖြင့် စင်ကာပူနှင့် ဗီယက်နမ်တို့ သည် ကုန်သွယ်ဖက်အဖြစ် ပူးပေါင်းကာ ဥရောပဈေးကွက်ကို ထူးထူးကဲကဲ ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း မင်းကပြောသည်။

နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးသည် လွန်ခဲ့သောနှစ်များအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့ရာ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် စီးပွားရေး၊ ကာကွယ်ရေး၊ ပညာရေး၊ လေ့ကျင့်ရေးနှင့် နိုင်ငံသား အချင်းချင်း အပြန်အလှန်ဖလှယ်ရေး စသည့်ကဏ္ဍများ ပါဝင်လာခဲ့သည်။

စင်ကာပူနိုင်ငံသည် ဗီယက်နမ်နိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများအနက် တတိယအများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်ပြီး အာဆီယံ ရင်းနှီးမြှုပ်နှံသူများအနက် အများဆုံးရင်းနှီးမြှုပ်နှံသော နိုင်ငံဖြစ်သည်။ ဗီယက်နမ်နိုင်ငံတွင်ရှိသော ရင်းနှီးမြှုပ်နှံမှုစီမံကိန်းပေါင်း ၁၆၀၀ တွင် စင်ကာပူနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၈ ဘီလီယံရှိသည်။ ရင်းနှီးမြှုပ်နှံသောနယ် ပယ်များတွင် ဆင့်တက်ပြုပြင်ရေး၊ နည်းပညာ၊ ကုန်ထုတ်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းတို့အပြင် ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်ထောက်ပံ့ ပို့ဆောင်ရေးလုပ်ငန်းများ ပါဝင်သည်။ ထို့ပြင် စင်ကာပူနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်ဖက် နိုင်ငံများအနက် အမှတ် ၁၂ နေရာတွင်ရှိသည်။ နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှုမှာ လွန်ခဲ့သောဆယ်စုနှစ်အတွင်း နှစ်ဆပိုမိုပြီး ၂၀၁၆ ခုနှစ်က အမေရိကန် ဒေါ်လာ ၁၆ ဘီလီယံထိရောက်ရှိခဲ့သည်။

# တီပီပီ အစည်းအဝေးတွင် ပြတ်သားသော ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်းမရှိ

ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Tran-Pacific Partnership) အဖွဲ့ဝင် ၁၂ နိုင်ငံ၊ အပါအဝင် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ချီလီနိုင်ငံတွင် မတ် ၁၄ ရက်နှင့် ၁၅ ရက်က ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့သော်လည်း ကုန်သွယ်မှုသဘောတူစာချုပ်သစ် ချုပ်ဆိုနိုင်ရေးအတွက် ခိုင်မာသော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခြင်းမရှိသေးကြောင်း ယာဟူးသတင်းတွင် ဖော်ပြသည်။

ဇန်နဝါရီလအတွင်းက သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ်မှ အမေရိကန်နိုင်ငံ နုတ်ထွက်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ကြေညာခဲ့ပြီးနောက်ပိုင်း ကမ္ဘာ့စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု(ဂျီဒီပီ)၏ ၄၀ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိသော TPP သဘောတူစာချုပ်အဖွဲ့ကို များစွာထိခိုက်စေခဲ့သည်။ မူလသဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ချီလီနိုင်ငံသည် TPP အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကို ဖိတ်ကြားပြီး ပစိဖိတ်ကမ်းခြေဒေသရှိမြို့ တစ်မြို့ဖြစ်သော Vina del Mar တွင် အစည်းအဝေး ကျင်းပကာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးခဲ့သည်။

သို့သော်လည်း ယခုအစည်းအဝေးမှာ မရေမရာဖြစ်နေသော ခရီးရှည်ကြီး၏ အစမှသာ ရှိသေးကြောင်း တက်ရောက်လာသော ကိုယ်စားလှယ်များကပြောသည်။ စာချုပ်ဝင်နိုင်ငံများသည် လာမည့် လအနည်းငယ်အတွင်း ရှေ့ဆက်လျှောက်ရမည့် လမ်းကြောင်းကို သတ်မှတ်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း နယူးဇီလန်ကုန်သွယ်ရေးဝန်ကြီး တော့မက်ကလေးက ပြောသည်။

အမေရိကန်ပြည်ထောင်စု အနေဖြင့် အဆိုပါအစည်းအဝေးသို့ ချီလီနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကိုသာ တက်ရောက်စေခဲ့ပြီး တရုတ်နိုင်ငံကမူလက်တင်အမေရိကဆိုင်ရာ အထူးသံတမန် ယင်ဟန်းမင်ကို တက်ရောက်စေခဲ့သည်။

အစည်းအဝေး၏ တရားဝင်အမည်မှာ 'အာရှ ပစိဖိတ်ဒေသ ပေါင်းစည်းရေး အဆင့်မြင့် ဆွေးနွေးပွဲ'ဟု အမည်ပေးထားပြီး ယခုဆွေးနွေးပွဲမှာ TPP ကိစ္စကိုသာမက အခြားကိစ္စများကိုပါ ဆွေးနွေးသော အစည်းအဝေးဖြစ်ကြောင်း တရုတ်နိုင်ငံနှင့် ချီလီနိုင်ငံ နှစ်နိုင်ငံစလုံးက အလေးပေးပြောကြားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံများမှ ရှစ်နှစ်ကိုးနှစ်ခန့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်သဖြင့် တစ်ဦးအကြောင်း တစ်ဦးက ကောင်းစွာ သိထားပြီးဖြစ်ကြောင်း မက်ကလေးက ပြောသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

စက်မှုထွန်းကားပြီး နိုင်ငံများနှင့် ထွန်းသစ်စနိုင်ငံများပါဝင်သော ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပမည်ဖြစ်ရာ အဆိုပါ အစည်းအဝေးတွင် အမေရိကန် ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်က အခြားနိုင်ငံများ၏ ငွေကြေးတန်ဖိုးမြင့်တက်လာအောင် ဖိအားပေးလိမ့်မည်ဟု အများစုက ခန့်မှန်းကြသည်။ သို့ဖြစ်ရာ အာရှဒေသရှိ ရင်းနှီးမြှုပ်နှံသူတို့က မတ် ၁၇ ရက်တွင် အရောင်းအဝယ်လုပ်ရာ၌ သတိထား ဆောင်ရွက်လာကြသည်။

အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် အခြားနိုင်ငံများ၏ ငွေကြေးများကို တန်ဖိုးမြှင့်တင်ပေးဖို့ ဖိအားပေးလာပါက တရုတ်နှင့် ဂျပန်တို့ကမည်သို့ တုံ့ပြန်လာမည်ကို ကုန်သည်တို့က စောင့်ကြည့်လေ့လာနေကြောင်း ANZ ဘဏ်မှ အာရှဒေသဆိုင်ရာ သုတေသနဌာန အကြီးအကဲ ခွန်းဂို့ကပြောသည်။

အင်္ဂလန်ဗဟိုဘဏ်က အတိုးနှုန်းများကို မြှင့်တင်ပေးမည့် လက္ခဏာများကို ပြသလာပြီး တရုတ်နိုင်ငံ ဗဟိုဘဏ်ကမူ ရေတိုချေးငွေအတိုး နှုန်းများကို မြှင့်တင်ပေးလာသည်ကို တွေ့ရသည်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးရန် ဆုံးဖြတ်ချက်ကြောင့် ယွမ်ငွေကြေးအပေါ် ကျရောက်နေသော ဖိအားပေးမှုများကို သက်သာရာ ရစေခဲ့သော်လည်း မတ် ၁၇ ရက်က အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယွမ်ငွေကြေးတန်ဖိုး အနည်းငယ်ကျဆင်းခဲ့သည်။

ဟောင်ကောင်တွင် ရောင်းချနေသော Offshore ယွမ်တန်ဖိုးမှာ သုညဒသမ ၁၁ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၇၇၃ ယွမ်နှုန်းရှိခဲ့သည်။ ရှန်ဟဲတွင် ရောင်းဝယ်သော Onshore ယွမ်တန်ဖိုးမှာ သုညဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၉၀၁၇ ယွမ်နှုန်းရှိခဲ့သည်။ တရုတ်ဗဟိုဘဏ်ကမူ ဗဟိုဘဏ်ဖလှယ်နှုန်းကို သုညဒသမ ၀၂ ရာခိုင်နှုန်း လျှော့ချပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၈၈၇၃ ယွမ်နှုန်းသတ်မှတ်ခဲ့သည်။

**အိန္ဒိယရူပီး**

ဘဏ်များနှင့် သွင်းကုန်လုပ်ငန်းရှင်များ၏ အမေရိကန်ဒေါ်လာ ဝယ်လိုအားမှာ ပိုမိုမြင့်တက်လာသည့် အတွက် မတ် ၁၇ ရက်က အမေရိကန် ဒေါ်လာနှင့် ဖလှယ်ရာတွင် ရူပီးတန်ဖိုးမှာ သုညဒသမ ၂၄ ရူပီးနှုန်းကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၆၅ ဒသမ ၆၅ ရူပီးနှုန်းရှိခဲ့သည်။

ပင်လယ်ရပ်ခြားစျေးကွက်တွင် အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးမြင့်တက်မှုက ရူပီးတန်ဖိုးမြင့်တက်မှုကို အဟန့်အတား ဖြစ်စေခဲ့သော်လည်း စတော့စျေးကွက်တွင် ပြည်တွင်းစတော့ရှယ်ယာများ မြင့်တက်မှုက ဂယက်ရိုက်ခတ်မှုကို သက်သာရာ ရစေခဲ့သည်။

**ဂျပန်ယန်း**

ဂျာမနီနိုင်ငံတွင် ဂျီ-၂၀ အစည်းအဝေးကို ကျင်းပတော့မည်ဖြစ်ရာ ထိုအစည်းအဝေး မတိုင်မီ ရင်းနှီးမြှုပ်နှံသူတို့က သတိထား၍ လုပ်ကိုင်ဆောင်ရွက်နေသည့်အတွက် ဂျပန်ယန်းငွေတန်ဖိုးသည် အတက်အကျ နည်းသည်ကို တွေ့ရသည်။ ဒေါ်လာနှင့် ယန်းဖလှယ်နှုန်းသည် မတ် ၁၆ ရက်ညနေပိုင်းက နယူးယောက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၃ ဒသမ ၃၀ ယန်းရှိခဲ့ရာမှ မတ် ၁၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၃ ဒသမ ၄၀ ယန်းနှုန်းရှိခဲ့သည့်အတွက် ဒေါ်လာတန်ဖိုးသည် သုညဒသမ ၀၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ မတ် ၂၀ ရက်တွင် အမျိုးသားနေ့ပိတ်ရက်အဖြစ် ဂျပန်နိုင်ငံရှိ ဘဏ္ဍာရေးစျေးကွက်နှင့် အစိုးရရုံးများကို ပိတ်ထားသည်။

**မလေးရှားရင်းဂစ်**

အမေရိကန်ဗဟိုဘဏ်က မတ် ၁၅ ရက်တွင် ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးလိုက်ပြီးနောက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံသူတို့က သတိထားဆောင်ရွက်လျက်ရှိသဖြင့် မတ် ၁၇ ရက်စျေးအဖွင့်တွင် ရင်းဂစ်တန်ဖိုးက ဒေါ်လာနှင့်ဖလှယ်ရာတွင် အနည်းငယ် ကျဆင်းခဲ့သည်။

ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းသည် မတ် ၁၆ ရက် စျေးပိတ်ချိန်က အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၅၃၀ ရင်းဂစ်နှုန်းရှိရာမှ မတ် ၁၇ ရက် နံနက် ၉ နာရီတွင် အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၄၅၆၀ ရင်းဂစ်နှုန်းရှိခဲ့သည်။

ပြည်တွင်းစျေးကွက်တွင် ဂျပန်ယန်း ငွေကြေးမှအပ အခြားသော ငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

**ကိုရီးယားဝမ်**

အမေရိကန် ဗဟိုဘဏ် အတိုးနှုန်းမြင့်တက်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုလျော့ကျလာခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့က တောင်ကိုရီးယားစတော့ရှယ်ယာများကို ပိုမိုဝယ်ယူခဲ့သည့်အတွက် မတ် ၁၇ ရက်က တောင်ကိုရီးယားရှယ်ယာစျေးနှုန်းများသည် ဒုတိယနေ့အဖြစ် ဆက်လက် မြင့်တက်ခဲ့သကဲ့သို့ ဒေါ်လာနှင့် ဖလှယ်ရာတွင် ဝမ်ငွေတန်ဖိုးလည်း မြင့်တက်ခဲ့သည်။

ဝမ်ငွေတန်ဖိုးသည် မတ် ၁၆ ရက်စျေးပိတ်ချိန်ကထက် ၁ ဒသမ ၁ ဝမ်နှုန်း မြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၃၀ ဒသမ ၉၀ ဝမ်နှုန်း ရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနမှ ပြုစုထားသော ကိန်းဂဏန်းများအရ ဘတ်ငွေတန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် မတ် ၁၆ ရက်က အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၉၃၄ ဘတ်နှုန်းရှိခဲ့ရာမှ မတ် ၁၇ ရက်တွင် အမေရိကန်တစ်ဒေါ်လာကို ၃၄ ဒသမ ၉၅၆ ဘတ်နှုန်းရှိခဲ့သဖြင့် ဘတ်ငွေတန်ဖိုး သုညဒသမ ၀၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

## ယွမ်တန်ဖိုးချပြီး ပို့ကုန်မြှင့်တင်ရန် စိတ်ကူးမရှိကြောင်း တရုတ်ဝန်ကြီးချုပ်ပြောကြား

ယွမ်တန်ဖိုးချလိုက်ခြင်းဖြင့် တရုတ်ကုမ္ပဏီများ၏ ပြုပြင်ပြောင်းလဲရေးကို ပါထိခိုက်နိုင်သည့်အတွက် ယွမ်တန်ဖိုးကိုချပြီး တရုတ်နိုင်ငံ၏ ပို့ကုန်ကို မြှင့်တင်ရန် စိတ်ကူးမရှိကြောင်း တရုတ်ဝန်ကြီးချုပ်လီခချန်းက မတ် ၁၅ ရက်က ပြောကြားခဲ့ရာ တရုတ်နိုင်ငံသည် ငွေကြေးစျေးကစားသူဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ် ထရမ့်၏ စွပ်စွဲချက်ကို ပယ်ဖျက်လိုက်ခြင်းဖြစ်ကြောင်း အိန္ဒိယအိပ်စပရက်သတင်းတွင် ဖော်ပြသည်။

ယခင်နှစ်က အပြည်ပြည်ဆိုင်ရာ ငွေကြေးစျေးကွက်များ မတည်မငြိမ်ဖြစ်ခဲ့ရာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာ၌ အဓိကငွေကြေးများ တန်ဖိုးကျဆင်းခဲ့ကြောင်း နှစ်ပတ်လည် သတင်းစာရှင်းလင်းပွဲတွင် လီကပြောသည်။ သို့သော် ပို့ကုန်ဝင်ငွေများ တိုးတက်ရရှိနိုင်ရေးအတွက် တရုတ်နိုင်ငံက ငွေကြေးစျေးကစားနေသည်ဟူသော စွပ်စွဲချက်ကို တိုက်ရိုက်ရည်ညွှန်းပြောကြားခြင်း မရှိခဲ့ပေ။

ယခင်နှစ်က ယွမ်ငွေကြေးတန်ဖိုးသည် ၆ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဤကျဆင်းမှုမှာ ကြီးမားသော ကျဆင်းမှုနှုန်းမဟုတ်ကြောင်း လီကပြောသည်။ နိုင်ငံခြားငွေ ဖလှယ်နှုန်း သတ်မှတ်ရေး ယန္တရားကို ပြုပြင်ပြောင်းလဲရန် တရုတ်နိုင်ငံက ဆက်လက်ပြီး တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စျေးကွက်၏ ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် မူတည်၍ ကြီးကြပ်မှုရှိသော ငွေကြေးဖလှယ်ရေးနှုန်းရှင်စနစ် (Managed Floating Exchange )ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်းလည်း သူကပြောသည်။

ဝန်ကြီးချုပ်၏ ဝေဖန်ပြောကြားချက်မှာ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ထရမ့်တို့၏ ထိပ်သီး ဆွေးနွေးပွဲမတိုင်မီ ပြောကြားခဲ့ခြင်းဖြစ်သည်။ သမ္မတနှစ်ဦး၏ ထိပ်သီးအစည်းအဝေးကို လာမည့်လတွင် ဖလော်ရီဒါပြည်နယ်၌ ကျင်းပမည်ဖြစ်သည်။

## စီးပွားရေးတိုးတက်မှုကြောင့် မတ်လအစည်းအဝေးတွင် အမေရိကန်ဗဟိုဘဏ် အတိုးနှုန်းမြှင့်တင်



အမေရိကန်စီးပွားရေးသည် တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဟူသော ယုံကြည်မှုကြောင့် အမေရိကန်ဗဟိုဘဏ်က အခြေခံ စံထား အတိုးနှုန်းကို မတ် ၁၅ ရက်က သုညဒသမ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ပေးလိုက်ကြောင်း ဒီအင်န်အေ အိန္ဒိယ သတင်းတွင် ဖော်ပြသည်။

ယခုကဲ့သို့ အတိုးနှုန်းမြှင့်တင်လိုက်ခြင်းမှာ သုံးလပတ်အတွင်း ဒုတိယအကြိမ်မြောက် တိုးမြှင့်ပေးလိုက်ခြင်းဖြစ်ပြီး ဘဏ္ဍာရေးစျေးကွက်များက မျှော်လင့်ထားသည့်အတိုင်း ဖြစ်ပေါ်လာခြင်း ဖြစ်ပေရာ အတိုးနှုန်းများကို ပုံမှန်အတိုင်း မြှင့်တင်ပေးမည့် အလားအလာရှိနေသည်။ သို့ဖြစ်ရာ ယခုကြေညာချက်အရ ၂၀၁၇ ခုနှစ်အတွင်း အတိုးနှုန်းကို နောက်ထပ်နှစ်ကြိမ် တိုးမြှင့်ပေးဦးမည့် သဘောရှိ နေသည်။

လွန်ခဲ့သော သုံးလပတ်ကာလများအတွင်း အမေရိကန်ပြည်ထောင်စု၏ ငွေကြေးဖောင်းပွမှုနှုန်းသည် အမေရိကန်ပြည်ထောင်စု လွတ်လပ်သော စျေးကွက် ကော်မတီက ခန့်မှန်းထားသည့် ရာခိုင်နှုန်းနီးပါး တိုးတက်မှုရှိခဲ့သည်။ ကာလလတ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် နှစ်ရာခိုင်နှုန်းဝန်းကျင်၌ တည်ငြိမ်နေမည်ဖြစ်ကြောင်း ကော်မတီက ခန့်မှန်းထားသည်။


အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးရန်အတွက် စဉ်းစားဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ အမြင့်ဆုံးအလုပ်အကိုင်ရရှိမှုနှင့် ငွေကြေးဖောင်းပွမှုနှုန်း နှစ်ရာခိုင်နှုန်းအထိ ရောက်ရှိရေး စသည့် အခြေအနေများပေါ် မူတည်၍ ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီကပြောသည်။

အတိုးနှုန်းများ မြှင့်တင်ပေးပြီးနောက် ဒေါ်လာ တန်ဖိုးမြင့်တက်လာမည်ဟု ခန့်မှန်းခဲ့သော်လည်း ဗဟိုဘဏ်ကြေညာချက်ထွက်ပေါ်ပြီး မကြာမီ အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုးကျဆင်းခဲ့သည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**



ally AUTO SERVICES CO.,LTD.
ဂျပန်နိုင်ငံမှ လူကြီးမင်းတို့ ကြိုက်နှစ်သက်ရာ မော်တော်ကားများကို တိုက်ရိုက် လေလံဆွဲပေးခြင်းဖြင့် လူကြီးမင်းတို့ စိတ်ချမ်းသာစေရန် Ally Auto Services မှ ဝန်ဆောင်ခဈေးနှုန်းသက်သက်သာသာဖြင့် လူကြီးမင်းတို့ လက်ဝယ်အမြန်ဆုံး ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။
၁။ မော်တော်ကားတင်သွင်းခွင့် ပါမစ်လျှောက်ထားပေးခြင်း၊
၂။ ရန်ကုန်ဆိပ်ကမ်းမှ ကားထုတ်ပေးခြင်း၊
၃။ ကညနတွင် ကနဦး မှတ်ပုံတင်ပေးခြင်းစသည်တို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနေပါသည်။
No.(47/49), Aung Mingalar Street, 5th Ward, Kamayut Township, Yangon.
Tel : 09-420023493, 09-5002615, E-mail: allyautoservices@gmail.com



PP
POE POE
SERVICES COMPANY LIMITED
POE POE
CAR SALES CENTRE
No.30-A Golden Valley St, Golden Valley 2nd Ward,
Bahan Township, Yangon, Myanmar.
No.51-B Shwe Taung Gone St,
Bahan Township, Yangon, Myanmar.
PH: +95 01 532218, 01 504458
HP: +95 09 5570555, 09 78557055,
09 795570555, 09 5590555
Email : poepoeseven@gmail.com



NP NEW POWER
GENERAL TRADING CO.,LTD
STAINLESS STEEL
SALES CENTRE & DECORATIONS
Stainless Steel နှင့် ပတ်သက်၍ရရှိနိုင်သော ပစ္စည်းများ
Stainless Steel Grade 201, 202, 301, 304, 304L 316, 316L
New Power
Head Office : No. 81/85, Room (4) , 1st Fl, Anawrahta Road, Pazundaung T/S , Yangon Myanmar
Tel : 01-298218, 01-299574, 09-5127473, 09-5144365, 09-6527473, 09-420039599,Fax : 01298218
E-mail :thumyint.newpower@gmail.com, Website : http://www.newpowerstainlesssteel.com
အရောင်းပြခန်း
ဖုန်း - 01-690880 , 01 -690607, 01-690833



လက်ဖက်နှင့်အကြော်စုံ
အမှတ်-၂၅၁၊ မြေအောက်ထပ်၊ (ယ/ D ရုံ)၊
သိမ်ကြီးဈေး၊ ရန်ကုန်မြို့



GTA
GTA TRANSPORTATION GROUP
လူကြီးမင်းတို့၏
ကုန်စည်သယ်ယူပို့ဆောင်ခြင်း
ရုံးခန်း၊ အိမ်ခန်း ပြောင်းရွှေ့ခြင်း
လုပ်ငန်းအသုံးပြုရန် လချုပ်၊ နှစ်ချုပ် ငှားရမ်းခြင်းတို့ကို
ငှားရမ်းသူစိတ်တိုင်းကျ ချိုသာသော ဈေးနှုန်းများဖြင့် ဝန်ဆောင်မှုပေးနေပါသည်။
HEAD OFFICE :
No. 44-B, Ma Soe Yeik Kyaung Street, Ward 5, 9th Mile, Mayangone Township, Yangon, Myanmar
BRANCH OFFICE :
No. 69/70, Nyaung Tone Road, Phwint Phyo Aung Housing, Ward 6, Hlaing Tharyar Township, Yangon, Myanmar
Tel : +951 656910 HP : +959 970000165, +959 780000165
Email : gtaoffice.myanmar@gmail.com

# Universal Cold Store (Yangon) Industrial Company Limited.

UIC

## EXPORTER & IMPORTER










Head Office : No.(224-226), 6th Floor, Room (601), Bo Aung Kyaw Tower, Bo Aung Kyaw Street, Botahtaung Township, Yangon. Myanmar.
Tel : 01 256599, 01 398213, Fax : 01 391293
Hot Line : 09 5124039, 09 420034981, 09 977766676
E-mail : universalcoldstoreygn@gmail.com.Skype: universalzia

Factory : No. 38, 3rd Street, Ngwe Pin Lae Marine Product Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.
Tel : 01 613622, 09 420221038, 09 5124039


# SUPER APOLLO

ပစ္စည်းမှန် ဈေးချို SUPER APOLLO လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး

ပစ္စည်းမှန်ဈေးနှုန်း သက်သာသည်။
လက်လီလက်ကားရောင်းချပေးသည်။
နယ်မှမှာယူလိုသူများဆက်သွယ်နိုင်ပါသည်။





အမှတ် (၄၅)၊ ဗိုလ်ရွဲလမ်း(အထက်)၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ - 376471, 09-73250341, 09-5127280, 09-8615915
အမှတ်(၂၃၉)၊ (၈၃)လမ်း၊ (၂၈× ၂၉)လမ်းကြား၊ မန္တလေးမြို့။ ☎ - 02-36255, 61539, -09 9100 8468

# COMMERCE INTERNATIONAL

## ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ရောဘတ်တိုအဇယ်ဗယ်ဒိုအား ထပ်မံရွေးချယ်

ဖေဖော်ဝါရီလ ၂၈ ရက်က ကျင်းပခဲ့သည့် အထွေထွေကောင်စီ အစည်းအဝေးတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၏ တူညီဆန္ဒဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ လက်ရှိညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ရောဘတ်တိုအဇယ်ဗယ်ဒိုအား ဒုတိယလေးနှစ်သက်တမ်း (၂၀၁၇-၂၀၂၀) အတွက် ထပ်မံရွေးချယ်ခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization -WTO) ၏ သတင်းထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။




ညွှန်ကြားရေးမှူးချုပ်အဖြစ် ထပ်မံရွေးချယ်ခံရသည့် ရော်ဘတ်တိုအဇယ်ဗယ်ဒိုအနေဖြင့် စက်တင်ဘာလ ၁ ရက်မှ စတင် ကာ ၎င်း၏ ဒုတိယသက်တမ်းကို ထမ်းဆောင်ရမည်ဖြစ်သည်။

WTO ၏ ညွှန်ကြားရေးမှူးချုပ် အဇယ်ဗယ်ဒိုက WTO အနေဖြင့်လမ်းကြောင်း မှန်ပေါ်တွင် လျှောက်လှမ်းနေပါကြောင်း၊ WTO သည် လွန်ခဲ့သည့် နှစ်အနည်းငယ် ကတည်းကပင် အောင်မြင်မှုများကို ရရှိနေပြီဖြစ်ပါကြောင်း၊ WTO သည် ၂၀၁၃ ခုနှစ် ကထက် ပိုမိုအင်အားကြီးထွားလာပါကြောင်း၊ WTO အနေဖြင့် ကုန်သွယ်မှု စီးပွားရေးကဏ္ဍတွင် အကျိုးအမြတ်များ ပိုမိုရရှိအောင်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အားလုံးပါဝင်သည့် ကုန်သွယ်မှုစနစ်ကို တည်ထောင်၍ လုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် WTO အဖွဲ့ဝင်များအနေဖြင့် တက်ကြွစွာ ပါဝင်လုပ်ဆောင်ရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထောက်ပံ့ကူညီရန်၊ အလုပ်အကိုင် အခွင့်အလမ်းများအား ဖန်တီးပေးရန် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် ငြိမ်းချမ်းရေးကို အထောက်အကူပြုကြရန်ကိုလည်း အဇယ်ဗယ်ဒိုက တိုက်တွန်းပြောကြားခဲ့သည်။ **WTO (NPT)**

## RCEP ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်အရ ကုန်စည် ၉၀ ရာခိုင်နှုန်း၏ အကောက်ခွန်ကို လျှော့ချရန် အာဆီယံအဖွဲ့ဝင်နိုင်ငံတို့ အတည်ပြု




လာမည့် ၁၅ နှစ်အတွင်း ထုတ်ကုန် ၉၀ ရာခိုင်နှုန်းအတွက် သွင်းကုန်ခွန်များကို လျှော့ချပေးရန် ပေးထားသော ကတိကဝတ်ကို စောင့်ထိန်းရန် အာဆီယံအဖွဲ့ဝင် နိုင်ငံတို့က ထပ်မံအတည်ပြုထားပြီးဖြစ်ရာ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic Partnership-RCEP) အရထားရှိသော ကုန်ပစ္စည်းအမယ် ၅၀၀၀ မှ ၆၀၀၀ အထိ ပါဝင်ကြောင်း တပ်ကာမင်းတိုင်းမ်သတင်းတွင် ဖော်ပြသည်။

စေ့စပ်ညှိနှိုင်းမှုများကိုလည်း ယခုနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံတို့က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ RCEP သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ရေးအတွက် ယခုလကုန်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဆွေးနွေးဖက် ခြောက်နိုင်ငံတို့နှင့် ထပ်မံဆွေးနွေးရန်စီစဉ်ထားကြောင်း မနီလာတွင် ကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ၏ အစည်းအဝေးကို တက်ရောက်ခဲ့သော ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန်က ပြောသည်။

RCEP ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်စသည့် ဆွေးနွေးဖက်ခြောက်နိုင်ငံတို့ ပိုမိုရင်းနှီးစွာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှာ ကမ္ဘာ့ကုန်သွယ်မှု၏ ၂၉ ရာခိုင်နှုန်းကို ကိုယ်စားပြုဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်။

သဘောတူစာချုပ်ကို အပြီးသတ် ချုပ်ဆိုနိုင်ရေးအတွက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံတို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်အောင် နောက်ဆုံးသတ်မှတ်ရက်တွင် အပြီးသတ်မဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ ပါဝင်ခြင်းမရှိသော ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်ရေး(တီပီပီ) သဘောတူစာချုပ်မှ နုတ်ထွက်ရန် အမေရိကန်ပြည်ထောင်စုက ယခုနှစ်ဇန်နဝါရီက ဆုံးဖြတ်ခဲ့ပြီး နောက်ပိုင်း RCEP ကို TPP သဘောတူစာချုပ် နေရာတွင် အစားထိုးမည့် စာချုပ်တစ်ခုအဖြစ် ရှုမြင်ထားကြသည်။ **ဉာဏ်တင်**

